မိတ်ဆွေစာပေ

# အနံ့ခိုးရှူ
# အနံ့ခိုးသူ

နှင့်

## ဂျပန်မှုခင်းအဆုံးအဖြတ်ပုံပြင်များ

မောင်မဟာ







# အနံ့ခိုးရှူ အနံ့ခိုးသူ

နှင့်

## ဂျပန်မှုခင်းအဆုံးအဖြတ်ပုံပြင်များ

မောင်မဟာ



ဖြန့်ချိရေး

ပိတ်ဆွေစာပေ

(၆၁)၊ ဘုရင့်နောင်လမ်းမ၊ ရတနာလမ်းထိပ်၊
ပေါက်တောရပ်ကွက်၊ အင်းစိန်

၀၉ ၂၅၀၆၆၁၃၀၃၊ ၀၉ ၇၉၉၇၄၃၃၉၃

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၇ ဩဂုတ်လ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၃၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ချယ်ရီမေ |
| ကွန်ပျူတာ | - | ချယ်ရီမေ |
| အတွင်းဖလင် | - | ADORN၊ |
| ထုတ်ဝေသူ | - | ဦးချစ်ညွန့် (၀၀၃၇၄)<br>ဇင်ရတနာစာပေ<br>၂၀၅၊ က/၄ လမ်း၊ မြို့သစ်<br>(က+ခ)ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်မင်းစိုး(မြဲ-၀၀၄၅၉).<br>စိုးမေတ္တာပုံနှိပ်တိုက်<br>အမှတ်(၁၇)၊ ၅၆ လမ်း<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

မောင်မဟာ ၃၉၈.၂
အနန့်ခိုးရှု အနန့်ခိုးသူနှင့် ဂျပန်မှုခင်းအဆုံးအဖြတ်ပုံပြင်များ/
မောင်မဟာ၊ ရင်ကွန်၊
ဇင်ရတနာစောစာပေ၊ ပထမအကြိမ်၊ ၂၀၁၇။
၁၃၇-စာ၊ ၁၂ × ၁၈ စင်တီ

# အနန္တဉီးရှု အနန္တဉီးသူ

နှင့်

# ဂျပန်မှုခင်းအဆုံးအဖြတ်ပုံပြင်များ

မောင်မဟာ

# မာတိကာ


| | |
|---|---|
| [illegible] ခုနှံ့ခိုးသူ | ၆ |
| [illegible] သို့ကြီး အသက်ပြန်ရှင် | ၁၅ |
| [illegible] | ၂၈ |
| [illegible] ဘစ်ပေါက် ရွှေဒင်္ဂါးပြားတစ်ပြား | ၄၂ |
| [illegible] ခသတည် | ၆၀ |
| [illegible] | ၇၅ |
| [illegible] ခေါင် | ၈၇ |
| [illegible] ဘင်အိုးမှအာစပြူ၍ | ၁၀၀ |
| [illegible] အိုး အသက်တစ်ချောင်း | ၁၁၃ |
| [illegible] | ၁၂၉ |

# စကားချီ

ဤပုံပြင်စာအုပ်၏ မူလအမည်ရင်းမှာ "THE CASE OF THE MARBLE MONSTER AND OTHER STORIES" ဖြစ်သည်။ ရေးထုံးသူမှာ "အယ်(လ်)ဂျိဒီမောင့်စ်"ဖြစ်သည်။

"အယ်(လ်)ဂျိဒီမောင့်စ်"သည် တစ်ခုသော ဆောင်းရာသီတွင် ဂျပန်ပြည်၌ ရှိနေခဲ့၏။ ယင်းသည် ဂျပန်မိသားစုတစ်စုနှင့် ကျွမ်းဝင်စွာ ရှိခဲ့၏။ ကြာရှည်ကြာမြင့်သော ဆောင်းရာသီ၏အချိန်များတို့ ပျော်ရွှင်စွာ လွန်မြောက်ကုန်ဆုံးစေနိုင်ရေးအလို့ငှာ ယင်းနှင့် ကျွမ်းဝင်ခဲ့သော ဂျပန်မိသားစုနှင့် မည်ကဲ့သို့ စကားလက်ဆုံကျစွာ ပြောဆိုနိုင်ပါမည်နည်းဟူ၍ စကားအစအန ကြံဆရသည်။

တကယ့်တကယ်တွင် "အယ်လ်ဂျိဒီမောင့်စ်"သည် သူနှင့် ကျန်ဂျပန်မိသားစုဝင်များ စကားလက်ဆုံကျစွာ ပြောဆိုနိုင်သည့် အနေအထား မရရှိခဲ့သည့်အဖြစ်ကို တွေ့ရှိလာရသည်။ စကားဝိုင်း

ပြောဆိုလာသူမှာ ဂျပန်မိသားစုဝင်များထဲမှ အဘိုးတစ်ဦးဖြစ်လေသည်။ "အယ်လ်ကျိုစီဖောင့်စ်" အံ့ဩရသည်။ သူနှင့် ကျန်ဂျပန်မိသားစုဝင်များသည် နားထောင်သမားသက်သက်မျှ ဖြစ်လာကြရသည်။

အဘိုးသည် အသက်အားဖြင့် ကိုးဆယ်နှစ်နီးပါးမျှ ဖြစ်သည်ဟု၍ "အယ်လ်ကျိုအီဖောင့်စ်" သိရှိလာရ၏။ ပိန်ပိန်သေးသေးဖြစ်သည်။ ဒဏ္ဍာရီပုံပြင်ထဲက လူပုကလေးတစ်ယောက်နှယ်ဖြစ်သည်။

အဘိုးသည် စကားကို အမျှင်မပြတ် ပြောနိုင်သည်။ ပုံပြင်များကို ပြောဆိုရန် ဝါသနာထုံ၏။ ပုံပြင်အမျိုးအစားများစွာပြောသည်။ သို့ရာတွင် "အယ်လ်ကျိုအီဖောင့်စ်"အနေဖြင့် အထူးတလည် နှစ်သက်စွဲလမ်းခဲ့သော ပုံပြင်များမှာ "အူးကာ ***OOKA***"နှင့် စပ်လျဉ်း၍ ဖြစ်သည်။

"အူးကာ"သည် ခေတ်ဟောင်းဂျပန်နိုင်ငံမှ ဉာဏ်အမြော်အမြင်ရှိသော တရားသူကြီးတစ်ဦးဖြစ်သည်။ သူသည် မှုခင်းများစီရင်ဆုံးဖြတ်ရာတွင် အလွန်ထူးခြားဆန်းပြားဖွယ်ရာအချို့ကို ထည့်သွင်းပြုမူလေ့ ရှိပေသည်။

အူးကာသည် ကျောက်ရုပ်တုကြီးကို ပိတ်စအချို့ ခိုးဝှက်သည်ဟူ၍လည်း စွပ်စွဲခဲ့၏။ စာသင်သားတစ်ယောက်ကို အနံ့ခိုးမှု

သည်ဟူ၍လည်း ကြေညာခဲ့၏။ သူခိုးတစ်ယောက်ဖြစ်သော်ငြား ရှိသေမှုလည်း ရှိနေပါသေးသည်ဟူ၍လည်း အူးကာကဆိုသည်။

မြင်းဆယ့်သုံးကောင်ကို အုပ်စုနှစ်ခုဖွဲ့ကာ အညီအမျှခွဲဝေ သတ်မှတ်ခဲ့၏။ ဆယ့်သုံးကောင်မြောက်မြင်းကို မည်သို့မျှအထိ အခိုက် မဖြစ်စေခဲ့ပေ။ သို့နှယ် တရားသူကြီးအူးကာသည် အလွန် ထူးခြားမှု ဆန်းပြားမှုဖြစ်စေသည့် အပြုအမူများကို ပြုမူခဲ့ရခြင်းမှာ မှုခင်းရေးရာတွင် အမှန်တရားကို စူးစမ်းရှာဖွေရန် အလို့ငှာဖြစ်သည်။

ဉာဏ်အမြော်အမြင် အတွေးအခေါ် ကြီးမားထင်ရှားသော ပညာရှင် တရားသူကြီးအူးကာအနေဖြင့် မည်သည့်အမျိုးအစား မှုခင်းမျှ အံ့ဖွယ်သူရဲထူးခြားဆန်းပြားသည်ဟူ၍လည်း မရှိခဲ့ပေ၊ အသေးအဖွဲမျှ ဟူ၍လည်း မထင်မိခဲ့ပါပေ။

ဤသို့ဤနှယ် ဂျပန်ပညာရှိ တရားသူကြီးအူးကာ၏ ပုံရိပ်ကို တဖတ်သူသည် အကြမ်းဖျင်းမျှ ထင်ယောင်မြင်ယောင် ဖြစ်ရပြီးဆိုလျှင် ဂျပန်အဘိုးအို ပြောပြလာသော ဂျပန်တရားသူကြီးအူးကာ စီရင် ဆုံးဖြတ်ခဲ့သော ဂျပန်အမှုအခင်းပုံပြင်များကို ဆက်လက်၍ ဖတ်ရှု ခံစားရန်ဖြစ်သည်။

**မောင်မဟာ**

# အနှိုင်းမဲ့ အနှိုင်းသူ

ယနေ့ ဂျပန်နိုင်ငံ၏ တိုကျိုမြို့အား တစ်ခေတ်တစ်ချိန်က "ရေဒိုမြို့" ဟူ၍ ခေါ်ဆိုခဲ့ကြသည်။ ရေဒိုမြို့တွင် ဂျပန်တရားသူကြီး အူးကာတာဒါဆူကီ OOKA TADASUKE ရှိခဲ့၏။ ပုံပြင်သမားများ၊ ပုံပြင်ချစ်သူများသည် တရားသူကြီးအူးကာ၏ အံ့ချီးဖွယ်ရာကောင်းသော ပုံပြင်များကို ပြောဆိုခဲ့ကြ၏။ ပုံပြင်များမှာလည်း တရားသူကြီးအူးကာ၏ ဟာသဉာဏ်ရွှင်မှုနှင့် ရှုမြင်တွေးခေါ်မှု စပ်လျဉ်းရာများပဲ ဖြစ်ကြသည်။

ကျော်ကြားသော တရားသူကြီးအူးကာသည် မည်သည့်တိုင်ကြားလာမှုကိုမဆို ကြားနာရန် မည်သည့်အခါမျှ ငြင်းဆန်မှု မပြုခဲ့ပါပေ။ ထူးခြားဆန်းပြားသည်ပဲဖြစ်စေ သို့မဟုတ် ယုတ္တိမတန် အဲကျိုးသင့်အကြောင်းသင့် မအပ်စပ်သည်ပဲ ဖြစ်ပါစေပေါ့။

တစ်ခါတစ်ရံတွင် လူအများသည် တစ်မူထူးခြားလွန်းသော အမှုများကို တရားသူကြီးအူးကာ ရုံးထိုင်သော တရားရုံးတော်သို့ တိုင်ကြားလာသည်။ အူးကာအနေဖြင့်မူ မငြင်းပယ်၊ အမြဲတစေ ကြားနာရန် သဘောတူမြဲပင်။

ထူးခြားဆန်းပြားသော အမှုအခင်း အမျိုးအစားများအနက် ကျော်ကြားသော အမှုအခင်းတစ်ခုမှာ "အနံ့အသက်ကို ခိုးဝှက် ရှူရှိုက်မိသော အမှုအခင်း"ပင်ဖြစ်သည်။

ဆင်းရဲနွမ်းပါးသော စာသင်သားတစ်ဦးသည် ဆိုင်တစ်ဆိုင်၏ အပေါ်ထပ် အခန်းတစ်ခန်းကို ငှားရမ်းကာ နေထိုင်ခဲ့၏။ ဆိုင်မှာ စားဖွယ်ရာများကို ကြော်လှော်ရောင်းချသော ဆိုင်အမျိုးအစား ဖြစ်သည်။ ညှော်နံ့များ ထွက်သည်။

စာသင်သားသည် ငယ်ရွယ်သူတစ်ဦး ဖြစ်သည်။ ကြည့်ပျော် ရှုပျော် အဆင်းရှိသူလည်းဖြစ်သည်။

ဆိုင်ရှင်သည် ကော်တရာကပ်စေးနှဲသူဖြစ်သည်။ လူတိုင်း လူတိုင်းသည် သူ့အပေါ် ကြောသွားမည်၊ အကျိုးအမြတ် ထုတ်ယူ သွားရန် ကြိုးမည့်အဖြစ်ကို သင်္ကာမကင်း ဖြစ်နေမြဲဖြစ်သည်။

တစ်နေ့သောအခါမှာဖြစ်သည်။ စာသင်သားနှင့်သူငယ်ချင်း တစ်ယောက် အချီအချ ပြောဆိုနေကြသည်ကို ဆိုင်ရှင်သည်

ကြားသိလိုက်သည်။

"ထမင်းဖြူသက်သက်ကိုပဲ စားနိုင်ပြီး ဆင်းရဲနေတဲ့အဖြစ်တာ ကြေကွဲစရာပါပဲ"ဟု သူငယ်ချင်းက မကျေမနပ်ပြောသည်။

"အိုး ..."

စာသင်သားက ပြောသည်။

"အဲ့ဒီအဖြစ်ကို ဖြေရှင်းနိုင်ဖို့ဆိုတာ အလွန်ကျေနပ်စရာကောင်းတဲ့ အဖြေတစ်ခုကို ငါတွေ့ရှိပြီးပြီကွ၊ အောက်ထပ်ကဆိုင်ရှင် ငါးကြော် ကြော်နေတဲ့အချိန်မှာ ငါက ထမင်းစားတယ်လေ၊ ငါးကြော်အနံ့က အပေါ်ကို လွင့်လာတယ်လေကွာ၊ ငါက ထမင်းချည်းသက်သက်စားနေရတော့ အဲ့ဒီ ငါးကြော်အနံ့အသက်က အနံ့ရောအရသာရော ထည့်ပေးလိုက်တာပေါ့၊ မင်းသိရှိတဲ့အတိုင်း အနံ့အသက်က ထမင်းကို စားလို့မြိန်သွားစေတာပဲ။

ဆိုင်ရှင်သည် စာသင်သားနှင့် သူ၏သူငယ်ချင်း အပြန်အလှန်ပြောဆိုနေကြသည်ကို ကြားသိလိုက်ရသည်။ ဒေါသထွက်ရှိသွား၏။

ငါးကြော်အနံ့ကြောင့် တစ်ဦးတစ်ယောက်တည်း ပျော်ရွှင်ကျေနပ်စရာ ဖြစ်နေပါပကောလားဟူ၍ ထင်မှတ်စရာဖြစ်နေ၏။

"သူခိုး ..."

ဆိုင်ရှင်သည် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"မင်း ခိုးဝှက်ရှုရှိုက်တဲ့ အနံ့အသက်အတွက် မင်း ငွေကို ပိုက်ဆံပေးရမယ်၊ ငါတောင်းတယ်"

"အနံ့အသက်ဟာ အနံ့အသက်ပဲပေါ့"

စာသင်သားလူငယ်က တုံ့ပြန်ပြောသည်။

"ဘယ်သူမဆိုဗျာ၊ အနံ့ကို ရှုချင်တဲ့ဆန္ဒရှိရင် ရှုနိုင်တာပဲ၊ ကျွန်တော် ဘာပိုက်ဆံမှ ပေးမှာမဟုတ်ဘူး"

ဆိုင်ရှင် ဒေါသထိန်းမနိုင် သိမ်းမရ ဖြစ်သွား၏။ ဒေါသကြောင့် သူ၏မျက်နှာသွေ့ငါးပြင်သည် နီရဲလာ၏။ ထို့နောက် ဆိုင်ရှင်သည် ဆိုင်ထဲမှ အပြေးအလွှား ထွက်သည်။ တရားသူကြီးအူးကာ၏ တရားရုံးတော်သို့ဖြစ်သည်။ တရားရုံးတော်တွင် စာသင်သားကို သူခိုးအဖြစ် တိုင်ကြား၏။

တရားရုံးတော်အတွင်း ရှိသူများက ရယ်သွမ်းသွေးကြသည်။ အနံ့အသက်ဆိုသည်ကို မည်သူတစ်ဦးတစ်ယောက်ကများ မည်သို့မည်နှယ် ခိုးဝှက်ယူဆောင်နိုင်ပါမည်နည်း။ အူးကာသည် ဆိုင်ရှင်ကို သူ၏ဆိုင်သို့ သေချာပေါက် ပြန်လည်စေလွှတ်လိုက်မည်ဟူ၍ ထင်မြင်စရာပါပဲ။ သို့သော်ငြား အူးကာက တိုင်ကြားသည့်အမှုကို လက်ခံကြားနာမည်ဟူ၍ သဘော ူသိလိုက်သည်ကို ကြားသိလိုက်ရသော အခါတွင် လူတိုင်းပင် အံ့ညဲကုန်ကြသည်။

မြိုဇ်စာကြည့်စာပေ

"လူတိုင်းလူတိုင်းမှာ တရားရုံးတော်မှာ တရားရင်ဆိုင်ဖို့ အခွင့်အရေးဆိုတာ ရှိတယ်"

"အူးကာ"က ရှင်းလင်းပြောဆို၏။

"ဆိုင်ရှင်မှာ သူ့ဆိုင်က ထွက်ရှိလာတဲ့ အနံ့တွေနဲ့ပတ်သက်ပြီး တိုင်ကြားဖို့ဆိုတာ သူ့မှာ ပြင်းပြင်းပြပြ ခံစားနေရမယ်ဆိုရင် အကျွန်ုပ်မြို့တော်ရဲ့ တရားသူကြီးတစ်ယောက်ဆီကို လာရောက် တိုင်တန်းဖို့ သူ့မှာ အခွင့်အရေးဆိုတာ ရှိပါတယ်၊ အကျွန်ုပ်ကလည်း အမှုကို လက်ခံနာကြားမှာပဲဖြစ်တယ်"

အူးကာသည် အစောပိုင်းက ဆိုင်ရှင်တရားရုံးတော်သို့ ရောက်ရှိပြီး အနံ့အသက်ခိုးယူခံရမှုကို တိုင်ကြားစဉ် ကြားသိလိုက်ရ၍ ရယ်မောကြသောသူများကို မကျေမနပ်ဖြစ်သည့်အတွက် ပြောဆိုမှု ပြုလိုက်ခြင်းလည်းဖြစ်သည်။

အူးကာသည် သတ်မှတ်နေရာတွင် နေရာယူလိုက်သည်။ ထို့နောက် ထွက်ဆိုချက်များကို ကြားနာ၏။ ပြီး ... အူးကာသည် စီရင်မှုပြု၏။

"တသင်သားဟာ လုံးလုံးလျားလျား အပြစ်ရှိတယ်"

အူးကာသည် ပြင်းထန်စွာ ပြောလိုက်၏။

"ကစ်ပါးသူပိုင်ဆိုင်တာကို ယူဆောင်လိုက်ရင် အဲဒီ ယူဆောင်

တဲ့သူဟာ သူခိုးပဲဖြစ်၊ အကျွန်ုပ်အဖနေနဲ့ ငါးကြော်အနံ့ဟာလည်း အခြားအမျိုးအစားညစ္စတာပစ္စည်းတွေနဲ့ တစ်သီးတစ်သန့် ကွဲပြားခြားနား နေတယ်လို့ မယူဆရဘူး”

တိုင်ကြားလာသူ အစားအသောက်ဆိုင်ပိုင်ရှင်သည် အူးကာ၏ စီရင်မှုကို ကျေကျေနပ်နပ်ကြီး ဖြစ်သွား၏။ သို့သော် စွတ်စွဲခံရသူ စာသင်သားအနေဖြင့်မူ ကြောက်ရွံ့တုန်လှုပ်သွား၏။ စာသင်သားသည် အလွန်ဆင်းရဲရှာ၏။ သူသည် ဆိုင်ပိုင်ရှင်၏ဆိုင်မှ လွင့်လာသော အနံ့ကို ခိုးဝှက်ရှူရှိုက်ခဲ့သည်မှာ လပေါင်းသုံးလတိုင်တိုင် ရှိခဲ့ပြီ ဖြစ်သည်။ ဆိုင်ရှင်သို့ ပေးလျော်ရန် အကြွေးတင်ရှိနေမည်လည်း ဖြစ်သည်။ သူသည် အကျဉ်းကျခံရမည်မှာ အသေအချာပဲ ဖြစ်နေမည်ဖြစ်သည်။

“မောင်မင်းမှာ ပိုက်ဆံဘယ်လောက်ရှိသလဲ”

အူးကာက မေး၏။

“ငါးကျပ်မျှပဲ ရှိပါတယ် တရားသူကြီး”

စာသင်သားက လျှောက်လဲ၏။

“အဲဒီပိုက်ဆံဟာလည်း အခန်းငှားရမ်းခ ပေးဖို့ပဲဖြစ်ပါတယ်။ အခန်းငှားရမ်းခ မပေးနိုင်ဘူးဆိုရင်တော့ ကျွန်တော်ဟာ လမ်းပေါ်ကို ကန်ထုတ်ခံလိုက်ရမှာပဲ”

"အဲ ... မောင်မင်းမှာ ပါလာတယ်ဆိုတဲ့ ပိုက်ဆံထုတ်ပြပါ"

အူးကာက ပြောသည်။

စာသင်သားသည် ၎င်းထံတွင် ပါရှိလာသော ပိုက်ဆံကို နှိုက်ထုတ်ပြလိုက်၏။

အူးကာ ခေါင်းတဆတ်ဆတ် ညိတ်၏။

"ကဲ ... မင်းလက်တစ်ဖက်မှာ ဆုပ်ကိုင်ထားတဲ့ ငွေအကြွေစေ့တွေကို ကျန်လက်တစ်ဖက်ထဲကို ရွှေ့ပြောင်းထည့်လိုက်စမ်း"

စာသင်သားသည် အူးကာ၏စကားကို အလေးထား နားထောင်စွာ သူ၏လက်တစ်ဖက်တွင် ရှိနေသော ငွေအကြွေစေ့များကို သူ၏ အခြားလက်တစ်ဖက်ထဲသို့ ရွှေ့ပြောင်းထည့်လိုက်၏။ ထိုအခါတွင် လက်တစ်ဖက်မှ လက်တစ်ဖက်သို့ အပြောင်း၊ ငွေအကြွေစေ့များ တစ်စေ့နှင့်တစ်စေ့ ထိကပ်ပွတ်တိုက်သည့် အသံတသံသည် သဲကွဲစွာ တချွင်ချွင် မြည်လိုသည်။

စာသင်သားသည် လက်တစ်ဖက်မှသည် လက်တစ်ဖက်သို့ ငွေအကြွေစေ့များကို ပြောင်းရွှေ့ထည့်ပြီးရင်း ထည့်နေ၏။ ငွေအကြွေစေ့များ တစ်စေ့နှင့်တစ်စေ့ ပွတ်တိုက်သည့်အသံဘလံသည်လည်း တချွင်ချွင် တချွင်ချွင် မပြတ်မလပ် မြည်ပြီးရင်း မြည်နေ၏။ အူးကာသည် နှစ်လိုဖွယ် သာယာသော ငွေအကြွေစေ့များ တချွင်ချွင်

မိတ်ဆွေစာပေ

ပွတ်တိုက်မြည်သံကို နားထောင်နေ၏။

"မောင်မင်း ... အခု ငါးကျော်အနန္တအဟွက် ပေးလျော်စရာ ရှိတာ ပေးလျော်ပြီးပြီ၊ လျော်ကြေးရပြီးပြီ၊ မကျေနပ်တာရှိလာရင် တရားရုံးတော်ကို တိုင်ကြားပါ၊ ကျွန်ုပ်တို့ရဲ့ အာသီသကတော့ တရားမျှတမှု မရှိတာကို အပြစ်ပေး အရေးယူ ဆောင်ရွက်ရမှာပဲ အကျင့်ကောင်း အလေ့အထကောင်းတွေအတွက်ကတော့ ခံစားမှု ရှိပါတယ်"

"ဘယ့်နှယ့် ... ဘယ့်နှယ့် ... တရားသူကြီးမင်းခင်ဗျာ" ဆိုင်ရှင်သည် ကာကွယ်ပြောဆို၏။

"ကျွန်တော် ဘာငွေမှ မရရှိပါလား၊ အဲ့ဒီ အနံ့သူခိုးအကောင် က သူ့ငွေအကြွေစေ့တွေကို သူ့လက်တစ်ဖက်ကနေ နောက်လက် တစ်ဖက်ကို ပြောင်းရွှေ့ထည့်လိုက်ပြန်ပြီးတော့ ပြန်ပြောင်းရွှေ့ ထည့်လိုက်နဲ့ပဲ အသံတချွင်ချွင်နဲ့ မြည်နေတာပဲရှိတယ်၊ ကြည့်ပါ တရားသူကြီးမင်းခင်ဗျာ ကျွန်တော် ဘာငွေတစ်စေ့လောက်တောင်မှ မရဘူး"

ဆိုင်ရှင်က ပြောပြောဆိုဆို သူ၏လက်နှစ်ဖက်ကို တရားသူကြီး အူးကာ ထင်သာမြင်သာ ရှိစေရန် ဖြန့်ပြလိုက်သည်။ လက်ချည်း သက်သက်၊ အူးကာသည် ဆိုင်ရှင်ကို စူးစိုက်ကြည့်လိုက်၏။

“တရားရုံးတော်ဆိုတာ ပြစ်မှုနဲ့ပြစ်ဒဏ် လိုက်လျောညီထွေစွာ စီရင်ဆုံးဖြတ်မြဲ ဖြစ်ပါတယ်။ ကျွန်ုပ်ရဲ့ဆုံးဖြတ်ချက်က မောင်မင်း ဆိုင်က စားစရာ ကြော်လှော်တဲ့အနံ့ကို စသင်သားဟာ ခိုးရှူလိုက်မိ တယ်ဆိုရင် အဲဒီအတွက်ကြောင့် မောင်မင်းဟာလည်း အနံ့ခိုးရှူ ပါတယ်လို့ ဆိုထားတဲ့ စသင်သားရဲ့ ကိုယ်ပိုင်ငွေ အကြွေစေ့တွေ တချွင်ချွင်နဲ့ မြည်လာတဲ့ အသံဘလံကိုပဲ လျော်ကြေးငွေအသွင်နဲ့ ကြားသိရရှိခဲ့ပြီးပြီးပဲလေ၊ ကျွန်ုပ်ရဲ့ တရားရုံးတော်မှာ တရားစီရင် မှုဟာ ပုံမှန်အတိုင်းပါပဲ”

တရားသူကြီးအူးကာ စီရင်ချက် ချမှတ်လိုက်သည်။

# ကျောက်ခြသေ့်ကြီး အသက်ပြန်ရှင်

တရားသူကြီး အူးကာတွင် မြေးတစ်ယောက် ရှိခဲ့၏။ အမည်မှာ "ကာဇူအို"ဟူ၍ဖြစ်သည်။ အချိန်တစ်ချိန် အဘိုးအူးကာသည် မြေးကာဇူအိုကြောင့် စိတ်ကသိကအောင့် ဖြစ်စေအောင်၊ အနေခက်စေအောင် ဖြစ်ပွားခဲ့ရဖူးပါသည်။

အခြားအခြားသော မြေးများသို့နှယ် ဖြစ်ပါသည်။ မြေကာဇူအိုက ယင်း၏အဘိုးအူးကာသည်သာလျှင် ကမ္ဘာတစ်ဝှမ်းလုံးတွင် အံ့သြဖွယ်ရာ အကောင်းဆုံးသော ဘိုးဘိုးတစ်ယောက်ဖြစ်ပါကြောင်း ဖြင့် တွေးမိသည်။

"ငါ့ရဲ့ ဘိုးဘိုးက တရားသူကြီးအူးကာလေ၊ သူမလုပ်နိုင်တာ သူမတတ်စွမ်းနိုင်တာဆို ဘာဆိုဘာမှ မရှိခဲ့ဖူးဘူး"ဟူ၍ မြေးကာဇူအိုက ယင်း၏သူငယ်ချင်းများသို့ ပြောသည်။

ကာဇူအိုတွင် ကစားဖော် ကစားဖက်များ ရှိကြသည်။ ကစားဖော်ကစားဖက်များတွင် "မိနိုရူ" နှင့် "ရိုကျိုအို" အမည်အသီးသီးရှိ ကစားဖော်ကစားဖက် နှစ်ဦးသည်လည်း အပါအဝင်ဖြစ်ကြသည်။

တစ်နေ့သောအခါတွင်ဖြစ်သည်။

"ကာဇူအို"၊ "မိနိုရူ" နှင့် "ရိုကျိုအို"တို့သုံးဦးသည် အတူကစားနေကြသည်။ နေရာမှာ ခြင်္သေ့ရုပ်တုနှစ်ကောင် တည်ရှိရာနေရာအရှေ့တွင်ဖြစ်သည်။ ခြင်္သေ့ရုပ်တုနှစ်ကောင်မှာ အရွယ်အစားအားဖြင့်ကြီးမားကြသည်။ စကျင်ကျောက်များဖြင့် ပုံဖော်ပြုလုပ်ထားကြသည်။ ကျောက်သားခြင်္သေ့ကြီးနှစ်ကောင်၏ တည်ရှိရာနေရာမှာ တရားသူကြီးအူးကာ၏ အိမ်ယာဝင်တံခါး၏ မျက်နှာစာတွင်ဖြစ်သည်။

ကာဇူအိုက သူ၏အဘိုးအူးကာ၏ အိမ်ယာဝင်းတံခါးမျက်နှာစာတွင် ရှိနေကြသော ကျောက်ခြင်္သေ့ကြီးရုပ်နှစ်ရုပ်မှာ "ရေဒိုမြို့"တွင် အရွယ်အစား အကြီးမားဆုံးသော ခြင်္သေ့ရုပ်တုများ ဖြစ်ကြပါကြောင်းဖြင့် ဝါကြွားပြောဆို၏။

"ငါ့ဘိုးဘိုးလည်း ခြင်္သေ့အရုပ် အကြီးကြီးတွေကို ထုလုပ်ခဲ့တာပဲ၊ အခု ခြင်္သေ့အရွယ်အစားတွေထက်တောင် ကြီးပါသေးတယ်"

ကစားဖော် "မိနိုရူ"ကပြောသည်။ ၎င်းသည် ပန်းပုပညာရှင်

မိသားစု အသိုင်းအဝန်းမှဖြစ်သည်။

ကျန်ကစားဖော်တစ်ဦးဖြစ်သည့် "ရှိဂျီအို"ကလည်း ...

"ဒါက ဘာများဟုတ်သေးလို့လဲ၊ ငါ့ဘိုးဘိုးကလည်း ဒါ့ထက်ကြီးတဲ့ ခြသေ့်ရုပ်တွေထက် နှစ်ဆမျှလောက်ပိုမိုကြီးတဲ့ ခြသေ့်ရုပ်တွေကို သူဘယ်လောက်ထုလုပ်ချင်သလဲ ထုလုပ်လိုက်တာပဲ"ဟု ပြောလာသည်။

"ကောင်းပြီ တကယ်လို့များ ငါ့ဘိုးဘိုးကလည်းလေ"

"မိနိုရူ"က တုံ့ပြန်ပြောသည်။

"သူဟာ ဆောက်တစ်လက်ထဲကိုပဲ အသုံးပြုမယ်၊ ကမ္ဘာလုံးကြီးတစ်လုံး အရွယ်အစားကြီးကိုတောင် ကောင်းကောင်းကြီး ထွင်းနိုင်ထုလုပ်နိုင်တယ်"

"ကာဇူအို"သည် ကစားဖော်နှစ်ဦးဖြစ်ကြသည့် "မိနိုရူ"နှင့် "ရှိဂျီအို"တို့သို့ မည်သို့ပြန်လည်ပြောဆိုရမည်ကို မသိရှိဘဲ ဖြစ်နေ၏။ သူ၏ဘိုးဘိုးသည် အခြားမည်သူနှင့်မျှမဆို သာလွန်စွာ ထူးကဲမှု ရှိနေသည့်အဖြစ် သူမြေးဖြစ်သူ "ကာဇူအို"က သိရှိနေပါသည်။

သို့ပင်သို့ငြား ကမ္ဘာလုံးကြီးထက်ပင် အရွယ်အစား ပိုမိုကြီးမားသော ခြသေ့်ရုပ်တုတစ်ရုပ်ထုကိုတော့ သူ့ဘိုးဘိုး ပုံဖော်ပေးနိုင်ရန်အတွက်မူ ဖြစ်ပေါ်မလာနိုင်ပါပေ။

ပိဋကတ်ဆွေစာပေ

သို့ရာတွင် "ကာဇူအို"သည် နောက်ဆုံးပြောဖြစ်အောင် ပြောမည်ဟူ၍ ဆုံးဖြတ်ချက်ချလိုက်သည်။ ယင်း၏ဘိုးဘိုးသည် အံ့ဩဖွယ်ရာပင်ဖြစ်ကြောင်း ကစားဖော် ကစားဖက်များ၏ ဘိုးဘိုးများ ပြုလုပ်သော ကျောက်ခြသေ့ရုပ်တုများသည် ရုပ်တုသက်သက်မျှသာ ဖြစ်ပါကြောင်း ယင်း၏ဘိုးဘိုးကမူ ကျောက်ခြသေ့သက်မဲ့ရုပ်တုများအား အသက်သွင်းပေးမှု ပြုနိုင်ကာ သက်ဝင်လှုပ်ရှားစေနိုင်မည်ပင်ဖြစ်ကြောင်းဖြင့် ကြွားလုံးထုတ်ပြောဆို၏။

ကစားဖော်ကစားဖက်များဖြစ်ကြသည့် "ရှိဂျီအို"နှင့် "မီနိုရူ" တို့နှစ်ဦးသည် "ကာဇူအို"၏ စကားအဆုံးတွင် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြသည်။

"ဘယ်သူတစ်ဦးတစ်ယောက်ကမျှ ကျောက်ခြသေ့သက်မဲ့ကို အသက်သွင်းပေးနိုင်မှာ မဟုတ်ဘူး၊ ရုပ်အောင်လုပ်ပေးနိုင်မှာ မဟုတ်ဘူး"

"ရှိဂျီအို"နှင့် "မီနိုရူ"တို့က ပြောဆိုကြသည်။

"ကာဇူအို"သည် ကစားဖော်ကစားဘက်နှစ်ဦးက ရယ်သွမ်းသွေး ပြောဆိုလာသည့် စကားကြောင့် စိတ်ဆိုးလာသည်။

"ငါမင်းတို့ကို သတ်သေပြမယ်"ဟူ၍လည်း "ကာဇူအို"က ကြွေးကြော်လိုက်သည်။ သူ၏ဘိုးဘိုးအူးကာရှိရာသို့ လိုက်ခဲ့ကြဟူ၍

ဗိုက်ဆွေ့စာပေ

လည်း "ကာဂူအို"က ကစားဖော် ကစားဖက်နှစ်ဦးကို စိန်ခေါ်သည်။ "ကာဂူအို"၏ဘိုးဘိုး တရားသူကြီးအူးကာသည် သက်ကြီးရွယ်အို တစ်ဦးဖြစ်၏။ သို့သော်ငြား သတိမေ့လျော့မှုရယ်လို့ မရှိပါပေ။ လေးနှစ်သားအရွယ်မျှသာ ရှိသေးသည့် မြေးငယ်ဖြစ်သူ "ကာဂူအို" နှင့် မခြားမနားပင်ဖြစ်သည်။

"ကာဂူအို"သည် သူ၏ကစားဖော် ကစားဖက်နှစ်ဦးနှင့်အတူ အိမ်သို့ ရောက်ရှိလာကြသည်ကို "အူးကာ" တွေ့ရှိ၏။

"ဘိုးဘိုးရေ ... ကျောက်ခြသေ့်တစ်ကောင်ကနေ သက်ရှိ ခြသေ့် ဖြစ်လာအောင်လုပ်ပြပါ"ဟု မြေးကာဂူအိုက ပူဆာပြောဆို၏။

အူးကာ အလွန်ချောက်ချားသွား၏။ ဘယ့်နှယ့် ... ဘယ့်နှယ့် ... ကျောက်ခြသေ့်ကို ခြသေ့်အရှင်ဖြစ်လာအောင် လုပ်ပြပေးရမည်တဲ့၊ ဘယ်လိုများလဲ။

အူးကာသည် တရားသူကြီးတစ်ဦးဖြစ်သည်၊ ပညာရှင်ဖြစ်သည်၊ ပါးနပ်ချက်ချာသောသူတစ်ဦးလည်း ဖြစ်ပါပေသည်။ သို့သော်ငြား အူးကာသည် မျက်လှည့်လက်လှည့်ဆရာလည်း မဟုတ်၊ မှော်ဆရာလည်း မဟုတ်ပါပေ၊ ဖြစ်လာနိုင်ခြေ အလျဉ်းမရှိသော လှည့်ကွက်တစ်ခုကို ပုံဖော်မှုပြုနိုင်စွမ်းလည်း မရှိသူဖြစ်သည်။

အူးကာသည် သို့နှယ်အနေအထားကိုလည်း ဝန်ခံမှုမပြုလို

ပြန်ပေ၊ အကြောင်းမှာ သူ၏မြေး "ကာဇူအို"သည် ကစားဖော် ကစားဖက် သူငယ်ချင်းများရှေ့တွင် ဝင့်ဝါပြောဆိုခဲ့သည်များကို တုံ့ပြန်ကာ လှောင်ပြောင်ခံရမည့် အခြေအနေ ဖြစ်ပေါ်နိုင်သည် ကိုလည်း မလိုလား။

အူးကာသည် သို့နှယ်အနေအထားကို သတိပြု စဉ်းစားသည်။ ထို့နောက် ကလေးသုံးယောက်သို့ ပြန်လည်ပြောဆိုလိုက်သည်။

"ဖြစ်နိုင်တာပေါ့။ ကျောက်ရုပ်ကို အသက်သွင်းတယ်၊ အသက် ပြန်ရှင်လာစေနိုင်တယ်ဆိုတာ ဖြစ်နိုင်တယ်၊ ကလေးတွေအတွက် ရေးဖွဲ့ထားတဲ့ နတ်သမီးပုံပြင်တွေထဲမှာလေ၊ အဲ့ဒီအကြောင်းမျိုးတွေ ပါဝင်ခဲ့တယ်။ အဲ့ဒီပုံပြင်မျိုး ဖတ်ဘူးခဲ့တဲ့သူတွေ သိကြမယ်၊ အဲ့ဒီတော့ မိနိုရူက မိနိုရူဘိုးဘိုးကို ကမ္ဘာကြီးလောက်ကြီးမားတဲ့ ကျောက် ခြသေ့ကြီး ထုလုပ်ပေးပါလို့ပြော၊ ကမ္ဘာကြီးလောက်ကြီးတဲ့ ကျောက်ခြသေ့ရုပ်ကိုထုပြီးရင် ဘိုးဘိုးဆီကို မိနိုရူက ယူလာခဲ့၊ ဟုတ်လား၊ ဘိုးဘိုးက အဲ့ဒီကျောက်ခြသေ့ကြီးကို အသက်ရှင်အောင် လုပ်ပေးမယ်"

အူးကာက ပြောပြောဆိုဆို ပြုံးလိုက်သည်။ ထို့နောက် တိုးတိတ်စွာဖြင့်ပင် မိမိ၏လိမ္မာပါးနပ်စွာ ဖြေရှင်းနိုင်မှုကို အူးကာသည် သဘောအကျကြီး ကျနေ၏။

မိဘဦးဆွေစာပေ

လာကြသည်။ သို့ဖြင့် အူးကာနှင့် ကလေးသုံးဦးသည် ကျောက်ခြသေ့်နှစ်ကောင်ရှိရာ ဝင်းတံခါးအနီးသို့ ရောက်ရှိလာကြသည်။

ကလေးသုံးဦးသည် တိတ်တိတ်ဆိတ်ဆိတ် ရှိနေကြသည်။ အူးကာထံတွင် ကျောက်ခြသေ့်များကို အသက်ရှင်လာစေရန် စွမ်းအားသတ္တိ အမှန်တကယ် ရှိနေပေပြီဟူ၍လည်း သေချာစွာ စွဲမှတ်ထားကြသည်။

အူးကာသည် ကျောက်ခြသေ့်ရုပ်တုကို မိမိကိုယ်မိမိ ယုံကြည်စိတ်ချသည့် ပုံပန်းမျိုးဖြင့် စစ်ဆေးကြည့်ရှုလိုက်သည်။

“ခက်ခဲတဲ့ လှည့်စားမှု တစ်ခုပါပဲ”

အူးကာက ပြောသည်။

“ဒါပေမဲ့လည်း မဖြစ်နိုင်တာ မဟုတ်ပြန်ပေဘူး”

အူးကာသည် ပြောပြောဆိုဆို ကလေးသုံးယောက်ကို ကြည့်လိုက်၏။

“ကျောက်ခြသေ့်ရုပ်တုကြီးတွေဟာ အမှန်တကယ် ရောမရုပ်တုကြီးတွေပဲ မဟုတ်လား၊ ဘိုးဘိုးထင်ပါတယ်၊ ဒီကျောက်ခြသေ့်ရုပ်တုကြီးတွေဟာ အလွန်ပဲ ရက်စက်ကြမ်းကြုတ်တဲ့ ပုံပန်းတွေပဲ”

ကလေးသုံးယောက်သည် စတင်စိတ်ပူပင်လာကြသည်။

“ဘိုးဘိုးက ကျောက်ခြသေ့်ရုပ်တုတွေကို အသက်သွင်းနေတဲ့

အချိန်မှာ ကျွန်တော်တို့တစ်တွေက သစ်ပင်တစ်ပင်နောက်မှာ ကွယ်ပြီး ကြည့်နေမှာပါ"

"ကာဇူအို"က အကြံပြုသည်။

"ဒီလို ဘယ်ဖြစ်ပါ့မလဲလေ"

အူးကာက ပြတ်ပြတ်သားသား ပြောသည်။

"ဘိုးဘိုးဟာ အိုမင်းမစွမ်းသူ တစ်ယောက်ပဲကွဲ့၊ ဘိုးဘိုး တစ်ယောက်တည်း ကျောက်ခြသေ့ရုပ်တုကြီးတွေကို အသက်သွင်းဖို့ ဆိုတာ လုံလောက်တဲ့အားအင်မှ မရှိတော့တာပဲဟာ၊ ဘိုးဘိုးက မင်းတို့တစ်တွေရဲ့ အကူအညီကို လိုချင်နေတာ၊ ဘိုးဘိုးတစ်ယောက် တည်း အားအင်လောက်နဲ့တော့ မဖြစ်ပေဘူးကွဲ့၊ ဒီတော့ မင်းတို့ သုံးယောက်စလုံး ပါဝင်ကြရမယ်။ အဲ့ဒီတော့ နောက်ဆုံးအနေနဲ့ မင်းတို့သုံးယောက် တစ်ယောက်ကတစ်ယောက်ကို နှုတ်ဆက်လိုက် ကြတော့"

"ဂွတ်ဘိုင် ..."

ရှိဂျိအိုက နှုတ်ဆက်၏။

"ကောင်းပြီ"

အူးကာက ပြောသည်။

"ကျောက်ခြသေ့နှစ်ကောင် အသက်သွင်းလိုက်လို့ သူတို့

နှစ်ကောင် အသက်ပြန်ရှင်လာကြတာနဲ့ တစ်ပြိုင်နက် ဘိုးဘိုးကိုရော မင်းတို့သုံးယောက်ကိုရော ကိုက်သတ်စားလိုက်ကြမှာ အသေအချာပဲ၊ အခု မင်းတို့တစ်တွေ ကိုယ့်အိမ်ကို ကိုယ်အမြန်ပြန်ကြ၊ အိမ်မှာ တွေ့ကြတဲ့သူ ဘယ်သူ့ကိုမဆို နောက်ဆုံးနှုတ်ဆက်လိုက်ကြ၊ နှုတ်ဆက်လိုက်ကြ”

ကလေးသုံးယောက်သည် ကြီးမားသော ကျောက်ခြင်္သေ့ရုပ်တု နှစ်ရုပ်ကို ဖြတ်ခနဲ ကြည့်လိုက်ကြသည်။ သူတို့ကြောက်စိတ်ဝင်နေကြသည်။

“ဘိုးဘိုးဟာ အမှန်တကယ် မောပန်းနေမယ်ဆိုရင် ဒီ ကျောက်ခြင်္သေ့ရုပ်တုတွေကို အသက်မသွင်းနေပါနဲ့ ဘိုးဘိုး အသက် မသွင်းဘဲထားတာပဲ ကောင်းပါတယ်”

“မဟုတ်တရုတ်ပဲ”

အူးကာက ပြောသည်။

“ဘိုးဘိုးက သက်မဲ့ကျောက်ခြင်္သေ့ရုပ်တုကို အသက်သွင်းနိုင် တယ်ဆိုတာကို ကလေးတို့တစ်တွေကို သက်သေပြရမှာပေါ့၊ အဲဒီလို သက်သေမပြနိုင်ဘူးဆိုရင် ဘိုးဘိုးကို ကလေးတို့တစ်တွေက ဘယ် အယုံအကြည်ရှိတော့မှာလဲကွဲ့ ”

“ဘိုးဘိုးကို ကျွန်တော်ယုံပါတယ်”

ကလေးသုံးဦးအနက် "မိနို့ရှ"က မြန်မြန်ဆန်ဆန် ပြောလိုက်၏။

"ကျွန်တော်လည်း ယုံပါတယ်ဘိုးဘိုး"

ကျန်ကလေးတစ်ဦး "ရှိဂျိအို"သည်လည်း အလောတကြီး ပြောလိုက်၏။

"ကျွန်တော်က ဘိုးဘိုးကို အမြဲယုံကြည်ပြီးသားပါ"

မြေး ကာဇူအိုက ပြောသည်။

အူးကာသည် သက်ပြင်းချလိုက်နိုင်တော့သည်။

"ကလေးတို့တစ်တွေက ဘိုးဘိုးကို ကျောက်ခြသေ့်ရုပ်တုကို အသက်ရှင်အောင် လုပ်ပေးပါရယ်လို့ မရမက တောင်းဆို ပြောကြားတဲ့ အချိန်ကစပြီး"ဟု အူးကာက စိတ်မကောင်းဖြစ်သည့်ဟန်ဖြင့် ပြောသည်။

"ကဲ ... အခု တို့တစ်တွေ အိမ်ထဲပြန်ဝင်ကြမယ်၊ အိမ်ထဲမှာ ကာဇူအိုရဲ့ ဘွားဘွားက တို့အားလုံးစားကြဖို့ ကိတ်မုန့်တွေ ထားတားမှာ"

အူးကာသည် ပြောပြောဆိုဆို ထပ်မံ၍ သက်ပြင်းရှည် ချလိုက်ပြန်သည်။ ထို့နောက် သူ့စကားကို သူပြန်ဆက်သည်။

"ကလေးတို့ကို ဘိုးဘိုး ဝန်ခံပါတယ်။ ဘိုးဘိုး တကယ်ပဲ

မိတ်ဆွေစာပေ

စိတ်ပျက်လက်ပျက် ဖြစ်ရပါတယ်၊ ဘိုးဘိုးက ကျောက်ရုပ်ခြင်္သေ့တွေကို အသက်ရှင်လာကြတဲ့ ခြင်္သေ့တွေဖြစ်လာကြအောင် အသက်သွင်း ပြသလိုက်မလို့ဟာ ...”

“ကျွန်တော်တို့ မကြည့်တော့ပါဘူး”ဟု ပြောဆိုနေသည့် အသွင် ကလေးသုံးဦးသည် တိတ်ဆိတ်နေနေကြ၏။ ကျောက်ခြင်္သေ့ရုပ်တုကြီးနှစ်ရုပ်သည် အသက်ပြန်ရှင်လာခဲ့သော်ဟူ၍ သူတို့သည်းထိတ်ရင်ဖို ဖြစ်နေကြဆဲဖြစ်သည်။

# သူခိုးရိုးသား

တစ်နေ့မှာဖြစ်သည်။ "ယာဟိချို"ဆိုသူသည် တရားသူကြီး အူးကာ၏ တရားရုံးတော်သို့ ရောက်ရှိလာသည်။ "ယာဟိချို"သည် ဆန်ဆိုင်တစ်ဆိုင်ပိုင်ရှင်ဖြစ်သည်။

ယင်းက ညစဉ်ညတိုင်း ယင်း၏ ဆန်ဆိုင်မှဆန်များ နည်းနည်း ချင်းစီ နည်းနည်းချင်းစီ ပျောက်ဆုံးနေပါကြောင်း တရားရုံးတော်သို့ တိုင်ကြားလာသည်။

"ပျောက်ပျောက်နေတဲ့ ဆန်အရေအတွက်က မပြောပလောက် ပါဘူး။ အဲ့ဒါကြောင့် ဂုဏ်သိက္ခာရှိပါသော တရားသူကြီးမင်း ထံကို တိုင်ကြားရမဲ့အဖြစ်ကိုတောင် ကျွန်တော်မျိုး ချီတုံချတုံ ဖြစ်နေရပါ သေးတယ်ခင်ဗျာ"

ယာတိချိက ပြောပြောဆိုဆို သူ၏ဦးခေါင်းကို မြေကြီးနှင့် ထိကပ်၍ တရားသူကြီးအူးကာသို့ ထူးကဲစွာ ရိုသေသမှုပြုပြုသည်။

"ကျွန်တော်မျိုးဟာ ပုံပြင်ကို သွားသတိရမိလို့ပါခင်ဗျား။ တောင်မြင့်လောက် စုပုံထားရှိတဲ့ စပါးပုံကြီးထဲက တစ်နေ့တစ်နေ့ စပါးစေ့တစ်ရာစေ့နှုန်းနဲ့ ခိုးဝှက်ခံရလိုက်တော့ နောက်ဆုံးမှာ တောင်လောက်စုပုံထားတဲ့ စပါးပုံကြီးဟာ ပြောင်တလင်းခါသွားပြီ မြေပြန့်အဖြစ် ပြောင်းလဲရောက်ရှိသွားရတယ်ဆိုတဲ့ ပုံပြင်ထဲကအဖြစ်ကို သတိရမိလိုက်လို့ပါ တရားသူကြီးမင်း"

အူးကာသည် ဆန်စိုဝိုင်ရှင် ယာတိချိ၏ လျှောက်တင်မှုကို အလွန်အရေးပါသည့်တန်ဖိုးဖြင့် ခေါင်းတညိတ်ညိတ် ရှိနေ၏။

"ဆန့်စေ့တစ်စေ့ကို ခိုးယူတာနဲ့ ဆန်အိတ်တစ်အိတ်ကို ခိုးယူတာဟာ ရိုးပြောင့်မှု မရှိကြတာချင်း အတူတူပါပဲလေ"

တရားသူကြီးအူးကာ မှတ်ချက်ချသည်။

"လုံခြုံရေး အစီအမံတွေကော လုပ်ထားလား"

"လုပ်ထားပါတယ် တရားသူကြီးမင်း၊ ညမှာ သိုလှောင်ရုံမှာ လုံခြုံရေးတစ်ယောက် ချထားပါတယ်၊ ဒါပေမဲ့ကို့ငါည်း ဆန်တွေ ပျောက်ဆုံးမြဲ ပျောက်ဆုံးနေတာပါပဲ၊ ကျွန်တော်မျိုး နားမလည်နိုင်အောင် ဖြစ်နေရပါတယ်။ လုံခြုံရေးတစ်ယောက် သစ္စာရှိကြ

ထားပါလျက် ဆန်က ပျောက်နေလို့ပါခင်ဗျာ”ဟု ဆန်ဆိုင်ပိုင်ရှင်က စိတ်လှုပ်ရှားနေသည့်ဟန်ဖြင့် သူ၏မှတ်ဆိတ်ဖြူဖြူဖွေးဖွေးတို့ကို ပွတ်သပ်ပြောဆို၏။

“ခင်ဗျားချထားတဲ့ လုံခြုံရေးဆိုတာကကော၊ ယုံကြည်ရရဲ့လား၊ အားပြုရရဲ့လား”

အူးကာက မေးမြန်း၏။

“အသေအချာကို စိတ်ချရပါတယ်၊ တရားသူကြီးမင်းအူးကာ ခင်ဗျာ”

“ယာတိချို”က ပြောသည်။

“လုံခြုံရေးက ချိုဂိုရိုဆိုသူပါ။ သူဟာ ကျွန်တော်မျိုးတို့ မိသားစုအသိုင်းအဝန်းထဲမှာ အလုပ်လုပ်ကိုင်ခဲ့တာ လုပ်သက် ခုနစ်ဆယ်ငါးနှစ်တောင် ရှိခဲ့ပါပြီ”

“ဟုတ်ပါတယ်၊ ကျုပ်လည်း လုံခြုံရေးချိုဂိုရိုကို သိပါတယ်” ဟု အူးကာက ပြောသည်။

“ချိုဂိုရိုဟာ အလွန်တာဝန်ကျေပွန်တဲ့သူ၊ တာဝန်သိတတ်တဲ့သူ၊ သူဟာ သူခိုးတစ်ယောက် မဖြစ်နိုင်ဘူး။ ဒါပေမဲ့ ဖြစ်နိုင်ခြေရှိတာက သူတာဝန်ကျရာနေရာမှာ အိပ်ပျော်နေသလားပဲ၊ တကယ်တော့ ချိုဂိုရိုဟာ အသက်ရှစ်ဆယ်တောင်မှပဲ၊

အသက်ရှစ်ဆယ်အရွယ်ဆိုတာလည်း အသက်နှစ်ဆယ်အရွယ် ကောင်လို နိုးနိုးကြားကြား ရှိနေနိုင်ပါတယ်၊ ကျွန်တော်မျိုးလည်း အသက်ရှစ်ဆယ်ပါပဲ၊ သတိရှိပါတယ်၊ လွန်ခဲ့တဲ့နှစ်ညလောက်ကပဲ ဆန်သိုလှောင်ရုံမှာ ကျွန်တော်မျိုးရယ် ချိုကိုရိုရယ် နှစ်ယောက်အတူတူ ဆန်ပျောက်ပျောက်နေတာကို လုံခြုံရေး စောင့်ခဲ့ကြပါသေးတယ်၊ နှစ်ယောက်စလုံး စောင့်ကြပ်နေလည်း ဆန်ကတော့ အရင်ရက်တွေ ကလိုပဲ သိုလှောင်ရုံမှာ ပျောက်နေသေးတာပါပဲ"

"ဒါဆိုရင် ဒီညမှာ ခင်ဗျားနဲ့အတူတူ ကျုပ်ကိုယ်တိုင် သိုလှောင် ရုံမှာ စောင့်ကြပ်ပေးမယ်"

အူးကာက ပြောသည်။

"ကျုပ်ကိုယ်တိုင်ကိုယ်ကျပဲ ဒီကိစ္စ ဘယ်လိုကနေ ဘယ်လို ဆိုတာ သုံးသပ်မယ်"

အူးကာသည် ကတိပြုသည်။ ထိုညက တရားသူကြီးအူးကာ သည် ဆန်ဆိုင်ပိုင်ရှင် "ယာဟိချိ"၏ ဆန်သိုလှောင်ရုံသို့ သွား ရောက်၏။

အူးကာက ဆန်ဆိုင်ပိုင်ရှင် "ယာယိချိ"နှင့် လုံခြုံရေး "ချိုကိုရို" တို့နှစ်ဦးသည် ဆန်သိုလှောင်ရုံတွင် သူခိုးအလာကို စောင့်ကြပ် နေစဉ်တွင် အိပ်ပျော်သွားကြပေလိမ့်မည်ဖြစ်သည်။ သူခိုးသည်

သူတို့နှစ်ဦး၏ အလစ်အငိုက်ကို စောင့်ဆိုင်း၍ ဆန်သိုလှောင်ရုံသို့ ဝင်လိမ့်မည်။ ဆန်ကို ခိုးယူလိမ့်မည်ဟူ၍ တွက်ဆထား၏။ သို့နှယ် တွက်ဆထားသည့်အတိုင်းပဲ ဖြစ်လာသည်။

တစ်နာရီ အတောအတွင်းမှာပင် "ယာတိချို" နှင့် "ချိုကိုရို" တို့ နှစ်ဦးသည် ဆန်သိုလှောင်ရုံအနီးတွင် အိပ်ပျော်သွားကြသည်။ သာမန်မျှမဟုတ်၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြခြင်းလည်း ဖြစ်သည်။

အူးကာ ပြုံးလိုက်မိသည်။ "ယာတိချို" နှင့် "ချိုကိုရို" တို့နှစ်ဦး အိပ်ပျော်နေရာမှ နိုးထလာကြမည့်အချိန်တွင် သူတို့နှစ်ဦးစလုံး အလျှဉ်း မအိပ်ကြပါဟူ၍ ကာကွယ်ပြောဆိုကြလိမ့်မည်မှာ ဧကန် ဖြစ်မည်ဖြစ်သည်။

ညဉ့်သန်းခေါင်ကျော်လွန်စဖြစ်သည်။ အူးကာသည် သိုလှောင်ရုံ၏ အဆောက်အအုံအပြင်အပမှ တိုးညှင်းစေကာမူ လွင့်ပျံ့လာသော အသံတစ်သံကို ကြားလိုက်ရသည်။

အူးကာသည် သိုလှောင်ရုံအတွင်း ပြတင်းပေါက်မှသည် သိုလှောင်ရုံအဆောက်အအုံအပြင်အပသို့ သတိထား ကြည့်ရှုလိုက်သည်။ အူးကာ အံ့ဩသွားရ၏။ သိုလှောင်ရုံ အဆောက်အအုံ အပြင်ဘက် အမှောင်ရိပ်တွင် လူတစ်ဒါဇင်ယာက်ရပ်နေသည်ကို တွေ့

မိတ်ဆွေစာပေ

လိုက်ရ၏။ အူးကာသည် ထိုလူ၏မျက်နှာကို စူးစိုက်ကြည့်ရှု လိုက်သည်။

အူးကာသည် ထိုသူ မည်သူမည်ဝါဖြစ်ကြောင်း မှတ်မိ သိရှိလိုက်၏။ "ဂွန်တာ" ဖြစ်နေ၏။ "ဂွန်တာ" သည် အစောပိုင်း အချိန်များက အလုပ်သမားတစ်ယောက် ဖြစ်ခဲ့၏။ မကြာသေးခင်က အလုပ်အကိုင်မရှိ ဖြစ်သွား၏။ ဂွန်တာသည် ကြောက်ရွံ့နေ၏။ နေရာ၌ပင် ရပ်နေသည်။

အူးကာသည် "ဂွန်တာ"ကို လက်ရဖမ်းဆီးရန် ချီတုံချတုံ ဖြစ်နေ၏။ "ဂွန်တာ"သည် သိုလှောင်ရုံအတွင်းသို့ မဝင်ရောက် သေး၍ဖြစ်သည်။

ထိုအခါ အူးကာအနေဖြင့် "ဂွန်တာ"သည် ဆန်သိုလှောင်ရုံ အတွင်းသို့ ဆန်ခိုးဝှက်ယူရန် ဝင်ရောက်သည်ဟူသည့် သက်သေ အထောက်အထားကို လက်ဆုပ်လက်ကိုင် မပြနိုင်ပါပေ။

"ဂွန်တာ"က သူသည် ညဉ့်အချိန် အမှောင်ထဲတွင် လမ်းမှား ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါသည်ဟူ၍ ရိုးစင်းစွာ ချေပပြောဆိုလျှင်လည်း ဖြစ်နိုင်သည်ပင်။

သို့ပင်သို့ငြား အူးကာအနေဖြင့် "ဂွန်တာ"ကို မှတ်မိသိရှိ နေပါ၏။ ဂွန်တာကမူ တရားသူကြီးအူးကာကို မမှတ်မိ မသိရှိပါပေ၊

မိုးကောင်းစာပေ

အူးကာက ဆန်သိုလှောင်ရုံ အဆောက်အအုံ၏ အတွင်းကျကျ အမှောင်ထဲမှာ သူ၏မျက်နှာကို မမြင်မတွေ့မိစေရန် ဖုံးဝှက်ထားရှိသည့်အတွက်ကြောင့်လည်း ဖြစ်ပါသည်။

အူးကာ ဆုံးဖြတ်ချက် ချလိုက်၏။ သူသည်လည်း သူ့ကိုယ်သူ သူခိုးတစ်ယောက်အသွင် ဟန်ဆောင်မှု ပြုလိုက်ရန်ပင်ဖြစ်သည်။ ထိုနည်းဖြင့် အူးကာက ဝွန်ကာကို ထောင်ချောက်ဆင်၍ အမှုအခင်းအတွင်းသို့ လုံးလုံးလျားလျား သက်ဆင်းကျရောက်လာစေရန် ရည်ရွယ်မှုပြုခြင်းဖြစ်သည်။ ခိုးသူကို တွေ့သော်ငြား ဥပဒေအရ သက်သေအထောက်အထားလည်း လိုအပ်ပါသေးသည်။

ို့ဖြင့် အူးကာသည် သူ၏ပင်ကိုယ်အသံကို ဖျောက်လိုက်၏။

"မင်း ဒီနေရာကို ရောက်လာတာ ငါ့လို ဆန်လာခိုးတာပဲ မဟုတ်လား"

အူးကာက အသံစူးစူးရဲရဲဖြင့် အသံဖျက်မေးသည်။

ဝွန်တာသည် လုံခြုံရေးဟု ထင်မှတ်ထားရှိလိုက်ရာမှ သူကဲ့သို့နယ် ဤဆန်သိုလှောင်ရုံတွင် ဤအချိန်၌ ဆန်လာခိုးကြသူ အချင်းချင်းဟူ၍ မျက်နှာချင်းဆိုင် သိမြင်လိုက်ရသည့်အတွက် စိတ်တင်းကြပ်မှု ပြေပျောက်သွားရသည်။

"သူခိုးတစ်ယောက်က သူခိုးတစ်ယောက်ကို နားလည်စွာ

အခွင့်အရေးပေးရမှာပေါ့”တု အူးကာက ဆက်လက်ပြောသည်။

“ဒီက မင်းကို ဆန်တွေ လက်ဆင့်ကမ်းလိုက်မယ်၊ သိုလှောင်ရုံထဲကို မင်းကိုယ်တိုင် ဝင်မလာလည်းရတယ်”

ဂွန်တာသည် သူခိုးဟန်ဆောင် အူးကာကို ကျေးဇူးတစ်ပုံတစ်ခေါင်း တင်ရှိလိုက်မိသည်။ အူးကာ၏ ဖွယ်ရာသောစကားကြောင့်လည်းဖြစ်သည်။

အူးကာသည် ဆန်အိတ်ကြီးတစ်အိတ်ကို သူခိုးဂွန်တာသို့ လက်ပြောင်းလက်လွှဲ ပြုလုပ်လိုက်သည်။

“ဟာ ... ဆန်အိတ်ကြီးပဲ၊ ဆန်တွေအများကြီးပဲ”

ဂွန်တာက ကန့်ကွက်ပြောဆိုလိုက်သည်။

“ကျွန်တော်က ဆန်ကို လက်တစ်ဆုပ်စာလောက် နည်းနည်းပါးပါးပဲ လိုချင်တာ”

အူးကာ အံ့အားတသင့် ဖြစ်သွား၏။

“မင်းမှာ ဆန်ကို ခိုးယူဖို့ ရည်ရွယ်ချက် ရှိနေခဲ့မယ်ဆိုရင် ဆန်တွေ တစ်ပုံတစ်ခေါင်းကြီး ယူရမယ်၊ တကယ်လို့များ တရားသူကြီးအူးကာက ဖမ်းမိသွားမယ်ဆိုရင်တော့လား၊ ဆန်တစ်စေ့ ခိုးဝှက်ယူတာကိုပဲ ဆန်တစ်အိတ်ပြည့် ခိုးဝှက်ယူသလို ပြစ်ဒဏ်ခံရမှာပဲကွ”

"ဒါ မရိုးမသား သဘောသက်ဝင်လိမ့်မှာပေါ့"

"ဝွန်တာ"က မခံမရပ်နိုင်စွာ ပြောသည်။

"ကျွန်တော်က ဆန်ကို လာခိုးယူတာ၊ ကျွန်တော့်မိသားစု ...နေ့ ...းသောက်ဖို့ လောက်ငှဖို့အတွက်လောက်ပဲ။ တစ်နေ့နေ့ မှာတော့ ကျွန်တော်ဟာ အလုပ်လက်မဲ့အဖြစ်ကနေ အလုပ်ပြန်ရ လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲ့ဒီအခါကျရင် ကျွန်တော်ဟာ ...န်မခိုးတော့ဘူး။ ကျွန်တော်အလုပ်ပြန်ရရင် ကျွန်တော်ခိုးယူထား ...တဲ့ ဆန်တွေကို ပိုင်ရှင်ကို ပြန်ပေးမယ်လို့ ရည်ရွယ်ထားရှိပြီးသား"

လို့နောက် သူခိုးဝွန်တာသည် သူ့မိသားစုအတွက် တစ်နေ့စာ လောက်ငှသော ဆန်အရေအတွက်မျှကိုသာ လက်ခံယူသည်။ ဆန် ...ိတ်ကို အူးကာသို့ ပြန်လည်ပေးအပ်လိုက်သည်။

အူးကာ အံ့ဩရသည်။

ဝွန်တာသည် ဆန်သိုလှောင်ရုံ၏ အဆောက်အအုံအနီးမှ ခွာလိုက် ၏။ ထို့နောက် ညဦးအမှောင်...ကြီးသို့ ဝင်ရောက်ပျောက်ကွယ် သွား၏။ အူးကာသည် ဝွန်တာကို ဆန်ခိုးသူအဖြစ် သိရှိလာရသည်။ ...ို့သော် ဖမ်းဆီးမှု မပြုလိုက်...ပေ။

...ဝန်ဆိုင်ကိုပိုင်ရှင် ယောင်...နှင့် ဆန်သိုလှောင်ရုံ၏ အဆောက်အအုံ ...ာဝန်ကျလုံခြုံရေး ချူ့ဂိုရုဂို့ ...ည်း ...ပ်ပျော်နေကြရာမှ နိုးထ

လာကြသည်။ အူးကာက ဆန်သူခိုးနှင့် စပ်လျဉ်း၍ တွေ့မြင်ခဲ့သမျှ တို့ကို ပြန်လည်၍ ပြောပြ၏။

"သူခိုးကို တွေ့မြင်ရက်နဲ့ ဘာပြုလို့လွှတ်လိုက်ရတာလဲ" "ယာဟိချိ"က မခံမရပ်နိုင်စွာ မေး၏။

"ဂွန်တာဟာ သူခိုးတစ်ယောက်ဆိုတာ သေချာပါတယ်" အူးကာက ပြောသည်။

"ဒါပေမဲ့ ... ကျုပ်ယုံကြည်တာက ဂွန်တာဟာ ရိုးသား တည်ကြည်တဲ့သူတစ်ယောက်ဆိုတာပဲ။ သူ့မှာ လိုအပ်နေတာ လောက်ကိုပဲ သူ ... ခိုးယူက်တာ၊ ဒ့်ထက် ပိုမိုမခိုးမယူက်ဘူး"

"တရားသူကြီးမင်းခင်ဗျာ လူတစ်ယောက်ဟာ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ သူခိုးတစ်ယောက်လည်း ဖြစ်နေတယ်၊ ရိုးသား တည်ကြည်တဲ့သူတစ်ယောက်လည်း ဖြစ်နေ့၊ဘယ်ဆိုတာ ဘယ်လိုများ ဖြစ်နိုင်မှာတဲ့လဲလို့"

"ကျုပ်ကိုယ်တိုင်လည်းပဲ အဲ့ဒီလို ဖြစ်နိုင်ခြေရှိတယ်ဆိုတာ မျိုးကို ဘယ်သောအခါကမှ မယုံကြည်ခဲ့ဖူးဘူး"

အူးကာက ပြောသည်။

"တရားသူကြီးတစ်ယောက်ရဲ့တာဝန်ဆိုတာ ယုတ်မာဆိုးသွမ်း နေတဲ့သူတစ်ယောက်ကိုလည်း ပြစ်ဒဏ်စီရင်ချမှတ်ရမယ်၊ ကောင်းမြတ်

မိုးကောင်းစာပေ

ဖြူစင်တဲ့ သဘောသဘာဝရှိတဲ့သူ တစ်ယောက်ကိုလည်း ချီးမြှင့် မြှောက်စားရမယ်ကွဲ့။ အခုကိစ္စရပ်မှာ လူတစ်ယောက်ထဲမှာကိုက အရည်အချင်း နှစ်မျိုးနှစ်စား ပြိုင်တူရှိနေပါရော၊ သူ့ကို ဘယ်သာမန် သူခိုးတွေလိုမျိုး ထိတွေ့ဆက်ဆံလို့မရဘူး၊ သာမန်သူခိုးအတိုင်း ဆက်ဆံရင် မမျှမတဖြစ်ရှာမယ်"

"ဒါပေမဲ့လည်း တရားသူကြီးမင်းခင်ဗျာ"

ဆန်ဆိုင်ပိုင်ရှင် ယာဟိချိုက ပြောသည်။

"ကျုပ်ဆုံးဖြတ်ချက် ချလိုက်ပြီးပြီလေ၊ မနက်ဖြန်ကျရင် ကျုပ် ဝွန်တာအတွက် အလုပ်တစ်ခု ရှာဖွေပေးလိုက်မယ်၊ အဲ့ဒီ အလုပ်ဟာ သူ့ရဲ့မိသားစု စားဝတ်နေရေး အစရှိတာတွေအတွက် လည်း လောက်ငှစေရမယ်၊ ပြီးတော့ သူ ... ခိုးယူသွားတဲ့ ဆန်တွေအစား ဆန်တွေကိုပဲ ပြန်လည်ထည့်ပေးနိုင်တဲ့အထိ ဝင်ငွေ ရရှိနိုင်မဲ့ အလုပ်အမျိုးအစားမျိုး ဖြစ်စေမယ်၊ သူကတိအတိုင်း တည်မလား၊ မတည်လားဆိုတာ ကျုပ်တို့တစ်တွေ စောင့်ဆိုင်း ကြည့်ကြတာပေါ့၊ သူဟာ သိလျှောင်ရုံကို ပြန်လာပြီး သူ ... ခိုး, ခိုးသွားတဲ့ ဆန်တွေကို ညတိုင်းပြန်ပြီး ဖြည့်သွင်းပေးမလား၊ အဲ့ဒီအတိုင်းပဲ ဖြစ်လာမယ်ဆိုရင်ပေါ့၊ သူဟာ သူခိုးဆိုပေမဲ့ ရိုးသား ဖြောင့်မတ်တဲ့ သူခိုးတစ်ယောက်ရယ်လို့ ကျုပ်ရဲ့ ယုံကြည်ချက်ဟာ

သက်သေပြလာနိုင်တာပေါ့”ဟု အူးကာက ပြောသည်။

* * *

တရားသူကြီးအူးကာ၏ ဆန္ဒနှင့်အညီပဲဖြစ်သည်။ သူခိုးဂွန်တာသည် အလုပ်တစ်ခု ရရှိသွား၏။ သူခိုးဂွန်တာ ရရှိသွားသော အလုပ်နှင့် စပ်လျဉ်း၍ တရားသူကြီးအူးကာက တာဝန်ယူထားသည့် အဖြစ်ကိုမူ ဂွန်တာ မသိရှိရပေ။

ဂွန်တာသည် ညစဉ်ဖင် သူခိုးယူခဲ့သောဆန်များကို သိုလှောင်ရုံသို့ ယူဆောင်ကာ ပြန်လည်၍ ဖြည့်တင်းပေးလိုက်သည်။ သူ တစ်နေ့တာ လုပ်ငန်းလုပ်ကိုင် ခံစားရရှိလာသော ငွေကြေးဖြင့် ဆန်ကို ပြန်လည်ဝယ်ယူခဲ့ခြင်းဖြစ်သည်။ သိုလှောင်ရုံသို့ လာရောက်ကာ အစားပြန်လည် ထားရှိခြင်းပဲ ဖြစ်ပါသည်။

အူးကာသည် သိုလှောင်ရုံအဆောက်အအုံသို့ ရောက်ရှိရာ လမ်းကြောင်းတွင် အတားအဆီး အဆို့အပိတ် အမျိုးအစား အမျိုးမျိုး အပြားပြားတို့ကို စီမံထားရှိ၏။ သူခိုးဂွန်တာသည် သိုလှောင်ရုံ အဆောက်အအုံအတွင်းသို့ လွယ်ကူစွာ ဝင်ရောက်မလာနိုင်စေရန် ဖြစ်သည်။

သို့သော်ငြား ယင်းအတားအဆီး အဆို့အပိတ်များမှာ သူခိုး

ဂွန်တာ ဆန်သိုလှောင်ရုံ အဆောက်အအုံသို့ အဝင်နှင့်အထွက်ကို ကာကွယ်မှု မပြုနိုင်ခဲ့ပါပေ၊ သို့ပင်သို့ငြား ဂွန်တာသည် သူ့အဖမ်း အဆီး ခံရမည့်အဖြစ်ကို ပို၍ပို၍ ကြောက်ရွံ့လာသည်။

ဆန်ပိုင်ရှင် "ယာဟီချို"ကမူ သူခိုးဂွန်တာအား ကျူးလွန် ခဲ့သော ပြစ်မှုအရ အပြစ်ဒဏ် ကျခံစေချင်ကြောင်း တရားသူကြီး အူးကာသို့ ဝန်ခံပြော ပြောသည်။ အူးကာ ပြုံးလိုက်မိသည်။

အူးကာသည် စက္ကူတစ်ရွက်တွင် စာရေးသားလိုက်သည်။ ယင်းစာရွက်ကို သူခိုးဂွန်ကာသည် နောက်ဆုံးအကြိမ် ဆန်များကို ဆန်သိုလှောင်ရုံ အဆောက်အအုံသို့ လာရောက်ဖြည့်တင်းမည့် ညတွင် ဆန်သိုလှောင်ရုံ အဆောက်အအုံအတွင်းတွင် တွေ့လွယ် မြင်လွယ်စွာ ထားထားပေးရန် "ယာဟီချို"သို့ အမိန့်ပေးလိုက်၏။

နောက်ဆုံးည ခိုးထားခဲ့သော ဆန်အရေအတွက် နောက်ဆုံး အကြိမ် ဖြည့်တင်းမှု ပြုပေးရမည့်ည ဖြစ်သည်။

သူခိုးဂွန်တာသည် ဆန်သိုလှောင်ရုံ အဆောက်အအုံအတွင်းသို့ ကြောက်ကြောက်လန့်လန့် ဝင်ရောက်လာသည်။ တစ်နေရာတွင် စာရွက်တစ်ရွက်ကို ဂွန်တာ တွေ့လိုက်ရ၏။ သူချောက်ချားသွား၏။ စာရွက်ပေါ်တွင် စာများ ရေးသားထား၏။ လက်ရေးလက်သားမှာ တရားသူကြီးအူးကာ၏ လက်ရေးလက်သားဖြစ်သည်။ ရေးထိုး

ဒီတ်သေ့စာပေ

ထားသော လက်မှတ်မှာ အူးကာ၏ ရေးထိုးမြဲလက်မှတ်ဖြစ်သည်။

ရေးသားထားသောစာမှာ ...

"မောင်မင်းသည် အတိုးငွေအဖြစ် ဆယ်ရာခိုင်နှုန်းပေးရန် တာဝန်ရှိနေပါသည်။

ရိုးသားခြင်းသည် အကောင်းဆုံးသော မူဝါဒဖြစ်သည် ..."

ဟူ၍ဖြစ်ပါသည်။

စိတ်ဆေးစာပေ

# တံခါးပေါက်တစ်ပေါက်
# ရွှေဒင်္ဂါးပြားတစ်ပြား

တိုက်ဖွန်းမုန်တိုင်းသည် ပင်လယ်ပြင်မှ ရောက်ရှိ ဇေ့ရမ်း တိုက်ခတ်လိုက်ပါသည်။ ကုန်းတွင်းပိုင်းကို ထိုးနှက်ထိခိုက်စေပါသည်။

ဝါးပင်များကို အမြော်အမြင်ရှိလှချည်ရဲ့ဟု ပြောရမည်ဖြစ်သည်။ အကြောင်းကား တိုက်ဖွန်းမုန်တိုင်းတိုက်ခတ်လာသည့်အခါတွင် ငှက် များသည် ကိုင်းညွတ်ချလိုက်ကြသည့်အတွက်ဖြစ်သည်။ မုန်တိုင်း ထိပါးသည့်အခြေမှ လွတ်မြောက်သွားကြ၏။ ဝါးပင်တို့သည် မုန်တိုင်း ကိုပင် ပြောင်လှောင်နိုင်ကြပေသည်။

သို့ရာတွင် ခိုင်ခန့်သန်မာသော သစ်ပင်ကြီးများ ခြံစည်းရိုး အကာအရံများနှင့် အိပ်ယာအဆောက်အအုံများသည် ဝါးပင်များသို့

နယ် အလိုက်သင့် မကွေးမညွတ် မရှောင်မတိမ်းကြပေ။ တိုက်ပွဲနှင့်မုန်တိုင်းမျှကို ကြံ့ကြံ့ခံနိုင်သည်ဟူ၍ပင် အထင်ကြီးတစ်ခွဲသား ကိန်းအောင်းနေသည်လား မပြောတတ်၊ နောက်ဆုံးတွင် မုန်တိုင်းဒဏ်ကြောင့် ပြိုလဲပျက်စီးကုန်ကြရသည့်အထိ ဖြစ်ကြရသည်။

"မိဂူရှိမြို့"သည် မြို့ငယ်တစ်မြို့ဖြစ်သည်။ ယင်းမြို့သည် ယေဒိုမြို့ အနီးဝန်းကျင်တွင် တည်ရှိ၏။ တိုက်ပွဲနှင့်မုန်တိုင်း တိုက်ခတ်သည့်ဒဏ်ကို "မိဂူရှိမြို့"သည်လည်း ခံရ၏။ အိမ်ယာအဆောက်အအုံများ ပြိုကျပျက်စီးရာတွင် ပါဝင်သော ပြိုကျပျက်စီးသွားသည့် အိမ်ယာအဆောက်အအုံတစ်ခုမှာ မိတမဲ့ကလေးများဂေဟာ အဆောက်အအုံဖြစ်သည်။ ယင်းအဆောက်အအုံကို ပြန်လည်၍ တည်ဆောက်ရမည်ဖြစ်သည်။ တရားသူကြီးအူးကာက ကြီးမှူး၍ အဆောက်အအုံ ပြန်လည်တည်ဆောက်ရန် အလှူငွေရရှိလာရေး စီစဉ်ဆောင်ရွက်မည်ဖြစ်သည်။ ရွာတွင်းရှိ နေအိမ်များအသီးသီးမှ အလှူငွေရရှိလာရေး အကောင်အထည်ဖော်မည်ဖြစ်သည်။

နေအိမ်ပိုင်ရှင်များအနက် နေအိမ်ပိုင်ရှင်တစ်ဦးဖြစ်သည့် "တိုဆူကီ"မှအပ ကျန်နေအိမ်ပိုင်ရှင်အသီးသီးသည် အလှူငွေရရှိလာရေး တရားသူကြီးအူးကာ၏အစီအစဉ်ကို ဝမ်းမြောက်ဝမ်းသာစွာ လက်သင့်ခံလာကြပေသည်။

နေအိမ်ပိုင်ရှင် "တိုဆူကီ"သည် လက်ဖက်ကုန်သည်ကြီး တစ်ဦးဖြစ်၏။ ကလိန်ဉာဏ်များသောသူလည်းဖြစ်သည်။

"ငါတို့မှာ ကလေးမှမရှိတာဘဲမိန်းမ ဘယ်လိုအကြောင်း ကြောင့်နဲ့များ မိဘမဲ့ကလေးများဂေဟာ အဆောက်အအုံအသစ် ဆောက်လုပ်သွားဖို့ အလှူငွေထည့်ဝင်ရမှာလဲ"

"တိုဆူကီ"က ဇနီးသည်သို့ မေးမေးပြောပြော ပြုလာ၏။

"ဘာကြောင့်လဲ၊ ဒီကလေးကလား နိုင်တဲ့ဟာရားသူကြီး အူးကာဆိုတဲ့သူက အိမ်မှာ တံခါးတစ်ပေါက်ရှိနေရင် ငွေဒင်္ဂါးပြား တစ်ပြားနှုန်းတဲ့၊ အိမ်မှာ တံခါးပေါက်ပေါင်း ဘယ်နှပေါက်ရှိနေပြီလဲ၊ ဆဲ့ရှိတဲ့ တံခါးပေါက်တွေအတိုင်း ရွှေဒင်္ဂါးတစ်ပြားနှုန်းစီနဲ့ ရန်ပုံငွေ ဆိုလား၊ အလှူငွေဆိုလား ပေးရမယ်တဲ့ မိန်းမရဲ့။ ငါတို့အိမ်မှာက တံခါးပေါက်ပေါင်း ခြောက်ပေါက်တောင် ရှိနေပြီပဲ၊ ရွှေဒင်္ဂါးပြား ခြောက်ပြား၊ ငါ ... ငါ ... မပေးနိုင်ဘူး"

"အဲပေမဲ့ ယောကျ်ား ... ရှင်က ကျသင့်တဲ့ရွှေဒင်္ဂါးပြား ခြောက်ပြား မပေးဘူးဆိုရင် တရားသူကြီး အူးကာက ယောကျ်ား ကို- ထောင်ချလိုက်မှာပေါ့"

ဇနီးသည်က စိုးရိမ်တကြီး ပြောသည်။

"ငါက မပေးဘူးရယ်လို့ ပစ်ပစ်ခါခါ ငြင်းဆန်ပြောဆိုလိမ့်မှာ

မိုးဇေယျာပေ

မဟုတ်ဘူး၊ ဒါပေမဲ့ ကျသင့်သလောက်အားလုံးတော့ ငါမပေးဘူး မိန်းမ"

"တိုဆူကီ"က ပြောသည်။

"မင်းရဲ့ယောကျ်ားဟာ ... အင်မတန်ကျွမ်းကျင်လိမ္မာတဲ့ ယောကျ်ားတစ်ယောက်ပဲလေကွာ၊ ကြည့် ... မိန်းမ၊ တရားသူကြီး အူးကာဆိုတဲ့သူကို ဂျာပန်လောက် ပါးရည်နပ်ရည် ရှိနေလိုက်သလဲ ဆိုတာ သိစေရမှာပေါ့"

အလျှုငွေများ လက်သင့်ခံရန် အထူးတလည် သတ်မှတ်ထား ရှိသော ရုံးခန်းနေရာမှာဖြစ်သည်။ တရားသူကြီးအူးကာ ရှိနေသည်။

မိဘမဲ့ကလေးများဂေဟာ အဆောက်အအုံပြန်လည်တည် ဆောက်ရေး အလျှုငွေထည့်ဝင်ရန်အလို့ငှာ လူအများ တန်းစီနေကြ သည်။

လက်ဖက်ကုန်သည်ကြီး "တိုဆူကီ"သည်လည်း အလျှုငွေ ထည့်ဝင်ရန် တန်းစီနေကြသည့်သူများတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ တရားသူကြီးအူးကာသည် အလျှုငွေ လက်ခံနေသည်။ တန်းစီနေရာမှ ... "တိုအူကီ" အလျှုငွေထည့်ဝင်ရန် အလှည့်သို့ ရောက်ရှိလာ၏။

"လူတစ်ယောက်မှာ သားသမီး မရှိဘူးဆိုရင် အဲဒီ ဟာ

မိတ်မဲ့ကလေးများဂေဟာ အဆောက်အအုံပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေဆိုတာ ထည့်ဝင်ဖို့မသင့်ဘူး”ဟု “တိုဆူကီ”က သဘောမတူကြောင်းဖြင့် ပြောချလိုက်သည်။

“ဆင်းရဲနွမ်းပါးရှာတဲ့ မိတ်မဲ့ကလေးသူငယ်လေးတွေအတွက် အဆောက်အအုံ ဆောက်လုပ်ပေးဖို့ဆိုတာ အခြေအနေအရ လိုအပ်လာပါတယ် တိုဆူကီ”

အသက်အရွယ် ကြီးရင့်နေပြီဖြစ်သည့် တရားသူကြီး အူးကာက ပြောသည်။

“နေအိမ်ရဲ့ တံခါးပေါက်တစ်ပေါက်ကို ရွှေဒင်္ဂါးပြားတစ်ပြား အလှူငွေ ထည့်ဝင်သတ်မှတ် ထားရှိပါတယ်။ ဘာကြောင့်များလဲ ဆိုတော့ ငွေကြေးချို့တဲ့တဲ့ ဆင်းရဲသူ ဆင်းရဲသားတွေရဲ့ နေအိမ်မှာ တံခါးပေါက်တစ်ပေါက်ပဲ ရှိကြတယ်။ ငွေကြေးချမ်းသာတဲ့ သူတွေရဲ့ အိမ်ကြီးအိမ်ကောင်းတွေမှာ တံခါးပေါက်တွေကတော့ အများကြီးပဲပေါ့ တိုဆူကီ၊ မင်းရဲ့အိမ်မှာ ရှိနေတဲ့ တံခါးပေါက် အရေအတွက်အတိုင်း တံခါးပေါက်တစ်ပေါက် ရွှေဒင်္ဂါးပြား တစ်ပြားနှုန်းနဲ့ အလှူငွေ ထည့်၊ မင်းရဲ့အိမ်ဟာလည်း အိမ်ကြီးအိမ်ကောင်းပဲ။ တံခါးပေါက်မှ ခြောက်ပေါက်တောင်ပဲ တိုဆူကီ”

တရားသူကြီးအူးကာက တိုဆူကီကို အကဲခတ်ဟန်‘ကြည့်

ကာ ဆက်လက်ပြောသည်။

"ကဲ ... တိုဆူကီ အလျှုငွေ ထည့်စရာရှိတာ မြင်
ထည့်ကွာ"

"အလျှုငွေထည့်မယ်၊ ဒါပေမဲ့ အဲ့ဒီလို လုပ်ပုံကိုင်ပုံမျိုးတော
အများအယွင်းပဲဆိုတာ ကျွန်တော်မျိုး အခုအချိန်အထိ ပြော
အုံးမှာပဲ"

"တိုဆူကီ"က မထော၊ ာ်မညှာ ပြောသည်။ တစ်ဆက်
တည်းပင် အူးကာသို့ ရွှေဒင်္ဂါးပြားတစ်ပြား ပေးလိုက်သည်။

"တိုဆူကီ ..."

အူးကာက ပြောသည်။

"မင်းအိမ်မှာ တံခါးပေါက် ခြောက်ပေါက်ရှိနေတာပဲ
ပြောခဲ့ပြီးပြီကော၊ တံခါးပေါက်တစ်ပေါက် ရွှေဒင်္ဂါးပြားတစ်ပြား
နှုန်းနဲ့ တံခါးခြောက်ပေါက် ရွှေဒင်္ဂါးပြားခြောက်ပြား ပေးရမယ်
ဘယ့်နှယ့်ဘယ့်နှယ့် ရွှေဒင်္ဂါးပြားတစ်ပြားတည်း ပေးရတာတုန်း

အူးကာက မေးမေးပြောပြော ပြုလိုက်သည်။

"တကားသူကြီးမင်း အူးကာခင်ဗျာ"

"တိုဆူကီ"က ပြောသည်။

"ကျွန်တော်မျိုး ဒီအလျှုခံနေရာကို မရောက်လာခင်မှ

မိတ်ဆွေစာပေ

ကျွန်တော်မျိုးရဲ့ နေအိမ်မှာရှိနေတဲ့ တံခါးပေါက်ခြောက်ပေါက်ထဲက တံခါးပေါက်ငါးပေါက်စလုံးကို ချိပ်နဲ့ပိတ်ထားခဲ့ပြီးပြီ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် တံခါးပေါက်တစ်ပေါက်တည်းကိုပဲ ချိပ်နဲ့မဆို့မပိတ်ဘဲ ထားရစ်ခဲ့ပါတယ်။

အဲ့ဒီအခြေအနေကြောင့် အခု အလှူငွေထည့်ဝင်ရမဲ့အချိန်မှာ ကျွန်တော်မျိုးအိမ်မှာရှိနေတဲ့ တံခါးပေါက်အရေအတွက်က တစ်ပေါက်တည်းပါပဲ တရားသူကြီးမင်းအူးကာ တစ်ပေါက်တည်းပါပဲ"

"တိုဆူကီ"သည် ပြောပြောဆိုဆိုဖြင့် သူ့နောက်မှ တန်းစီနေကြသောသူများ အနီးအနားမှာ ရှိနေကြသောသူများသို့ ဘဲကဲခတ်ကြည့်ရှုလိုက်သည်။ သူက အလှူငွေကောက်ခံနေသည့် တရားသူကြီးအူးကာသို့ လိမ္မာပါးနပ်စွာဖြင့် အကြောင်းပြ ပြောဆိုလိုက်သောစကားကို သူဟိုတစ်တွေ ကြားကြမည်။ သူ့ကို ပါးနပ်ချက်ချာစွာဖြင့် တရားသူကြီးတစ်ဦးကိုပင် တုံ့ပြန်ပြောဆိုနိုင်မှု ရှိပါပကောဟု သဘောကျစွာ ရှိနေကြကောင်းပါရဲ့ဟု မျှော်ရည်မှန်းစွာ အနီးအနားလူအစုအဝေးသို့ ဝေ့ဝဲကြည့်ရှုလိုက်ခြင်းဖြစ်သည်။

အူးကာသည် တိုဆူကီကို ရှုသိုးသိုး ကြည့်သည်။ လူတစ်ယောက်သည် သူ၏နေအိမ်အဆောက်အအုံအတွင်းရှိ ဝင်ပေါက်များအနက် ဝင်ပေါက်အချို့ကို သူ၏သဘောအလျောက် မလိုအပ်ဟူ၍

ယူဆကာ ချုပ်ဖြင့် ပိတ်ဆို့ထားဆီးခြင်း၊ ပိတ်သိမ်းထားခြင်း စသည့်တို့ကို ပြုမူလာသော် ကာကွယ်ဟန့်တားရန်ဟူသည့် ထုတ်ပြန်ထားသော တည်ဆဲဥပဒေသဟူ၍ မရှိပါပေ။

သို့သော်ငြား တရားသူကြီးအူးကာက လှည့်ဖြားသော လက်ဖက်ကုန်သည် တိုဆူကီသည် သူ့အပေါ် ပတ်ပတ်နပ်နပ် ကျော့သွားသည့်အဖြစ်ကို သူသည်းမခံနိုင်ပါပေ။ အခြားသောသူများသည်လည်း လက်ဖက်ကုန်သည် တိုဆူကီ၏ လှည့်စားပြုမူမှုမျိုးကို နောက်ယောင်ခံတုပကာ သူ့အပေါ် ကလိန်ကကျစ် လုပ်လာကြမည့် အနေအထားကိုလည်း သတိပြုမိလိုက်သည်။

အူးကာ၏ နားနှစ်ဘက်သည် တဖြည်းဖြည်း နီမြန်းလာသည်။ သူသည် ရှက်ကိုးရှက်ကန်း ဖြစ်နေ၏။ ကသိကအောက်လည်း ဖြစ်နေသည့်လက္ခဏာ ဖြစ်ပေါ်နေပါ၏။

"တိုဆူကီ ... မင်းဟာ ငွေကြေးချမ်းသာတဲ့ သူတစ်ယောက်ပဲ။ အလှူငွေ ဒီလောက်ကလေး ထည့်ဝင်လှူဒါန်းရုံမျှလောက်နဲ့ မင်းဟာ ထိခိုက်မှု မရှိသွားပါဘူးလေ၊ အကျိုးမနည်းသွားပါဘူး"

အူးကာက ပြောသည်။

ဆက်လက်ပြောဆိုရန် ပြင်ဆင်ပြီးကာမှ ... အူးကာသည် ရပ်ဆိုင်းနေလိုက်သည်။ တိုဆူကီကို စဉ်းစားဟန် ကြည့်ရှုလိုက်သည်။

"အကျိုးမနည်းသွားပါဘူးလေ"

အူးကာက သူ၏စကားကို ပြန်လည်ဆက်သည်။

"မိဘမဲ့ကလေးပေါင်း ဆယ့်နှစ်ယောက်ကိုတောင် မင်းကိုယ်တိုင် စောင့်ရှောက်ကျွေးမွေးထားရင်တောင်မှပဲ"

"တရားသူကြီးမင်းခင်ဗျာ၊ ကျွန်တော်ဟာ ငွေကြေးမြိုးမြိုကတဲ့နည်းနဲ့ ရှာဖွေစုဆောင်းခဲ့ရတာပါ။ ရွှေဒင်္ဂါးပြားတစ်ပြားကိုတောင် ကျွန်တော်ကပေးဖို့ အကြောင်းမရှိပါဘူး"

တိုဆူကီက ပြောသည်။

တရားသူကြီးအူးကာသည် လေးနက်စွာ စဉ်းစားရင်း သူ၏ ဆံသိတ်မွေးကို ဆွဲနေပေသည်။ ထို့နောက် ရုံးခန်းနောက်ဘက်မြိုင်သို့ ကြည့်လိုက်၏။ ထိုနေရာတွင် ကလေးများ စုရုံးစွာရှိနေကြသည်။ ပုံပန်းနှင့်အရွယ်များမှာ တူတူညီညီ၊ ဝတ်ဆင်ထားကြသော "ကီမိုနို" ရိုးရာအဝတ်အစားများမှာလည်း အစပ်အဟပ်များနှင့် ဖြစ်နေကြသည်။

သူတို့တစ်တွေသည် ကြေကွဲစွာ ရှိနေကြသည်။

"ကလေးတွေကို ကြည့်လိုက်စမ်းပါအုံး တိုဆူကီ"ဟု တရားသူကြီးအူးကာက ပြောသည်။

"သူတို့ကလေးတွေရဲ့ မျက်နှာကလေးတွေ၊ အခုတိုင်အောင်ပဲ

မင်းက အဲ့ဒီကလေးတွေကို ကူညီမှု မပြုပါဘူးလို့ ပြောနေအုံး မှာလား"

"ဟုတ်တယ် ပြောနေအုံးမှာပဲ"

'တိုဆူကီ'က ပြတ်ပြတ်သားသား ပြောလိုက်သည်။

"ဘာကြောင့်များ ကျွန်တော်က ကျွန်တော်ရဲ့မိသားစုဝင် မဟုတ်တဲ့သူတွေကို အကူအညီပေးနေရမှာလဲ၊ ရွှေဒင်္ဂါးပြားတစ်ပြား ထက်တောင် ပိုပြီးပေးရမယ်ဆိုတာ အဲ့ဒါ တရားမျှတမှု မရှိကာပဲ"

"တရားမျှတမှုတစ်ခု ဟုတ်လား၊ အို ... ငါ့ရဲ့တရားရုံးတော်မှာ တရားမျှတမှု မရှိဘူးရယ်လို့ အပြစ်ပို့တာ၊ အပြစ်တင်တာ မရှိဘူး"

အူးကာက ပြောသည်။

"တိုဆူကီ ... မင်းအလျှငွေ တစ်ပြားတစ်ချပ်မျှလောက်တောင် မပေးရဖို့ နည်းလမ်းတချို့တလေကို ငါစဉ်းစားပေးနိုင်တယ်"

"တရားသူကြီးမင်းအူးကာခင်ဗျာ"

"တိုဆူကီ"က ပြောသည်။

"အင်မတန် အံ့ဩစရာကောင်းတာပါပဲ၊ တရားသူကြီးမင်း ဟာ အမှန်တကယ် အမြော်အမြင် ရှိတယ်၊ ချင့်ချိန်စဉ်းစားနိုင်စွမ်း ရှိပါပေတယ်။ တရားဆုံးဖြတ်မှန်ကန်တိကျပါပေတယ်လို့ လူတွေ ပြောဆိုနေကြတာကိုး၊ ကျွန်တော်အစောပိုင်းက တရားသူကြီးမင်း

မိတ်ဆွေစာပေ

အပေါ် အဲ့ဒီလို သဘောပေါက်တာမျိုး ဘယ်အခါမှာမှ မပေါ်ပေါက်ခဲ့ဖူးဘူး"

"ငါမျှော်လင့်လိုက်ပါပြီ၊ မင်း အဲ့ဒီလိုမျိုး ဆက်လက်ပြီး သဘောပေါက်သွားပြီဆိုတာပါပဲ"ဟု အူးကာက ပြောပြောဆိုဆို ပြုံးလိုက်ပါသည်။

သို့သော်ငြား အူးကာ ပြုံးပြလိုက်သောအပြုံးမှာ အားပါးတရ မဟုတ်လှပါပေ။

"ရော့ ... တိုဆူကီ၊ မင်းပေးလိုက်တဲ့ ရွှေဒင်္ဂါးပြားတစ်ပြား ငါ ... ပြန်ပေးပါတယ်၊ မင်းအလှူငွေအည့်ဝင်စရာ မလိုအပ်တော့ဘူးလေ၊ မင်း ... ငါ့ရဲ့အဆုံးအဖြတ်ဆိုတာကို လက်သင့်ခံရမယ်ဟုတ်လား"

"လက်သင့်ခံပါ့မယ်"

"တိုဆူကီ"သည် အော်အော်ဟစ်ဟစ်ပင် ပြောဆိုလိုက်သည်။ ထို့နောက် တိုဆူကီသည် ယင်း၏ဦးခေါင်းဖြင့် မြေကြီးကို ထိကပ်စွာ တရားသူကြီးအူးကာကို အရိုအသေပြုပါကြောင်း ပြသလိုက်သည်။

"တိုဆူကီ"သည် ၎င်း၏ဦးခေါင်းကို ပြန်လည်၍ မမော့လိုက်မှီမှာပင် တရားသူကြီးအူးကာသည် ပြုံးလိုက်ပါသည်။ သို့သော်ငြား သူ၏အပြုံးမှာ ပေါ့ပေါ့ရွှတ်ရွှတ်ပင်ဖြစ်၏။

ထို့နောက် အူးကာသည် လက်သမားတစ်ယောက်ကို လှမ်းခေါ်ယူလိုက်သည်။

"တိုဆူကီအိမ်ကို အခုသွား၊ သူ့အိပ်မှာ တံခါးပေါက်တစ်ပေါက်ထဲပဲ ပွင့်နေတာရှိတယ်၊ အဲဒီပွင့်နေတဲ့တံခါးပေါက်ကို ပြန်ပိတ်လိုက်၊ သံရိုက်ထားခဲ့"

အူးကာက လက်သမားသို့ ပြောလိုက်သည်။

"တိုဆူကီ"သည် အလန့်တကြား ဖြစ်သွား၏။

"ဘယ်လို ... ဘယ်လိုများလဲဗျာ"

"တိုဆူကီ"က ဒရောသောပါး မေးသည်။

"မင်းတာ အလျှုငွေထည့်ဝင်ဖို့ မလိုအပ်တော့ဘူးလေ၊ အလှူငွေ သတ်မှတ်ထားရှိတာက တံခါးတစ်ပေါက်ရှိရင် ရွှေဒင်္ဂါးပြားတစ်ပြား၊ တံခါးပေါက်နှစ်ပေါက်ဆိုရင် ရွှေဒင်္ဂါးပြားနှစ်ပြား အခုကျတော့ မင်းအိမ်မှာ တံခါးပေါက်ဆိုလို့ တစ်ပေါက်တောင်မရှိတော့ဘူး။ မင်းကလည်း တံခါးပေါက် တစ်ပေါက်တစ်လေတောင် မထားတော့ဘူးလေ"ဟု တရားသူကြီးအူးကာက ရှင်းလင်းပြောဆို၏။

"ကျွန်တော် အိမ်ထဲကို ဘယ်လိုဝင်ရမှာလဲခင်ဗျာ"

"အဲဒါက ငါ့အနေနဲ့ ထားရှိရမဲ့ အပူအပင်မှ မဟုတ်တာပဲ" တရားသူကြီးအူးကာက ပြောသည်။

"ကိုဆူကီ … မင်းဟာ အလှူငွေထည့်ဝင်ချင်တဲ့ဆန္ဒမှ မရှိတာဘဲ။ အဲ့ဒီတော့ ငါ့အနေနဲ့က မင်းအလှူငွေ မထည့်ဝင်ရမဲ့နည်းလမ်းဆိုတာ အခုနည်းလမ်းပဲကွဲ့။ တံခါးပေါက်တစ်ပေါက် ရွှေဒင်္ဂါးပြားတစ်ပြားရယ်လို့ အတိအကျ သတ်မှတ်ထားတာ၊ အခု ကိုဆူကီအိမ်မှာ တံခါးပေါက် မရှိတော့ ရွှေဒင်္ဂါးတစ်ပြားနှုန်းနဲ့ အလှူငွေ ထည့်ဝင်စရာဆိုလို့ လိုအပ်မှ မလိုအပ်တော့တာဘဲ ကိုဆူကီ၊ ကျေနပ် အားရမှာပါ သဘောကျမှာပါ"

"ကျွန်တော့်အိမ် လက်ဖက်ဆိုင်မှာ ရောင်းရဝယ်ရတာပါ၊ အခု ကျွန်တော့်လက်ဖက်ဆိုင်မှာ ဘာမျှ ရောင်းလို့ဝယ်လို့ ရမှာ မဟုတ်တော့ဘူး၊ ကျွန်တော် စားဖို့ အိပ်ဖို့တောင် အိမ်ထဲဝင်လို့မရတော့ဘူး တရားသူကြီးမင်းခင်ဗျာ၊ ပြီးတော့ ကျွန်တော့်ပိုက်ဆံတွေ အားလုံး အိမ်ထဲမှာ ထားထားတာ"

"အဲ့ဒီလို အနေအထားတွေ ဖြစ်လာကြမယ်ဆိုတာ မင်းသိရှိထားသင့်တာပေါ့၊ တစ်ကြိမ်မှာ ငါဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ပြီးရင် ဘယ်တော့မှ အပြောင်းအလဲ မလုပ်တော့ဘူး ကိုဆူကီ၊ တရားသူကြီး တစ်ယောက်ရဲ့စိတ်ကို အပြောင်းအလဲ ဖြစ်သွားစေဖို့ဆိုတာ ဘယ်သူကမျှ ဘယ်လိုမှ အသုံးချလို့ရမှာ မဟုတ်ဘူး၊ သွားတော့ ကိုဆူကီ"

ကိုဆူကီသည် အနီးအပါးတွင် ရှိနေကြသောသူများ၊ တန်းစီ

နေကြသောသူများတို့သို့ သူ့ဘက်ကနေပြီး ဝိုင်းဝန်းပြောဆိုပေးကြဖို့ ကြိုးစားပမ်းစား ပြုရှာသည်။ သို့သော်ငြား ထိုသူများတို့က "တိုဆူကီ"၏ ... အလိုလောဘကြီးမားမှုအပေါ် စိတ်ဆိုးမာန်ဆိုးဖြစ်နေကြ၏။ သူတို့တစ်တွေသည် "တိုဆူကီ"ကို ကူညီမှု မပြုကြပေ၊ ငြင်းဆန်ကြသည်။

ထိုညတွင် "တိုဆူကီ"နှင့် ဇနီးသည်သည် ယင်းတို့ပိုင်ဆိုင်သော အိမ်ကြီးအိမ်ကောင်းအတွင်းသို့ ဝင်၍မရပေ။ သူတို့ဇနီးမောင်နှံသည် လမ်းမပေါ်မှာပင် အိပ်စက်ကြရ၏။

ထိုညမှာပင် မိုးကရွာချလိုက်ပြန်သည်။ "တိုဆူကီ"နှင့် ဇနီးတို့သည် အချမ်းပြေပျောက်စေရန် တစ်ယောက်နှင့်တစ်ယောက် တိုးဝှေ့ပူးကပ်နေကြရသည်။ မိုးရွာလာသည့်အခါ လေသည်လည်း တစ်ပါးတည်း ဝှေ့ရမ်းတိုက်ခတ်လာသည်ပဲ။

* * *

နောက်တစ်နေ့တွင် ဖြစ်ပါသည်။ "တိုဆူကီ" တစ်ကိုယ်လုံးသည် ညက ရွာသွန်းချသော မိုးကြောင့် ရွှဲရွှဲစိုနစ်နေပါသည်။ သူ့စိတ်သည်လည်း မသက်မသာ ဖြစ်နေ၏။ ထိုသွင်ပြင်ပုံပန်းဖြင့်ပင် "တိုဆူကီ"သည် တရားသူကြီးအူးကာ၏ နေအိမ်သို့ ရောက်ရှိ

လာ၏။

"တရားသူကြီးမင်း ဲ့ူးကာခင်ဗျာ"

တိုဆူကီသည် အော်အော်တစ်တစ်ပင် ပြုလိုက်၏။

"တရားသူကြီးမင်း ကျွန်တော့်ကို သနားပါ ကူညီပါ ..."

"တံခါးပေါက်မရှိရင် အလျှုငွေ ထည့်ဝင်စရာမလိုဘူး"

အူးကာ တို့ပြန်ပြောဆို၏။

"အဲ့ဒါ ငါမပြင်ဆင်ဘူး"

"တရားသူကြီးမင်း အူးကာခင်ဗျာ၊ ကျွန်တော် စိတ်ရှင်းရှင်း ကျေကျေနပ်နပ်နဲ့ပဲ ကျွန်တော့်နေအိမ်မှာရှိတဲ့ တံခါးခြောက်ပေါက်အတွက် တံခါးပေါက်တစ်ပေါက် ရွှေဒင်္ဂါးပြားတစ်ပြားနှုန်းနဲ့ ရွှေဒင်္ဂါး ခြောက်ပြားတိတိ မိဘမဲ့ကလေးများဂေဟာ အဆောက်အအုံတည်ဆောက်ဖို့ အလျှုငွေထည့်ဝင်ပါမယ်ခင်ဗျာ ထည့်ဝင်ပါ့မယ်၊ ထည့်ဝင်ပါ့မယ်"

"ပြောရဆိုရ ခက်လိုက်တာ"

အူးကာက ပြောသည်။

"ငါက မင်းကို အလျှုငွေမပေးဆောင်စေဖို့ ဆုံးဖြတ်ချက်ချမှတ်ထားရှိခဲ့ပြီးပြီပဲ၊ ဆုံးဖြတ်ချက်ကို မပြောင်းမလဲနိုင်ဘူး တိုဆူကီ"

"တရားသူကြီးမင်းခင်ဗျာ၊ တရားသူကြီးမင်းဟာ ဆင်းရဲသူ

ဆင်းရဲသားတွေကို ဖြည့်ဆည်းပံ့ပိုးပေးပါတယ်လို့ အမည်သတင်း ကျော်ကြားထင်ရှားနေတဲ့သူပါပဲ၊ အခုဆိုရင် ကျွန်တော်ဟာ ဂျပန် နိုင်ငံတစ်နိုင်ငံလုံးမှာ အနံ့ချာဆုံး အဆင်းရဲဆုံး လူတစ်ယောက် ဖြစ်နေပါပြီခင်ဗျာ၊ ကျွန်တော့်ကို အကူအညီပေးပါခင်ဗျာ”

“ကောင်းပြီလေ၊ တကယ်လို့ လိုက်နာဆောင်ရွက်နိုင်မယ် ဆိုရင်ပေါ့လေ၊ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ ငါဟာ မင်းကို တစ်စုံတစ်ရာ အကူအညီ ပေးနိုင်ပါတယ်၊ အကယ်လို့များပေါ့လေ၊ မင်းဟာ မိဘမဲ့ကလေး ဆယ့်နှစ်ယောက်ကို မင်းရဲ့ အိမ်ကြီးအိမ်ကောင်းမှာ ထိန်းသိမ်းထားရှိပေးနိုင်မယ်ဆိုရင် မင်းရဲ့အိမ်ဟာ တရားဝင်စွာနဲ့ မိဘမဲ့ကလေးများဂေဟာ အဆောက်အအုံတစ်ခု ဖြစ်လာလိမ့်မယ်၊ မိဘမဲ့ကလေးများဂေဟာ အဆောက်အအုံတွေဆိုတာ အလှူငွေ မကောက်ခံကြဘူး။ အဲ့ဒီတော့ တိုဆူကီအိမ်ဟာ မိဘမဲ့ကလေးများ ဂေဟာ အဆောက်အအုံတစ်ခု ဖြစ်မြောက်သွားခဲ့ရင် ဘာဆိုဘာမျှ ထည့်ဝင်ဖို့ မလိုဘူး၊ လှူဒါန်းဖို့မလိုဘူး။ ငါဟာ ချမှတ်ပြီးတဲ့ ဆုံးဖြတ်ချက်တစ်ခုကို နောက်ကြောင်းပြန်လှည့်လိမ့်မှာမဟုတ်ဘူး တိုဆူကီ။ မိမဲ့ဘမဲ့ကလေးတွေလည်း [illegible] နေကိုင်ကြဖို့ အဆောက်အအုံ တစ်ခု ရရှိသွားကြလိမ့်မှာ[illegible] ဒီ “မိဂူရို”မြို့နေ အဆောက် အအုံတည်ဆောက်ဖို့ အလှူငွေတည့်ဝင်ထားရှိကြတဲ့သူတွေလည်း

သူတို့ ထည့်ဝင်ထားရှိကြတဲ့ အလှူငွေတွေကိုလည်း အသီးသီး ပြန်လည် ရရှိကြတော့မှာဖြစ်တယ်၊ ဒီ "မီဂူရို" မြို့မှာ နေထိုင်ကြတဲ့ အလှူရှင်တွေအားလုံး ရှင်မြူးသွားကြမှာ အမှန်ပါပဲ၊ အခု တရား မျှတခြင်းဆိုတာ ဒီနည်းဒီပုံပဲ ဖြစ်သင့်ပါတယ်လေ"

"မိတမဲ့ကလေး ဆယ့်နှစ်ယောက်ကို ကျွန်တော်ရဲ့ နေအိမ်ကို ခေါ်ဆောင်သွားရမှာတဲ့လား တရားသူကြီးမင်းအူးကာခင်ဗျာ၊ အဲ့ဒါ မဖြစ်နိုင်တာပဲ၊ ဒီလောက် အရေအတွက်များပြားတဲ့ကလေးတွေ အတွက် ဆန်တွေ ဘယ်လောက်ချက်ပြုတ်ကုန်ကျရမှာလဲ၊ သူတို့ တစ်တွေကို တိုက်ကျွေးရမဲ့ လက်ဖက်ရည်အတွက် လက်ဖက်ရည် ဖိုးတွေ၊ အဲ ... ပြီးတော့..."ဟု တိုဆူကီက မေးပြော ပြောသည်။

"ငါသိတယ် တိုဆူကီ မင်းပိုင်ဆိုင်တဲ့အိမ်ဟာ ဘယ်လောက် ခမ်းနားတဲ့ အိမ်ကြီးအိမ်ကောင်းတစ်အိမ်လဲဆိုတာ၊ ပြီးတော့ မင်း ဘယ်လောက်ငွေကြေးချမ်းသာကြွယ်ဝနေသလဲဆိုတာ၊ မင်းဟာ မွဲပြာသွားမှာမှ မဟုတ်တာ"

အူးကာက ကြမ်းကြမ်းတမ်းတမ်း ပြောဆိုလိုက်သည်။

"ကောင်းပါပြီ ထားလိုက်ပါတော့ ဒါပေမဲ့ ကုန်ကျစရိတ်စက က ဝန်ထုပ်ဝန်ပိုး"ဟု တိုဆူကီက ပြောလာပြန်သည်။

"တိုဆူကီ ... မင်းဟာ ငါ့ရဲ့အချိန်တွေကို / ဖြုန်းတီးပစ်

နေတယ်" အူးကာက ဖေါ်သတကြီး ပြောသည်။

"မင်း ... မိဘမဲ့ကလေးဆယ့်နှစ်ယောက်ကို မင်းရဲ့အိမ်မှာ ခေါ်ယူကျွေးမွေးထားမလား၊ ဒါမှမဟုတ် ငါ့အစောပိုင်းက ဆုံးဖြတ်ချက် ချမှတ်ထားရှိခဲ့တဲ့အတိုင်း တံခါးပေါက်မရှိတော့ တံခါးပေါက်တစ်ပေါက် ရွှေဒင်္ဂါးပြားတစ်ပြားနှုန်းနဲ့ အလှူငွေထည့်ဝင်စရာမလိုတော့ဘူး။ မင်းလည်း အိမ်ထဲဝင်လို့ မဖြစ်တော့ဘူး မဟုတ်လား။ အဲ့ဒါပဲလား တစ်ခုမဟုတ် တစ်ခုခု"

လက်ဖက်ကုန်သည်ကြီး၊ ငွေကြေးချမ်းသာသူ တိုဆူကီသည် လမ်းပေါ်တွင် အိပ်စက်ခဲ့ရသည့်အခြေမှ မိမိ၏နေအိမ်သို့ တရားဝင်စွာ ဝင်ရောက်နေထိုင်ခွင့်ရရှိလာရန်မှတစ်ပါး အခြားအမျိုးအစားနည်းလမ်းကို ရွေးချယ်ရန် မရှိတော့ပါပေ။

သို့ဖြင့် "တိုဆူကီ"သည် မိမိ၏နေအိမ်တွင် တရားဝင်စွာ နေထိုင်ခွင့် ရရှိလာရန်အလို့ငှာ မိဘမဲ့ကလေးပေါင်း ဆယ့်နှစ်ယောက်ကို နေအိမ်မှာပင် နေထိုင်စေကာ ကျွေးမွေးစောင့်ရှောက်ထားရပေသည်။

ယင်း၏နေအိမ်သည် လူနေအိမ်အမျိုးအစားမှသည် မိဘမဲ့ကလေးများဂေဟာ အဆောက်အအုံသို့ အသွင်ပြောင်းလဲသွားရသည်။

မိတ်ဆွေစာပေ

ပထမဦးစွာတွင် "တိုဆူကီ"နှင့် ဇနီးသည်တို့သည် မိဘမဲ့ ကလေးပေါင်း ဆယ့်နှစ်ယောက်နှင့်အတူ နေ့စဉ်နေထိုင်နေရသဖြင့် သူတို့နှစ်ဦးသည် စိတ်မသက်မသာ မချမ်းမမြေ့ ဖြစ်ကြရသည်။

"တိုဆူကီ"သည် မိဘမဲ့ကလေး ဆယ့်နှစ်ယောက်တို့၏ အသံ ဗလံများကို နေ့စဉ်ကြားနေရသဖြင့် စိတ်ပျက်လက်ပျက် ဖြစ်နေ ရ၏။ အစားအစာ အာသာမပြေ ဖြစ်နေရသည်။ စားချင် သောက်ချင် စိတ်ပင် ကုန်ခန်းနေရသည်။

"တိုဆူကီ"တွင် ထိုခံစားမှုဖြင့်ပင် အချိန်များ ကုန်ဆုံးခဲ့ရ၏။ နေ့ရက်များ တစ်နေ့ပြီးတစ်နေ့ ရွေ့လျားလာခဲ့ရသည်။ ထိုအခါတွင် "တိုဆူကီ"သည် ကလေးများနှင့်အတူ နေ့စဉ်နေထိုင်နေရသဖြင့် ကလေးများအား တွယ်တာလာ၏။ နောက်ဆုံး ချစ်ခင်လာ၏။

ထိုအခြေအနေဖြင့်ပင် "တိုဆူကီ" နေထိုင်ရာ အိမ်ကြီးအိမ် ကောင်းသည် ဂျပန်ပြည်အတွင်းတွင် ပျော်စရာ ရွှင်စရာအကောင်းဆုံး အိမ်ကြီးအိမ်ကောင်းတစ်အိမ်သို့ ဖြစ်တည်လာခဲ့ပေသည်။

# မိုးမခပင် သက်သေတည်

"ရေဒိုမြို့"တွင် တရားသူကြီး "အူးကာ"၏ အမည်သတင်းသည် ပျံ့နှံ့ကျော်ကြား၏။ အမှန်တရားနှင့် စပ်လျဉ်းလာလျှင် စူးစမ်းဖော်ထုတ်မှုအပိုင်းနှင့် ဆက်နွယ်၍ပဲဖြစ်သည်။ သို့ဖြင့် ပြစ်မှုကျူးလွန်သူများသည် တရားသူကြီးအူးကာနှင့် ရင်ဆိုင်ရမည့်အရေးတွင် ဖိန့်ဖိန့်တုန်စွာ ရှိနေကြသည်။

တစ်ဖန် တရားသူကြီးအူးကာက ပြစ်မှုကျူးလွန်သည်ဟူ၍ သံသယဝင်မိပြီဆိုလျှင်လည်း ထိုသံသယအဝင်ခံရသူသည် တရားသူကြီးအူးကာသို့ အပြစ်ကျူးလွန်မှု ပြုခဲ့ပါကြောင်းဖြင့်လည်း အလျှင်အမြန် ဝန်ခံမှု ပြုလိမ့်မည်ပင်ဖြစ်သည်။ အူးကာကဲ့သို့ ကျော်ကြားထင်ရှားသော တရားသူကြီးတစ်ဦးထံမှာ အပြစ်မရှိဟူ၍ ကွယ်ကာ

ဝှက်ကာ ဖုံးဖုံးဖိဖိ ကြိုးစားပမ်းစား ပြုနေပါလျှင်လည်း အချည်းနှီးမျှသာဖြင့် ဗူးပေါ်သလို ပေါ်လာမည်ပဲဟူ၍ အထင်အမြင်ရှိနေခဲ့သည့် အတွက်ပဲဖြစ်သည်။

ထိုသို့သော အနေအထားနှင့် စပ်လျဉ်း၍လည်း တရားသူကြီးအူးကာသည် မိမိကိုယ်ကိုမိမိ အထင်အကြီး ရှိခဲ့ပေသည်။

* * *

တစ်နေ့တွင်ဖြစ်သည်။ တရားသူကြီးအူးကာ၏ တရားရုံးတော်သို့ "ကူရို"သည် ဧည့်သည်အဖြစ် ရောက်ရှိလာ၏။

"ကူရို"သည် ဂုဏ်သရေရှိသူတစ်ဦးဖြစ်သည်။ "ကျိုတိုမြို့"မှ ထင်ရှားကျော်ကြားသော တရားသူကြီးတစ်ဦးလည်းဖြစ်သည်။

အူးကာသည် ဧည့်သည်တရားသူကြီး "ကူရို"၏ ရှေ့မှောက်တွင် ယင်း၏ တရားစီရင်ဆုံးဖြတ်မှု စွမ်းရည်စွမ်းစနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာ ဖြစ်သွားစေရမည်ဟူ၍ ဆုံးဖြတ်မှု ပြုလိုက်သည်။

ထိုနေ့က တရားသူကြီးအူးကာ၏ တရားရုံးတော်သို့ ရောက်ရှိလာသော အမှုမှာ လုယက်မှုတစ်ခုဖြစ်၏။ လုယက်ခံရသည့်သူမှာ "မွန်ပေအိ"ဆိုသူဖြစ်သည်။ လွန်ခဲ့သည့်လပေါင်း အတန်ကြာက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လုယက်မှုဖြစ်ပွားခဲ့သည့်နေရာမှာ "အိုချန်

နိမ်ရူ”အမည်ရှိ ကျေးရွာတစ်ရွာတွင်ဖြစ်သည်။ အသွားအလာ အလှမ်း ကွာဝေးသည့်ရွာဖြစ်သည်။

“ကျွန်တော်မျိုးကို လုယက်သွားတဲ့သူကို မြင်တွေ့တာနဲ့ မှတ်မိပါတယ်၊ သူ့နာမည်က ဂိုဟေအီပါ၊ ရေဒိုမြို့ကပါခင်ဗျာ” ဟု လုယက်ခံရသူ “မွန်ပေအီ”က ဆိုသည်။

စင်စစ် သက်သေအထောက်အထားဟူ၍ မရှိပါပေ။ လုယက် ခံရသူ “မွန်ပေအီ”၏ စဆိုသက်သက်မျှသာဖြစ်၏။ သို့ရာတွင် တရားသူကြီးအူးကာက “ဂိုဟေအီ”သည် အမှန်တကယ် ဖြစ်မှု ကျူးလွန်သူဟူ၍ တပ်အပ်စွပ်စွဲလိုက်သည်။ “ဂိုဟေအီ”အား အထိတ်တလန့်ဖြစ်စေပြီး ယင်းထံမှ ဖွင့်ဟဝန်ခံမှုကို ရယူမည်ဟူ၍ စိတ်ကူးလိုက်သည်။

တရားသူကြီးအူးကာသည် သံသယဝင်နေသူ “ဂိုဟေအီ”ကို မျက်နှာထားတင်းတင်းဖြင့် ကြည့်လိုက်သည်။

“ငါ့အနေနဲ့တော့ ရှင်းနေတာပဲ၊ ဒီမှာ ဂိုဟေအီ၊ မင်းမှာ အပြစ်ရှိတယ်”

အူးကာက ပြတ်တောင်းစွာ ပြောလိုက်သည်။

သို့ပင်သို့ငြား အူးကာအတွက် ကံအကြောင်းမလှ ဖြစ်ရ၏။ အကြောင်းကား “ဂိုဟေအီ”သည် ပါးနပ်ချက်ချာမှု ရှိသူတစ်ဦး

အပြင် အတွေ့အကြုံရှိသော ပြစ်မှုကျူးလွန်သူတစ်ဦးလည်းဖြစ်သည်။ ဂိုဟေအီအား လွယ်ကူစွာ လှည့်စားမရ၊ ပြောမရ၊ မေးမရ၊ စစ်ဆေးမရ။

"ဂိုဟေအီ"သည် တရားသူကြီးအူးကာ၏ တင်းမာသော မျက်နှာပေးကို ရဲတင်းစွာ တုံ့ပြန်ကြည့်လိုက်သည်။

"ကျွန်တော် လုယက်သူ မဟုတ်ရပါဘူး တရားသူကြီးမင်း ခင်ဗျာ" စွပ်စွဲခံရသူ "ဂိုဟေအီ"က တုံ့ပြန်သည်။

"မွန်ပေအီက မှားယွင်းပြောတာပါ၊ ကျွန်တော်မကျူးလွန်ပါဘူး"

ထိုခဏမှာပင် တရားသူကြီးအူးကာသည် ညှိသည့်တရားသူကြီး "ကူဂို"ကို ဖြတ်ခနဲကြည့်လိုက်၏။ ညှိသည့် "ကူဂို"သည် မသိလိုက် မသိဘာသာဟန် ဖြစ်နေ၏။

သို့ရာတွင် တရားသူကြီးအူးကာ သိရှိလိုက်ပါသည်။ ညှိသည့်တရားသူကြီးကူဂိုက မိမိသည် သံသယရှိနေသော လုယက်မှုကျူးလွန်သူ "ဂိုဟေအီ"ကို စစ်ဆေးမေးမြန်းမှု ပြုနေရာတွင် အခက်အခဲ အကြပ်အတည်း ဖြစ်ပေါ်နေသည့်အနေအထားကို ထင်သာမြင်သာ ဖြစ်နေသည့်အတွက် တိတ်ဆိတ်စွာ အကဲခတ်နေသည်ကို တရားသူကြီးအူးကာ ရိပ်စားသိရှိလိုက်သည်။ စင်စစ်

တရားသူကြီးအူးကာနှင့် ညှိသည်အဖြစ်ရောက်ရှိလာသော တရားသူကြီး "ကူဂျို"တို့နှစ်ဦးသည် ဗြိုင်ဘက်များဖြစ်ကြသည် မဟုတ်ပါလား။ ယခုအရေးတွင် ညှိသည်တရားသ[illegible]း "ကူဂျို"က အိမ်ရှင် တရားသူကြီးအူးကာသည် လုယက်မှုကျူးလွန်သူဟူ၍ သံသယရှိ နေသော "ဂိုဟေအီ"ကို ဝန်ခံလာစေရန် စစ်ဆေးရာတွင် ဘေးကျပ်နံကျပ် တွေ့နေသည့်အဖြစ်ကို မှန်းဆမိလိုက်၏။ မြွေမြွေချင်း ခြေမြင်ကြခြင်းပါပဲလေ။

အူးကာသည် ညှိသည်တရားသူကြီး ကူဂျို၏မျက်မှောက်မှာပင် လုယက်မှုသံသယရှိသူ "ဂိုဟေအီ"ကို [illegible]စစ်ဆေးရာတွင် အဆင်မပြေ ဖြစ်နေသဖြင့် စိတ်ကသိကအောက် ဖြစ်[illegible]၏။ တစ်ဘက်မှလည်း ရှက်ကိုးရှက်ကန်း ဖြစ်နေ၏။ နားရွက်နှစ်ဘက်သည် နီမြန်းလာ၏။

အူးကာသည် ဝတ်ဆင်ထားသော ကီမိုနိုအဝတ်အစား ဒါး စည်းအကြားမှ ယပ်တောင်ကို ထုတ်ယူလိုက်သည်။ ထို့နောက် သူ့ကိုယ်သူ တဖျပ်ဖျပ် ယပ်ခတ်နေလိုက်သည်။

"ဒီနေရာမှာ ခင်ဗျား သိသိသာသာကြီးကို ပူအိုက်နေတာပါပဲ ကလား"

ညှိသည်တရားသူကြီး "ကူဂျို"က ပြောလာသည်။

"လာဗျာ၊ လက်ဖက်ရည်ဆိုင်ဘက်ကို လျှောက်ကြရအောင်၊ တရားရုံးကလူတွေလည်း ခင်ဗျားကိုတွယ်ရမဲ့အမှုထဲက လူနှစ်ယောက်ကို ခပ်ကြမ်းကြမ်းလေး စစ်မေးနေကြတုန်းပဲ ရှိနေအုံးမှာပါ"

"ကျုပ်ရဲ့တရားရုံးမှာ ခပ်ကြမ်းကြမ်း စစ်တာဆေးတာမျိုး ဘယ်တော့မှ မရှိခဲ့ဘူးပါဘူး"ဟု တရားသူကြီး အူးကာက အေးအေးဆေးဆေးပဲ ပြောသည်။

"အပြစ်ကင်းရှင်းတဲ့လူကို အပြစ်ကျူးလွန်တဲ့လူ ထိုက်ခံစားရတာမျိုး တစ်တန်းတစ်စားတည်း မဖြစ်စေရဘူး၊ ကျုပ်ဒီအမှုကို အလွန်တိုတောင်းတဲ့အချိန်အတွင်းမှာ ကျုပ်ဖြေရှင်းပြနိုင်မှာပါ..."

"အခုအမှုကို ခင်ဗျားဖြေရှင်းနိုင်ခဲ့ပြီဆိုရင်တော့ ..."

ညှိသည်တရားသူကြီး "ကူဂျို"က ထွေလုံးဝေါ်လုံးဖြင့်ပင် ပြောသည်။ ခင်ဗျားရဲ့တွေးခေါ်မြော်မြင်မှုနဲ့ စပ်လျဉ်းပြီး ကျုပ်ကြားသိခဲ့ပြီးတဲ့ အလွန်အံ့ဩဖွယ်ရာကောင်းတဲ့ ဖြစ်ရပ်ဇာတ်လမ်းတွေဟာ အမှန်အကန်တွေပါပဲရယ်လို့ ကျုပ်ဝန်ခံရတော့မှာပဲဖြစ်ကာယ်၊ ကျုပ်ကိုယ်တိုင်လည်း တခြားအဖြေမှ မတွေ့တာ"

အူးကာသည် စိတ်အနှောင့်အယှက်ဖြစ်သည့်ဟန်ဖြင့် ဖွင့်ထားသော ယပ်တောင်ကို ဖျတ်ခနဲ ပိတ်လိုက်၏။ သံသယရှိနေသူ "ဂိုဟေအီ"ကို လက်ညှိုးထိုးကာ "မင်းဟာ မွန်ဟေအီဆိုတဲ့

ဂျူကိုအိုချန်နိုမီဇူရွာမှာ လုယက်ခဲ့တယ်ဟုတ်လား”ဟု မေးလိုက်သည်။

“တရားသူကြီးမင်းခင်ဗျာ၊ အဲ့ဒီ အိုချန်နိုမီဇူဆိုတဲ့ရွာကို တစ်ခါဘူးမျှ မရောက်ခဲ့ဘူးခင်ဗျာ”

‘ဂိုဟေအီ’က ပြောသည်။

“ဟုတ်ပြီ”ဟု အူးကာက ပြောသည်။

သံသယရှိနေသူ “ဂိုဟေအီ” ၏အဖြေကို ကျေနပ်မှု ရှိသွားသည်။

သို့ဖြင့် အူးကာသည် တိုင်ကြားလာသူ “မွန်ပေအီ”ဘက်သို့ မျက်နှာမူကာ ...

“မွန်ပေအီ ... မင်းဟာ မင်းရဲ့ လူသူမနှစ်မြို့နိုင်တဲ့ အပြုအမူအချို့ကို ဖုံးကွယ်ချင်တာနဲ့ တစ်ဦးတစ်ယောက်အပေါ် မှားမှားယွင်းယွင်း စွပ်စွဲကာ အမြစ်ပုံချတာပဲလို့ ကျုပ်ယုံကြည်မိတယ်”ဟု ပြောလိုက်သည်။

“တရားသူကြီးမင်း”

“မွန်ပေအီ”က အသံကျယ်စွာ ပြောလိုက်သည်။

“ကျွန်တော် ... ကျွန်တော်မျိုးဟာ ...”

“လုယက်မှုနဲ့ စပ်လျဉ်းပြီး သက်သေအထောက်အထား မဖော်ပြနိုင်ဘူးလို့ဆိုရင်၊ မင်းက ကျုပ်ရဲ့အမြီးသတ် ဆုံးဖြတ်ချက်ဟာ

ဘယ်လိုဖြစ်လာမလဲဆိုတာ မင်းက မျှော်လင့်ထားရှိလို့လဲ"

"တရားသူကြီးမင်း ... တရားသူကြီးမင်း"

ကြောက်ရွံ့နေသော မွန်ပေအီက အော်အော်ဟစ်ဟစ် ပြုလိုက်သည်။

"ကျွန်တော်မျိုး သက်သေအထောက်အထားကို ဘယ်လိုပြသနိုင်မှာလဲခင်ဗျာ၊ အဲ့ဒီအချိန်တုန်းက ညကြီးမင်းကြီးခင်ဗျာ ကျွန်တော်မျိုးရဲ့ အနီးအနားမှာ ဘာဆိုဘာမျှ မရှိပါဘူး၊ အဲ ... မိုးမခပင်တစ်ပင်ကလွဲလို့ပေါ့လေ"

"မိုးမခပင်တစ်ပင် ဟုတ်လား"

တရားသူကြီးအူးကာက လေးလေးနက်နက် တွေးလိုက်ပေသည်။

"အဲ့ဒါဆို လုံလောက်တယ်၊ သက်သေဖြစ်တယ်၊ မိုးမခပင်ကို တရားရုံးတော်ကို သယ်ဆောင်လာခဲ့လေ"

ထိုအချိန်တွင် တရားရုံးတော်တွင် ရောက်ရှိနေကြသောသူများသည် တရားသူကြီး အူးကာကို အံ့ဩစွာ ကြည့်ရှုလိုက်ကြသည်။ တရားသူကြီးအူးကာသည် ယခုအမှုကို ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမှာ မစွမ်း၍ သူ၏ပိတ်သည် ကမောက်ကမ ဖြစ်နေပြီးဟူ၍လည်း မှတ်ယူကြသည်။

စွပ်စွဲသူ "မွန်ပေအီ"သည် နေရာမှ မရွေ့မလျား ဖြစ်နေ၏။ သူသည် တရားသူကြီးအူးကာကို ပါးစပ်အဟောင်းသားဖြင့် ရူးရူးစိုက်စိုက် ကြည့်လိုက်သည်။

"ငါ ဘာပြောလိုက်သလဲဆိုတာ မင်းကြားတယ်မဟုတ်လား"

အူးကာသည် စိတ်ဆိုးမာန်ဆိုးဖြင့် အော်ဟစ်ပြောဆိုလိုက်သည်။

"အခု အိုချုဂိုမီဇူရှာကို မင်းမြန်မြန်သွား၊ မင်းရဲ့သက်သေအထောက်အထားအဖြစ် မိုးမခပင်ကြီးကို တရားရုံးတော်ကို ယူဆောင်လာခဲ့၊ မသွားဘူးဆိုရင်တော့ မင်းဟာ မင်းရဲ့သက်သေမိုးမခပင်ကြီးကို တရားရုံးတော်ကို ယူဆောင်လာဖို့ ကြောက်ရွံ့နေတယ်လို့ ငါယုံကြည်လိုက်ပြီ"

"မွန်ပေအီ"သည် လန့်ဖျပ်ကာ တရားရုံးတော်မှ ထွက်ခွာသွား၏။ စိတ်ရှုတ်ထွေးသည့်ပုံပန်းဖြင့် သူ၏ခေါင်းကို ခါယမ်းလိုက်သည်။

အူးကာသည် ဧည့်သည်တရားသူကြီး "ကူဂို"ကို ပြန်လည်လှည့်ကြည့်လိုက်သည်။ အူးကာသည် သူ့ကိုယ်သူလည်း ကျေနပ်စွာရှိနေ၏။

"လာဗျာ မွန်ပေအီတစ်ယောက် "သူ့ဘက်ကသက်သေ

အထောက်အထား မိုးမခပင်ကြီးကို သွားယူနေတုန်း မှာ ကျုပ်တို့ လက်ဖက်ရည်ဆိုင်ဘက်လှည့်လိုက်ကြရအောင် လန်းဆန်းသွားတာပေါ့ဗျာ”ဟု အူးကာက ငြိမ့်သည်တရားသူကြီး “ကူရို”ကို ယဉ်ကျေးစွာ ပြောသည်။

“ကောင်းဗျာ”ဟု ငြိမ့်သည်တရားသူကြီး “ကူရို”က အလောတကြီးပင် ပြောလိုက်သည်။ “ကူရို”သည် တရားသူကြီး အူးကာအား ယခုအချိန်တွင် ရယ်မောပျော်ရွှင်စွာ ရှိနေစေခြင်းသည်သာလျှင် အကောင်းဆုံးပါပဲဟူ၍ အထင်အမြင်ရှိနေလေသည်။ တရားသူကြီးအူးကာသည် အကျိုးသင့် အကြောင်းသင့် စဉ်းစားသင်ခြင်းမှ သိသိသာသာ ယိုင်နဲ့နေခိုက် ဖြစ်သည်ပဲ။

သူတို့နှစ်ဦး တရားရုံးတော် အဆောက်အအုံမှ အပြင်သို့ထွက်ရန်ဆဲဆဲတွင် တရားသူကြီးအူးကာက သက်သေမကာင်းခံနေရသူ်ပေအီအား “မွန်ပေအီ ဒီရုံးတော်ကို ပြန်ရောက်လာတဲ့အထိင်းစောင့်နေ၊ သယ်ဆောင်လာမဲ့ မိုးမခပင်ကြီးက မွန်ပေအီဟာင်းအပေါ် မဟုတ်မဟတ်တာတွေ စွပ်စွဲပြောဆိုထားတာတွေကိုဝတ်ဖော်ပြောဆိုကောင်း ပြောဆိုပါလိမ့်မယ်၊ သက်သေဖြစ်ကောင်းဖြစ်လိမ့်မယ်”

“တရားသူကြီးမင်းခင်ဗျာ”

ပိတ်ဆေးစာပေ

စွပ်စွဲခံထားရသူ "ဂိုဟေအီ"က ပြောသည်။ ဂိုဟေအီက ယင်းသည် ကံကောင်းလာပေပြီဟူ၍ ကျေနပ်ဝမ်းမြောက်နေသည်။

"လူတွေက ခေါ်ကြ ပြောကြ ဆိုကြသလိုပါပဲ၊ တရားသူကြီး မင်းဟာ ပညာရှိတရားသူကြီးဆိုတာ အမှန်အကန်ပါပဲလေ၊ မိုးမခပင် သက်သေအထောက်အထားကို သွားယူနေပါတယ်ဆိုတဲ့ မွန်ပေအီဟာ ထွက်သွားလိုက်တာ ကြာလှပြီ တရားသူကြီးမင်း တော်တော်နဲ့တော့ ပြန်ရောက်လာမှာ မဟုတ်သေးပါဘူး၊ ကျွန်တော်မျိုးမှာ အလုပ် လုပ်စရာ ရှိနေသေးလို့ ပြန်ခွင့်ပြုပါ၊ ကျွန်တော်မျိုးဟာ နောက် တစ်ပတ်မှာ တရားရုံးတော်ကို ပြန်လာမှာဖြစ်ပါတယ်"

"နောက်တစ်ပတ်ဟုတ်လား"

တရားသူကြီးအူးကာက ဒေါသကြီးဖြင့် မေးပြော ပြော လိုက်သည်။

"မင်းရဲ့ကိုယ်ရေးကိုယ်တာ လုပ်ငန်းကိုင်ငန်းအတွက် တရား ရုံးတော်ကို နှောင့်နှေးအောင် ကြန့်ကြာအောင် ပြောဆိုသလိုမျိုးဟာ ဘယ်လောက်များ မင်းက ရဲတင်းလိုက်သလဲလေ၊ အိုချန်နိုမီရွာဟာ "ကန်ဒါ"ဆိုတဲ့နေရာတစ်ဘက်မှာ ရှိနေတာပဲဟာ၊ မွန်ပေအီဟာ တစ်နာရီအတောအတွင်းမှာ တရားရုံးတော်ကို ပြန်ရောက်လာမှာ ဖြစ်တယ်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ တရားသူကြီးမင်းအူးကာခင်ဗျာ"

အိုချန်နိုမိဂူရွာဆိုတာဟာ အများသူငါ ခေါ်ဆိုတဲ့ ဘုံနာမည်ပါ၊ အဲ့ဒီရွာ ဧေသအာမာဆိုတဲ့ စီရင်စုနယ်ထဲမှာ ဖြစ်ပါတယ်။

"အေးလေ ... တစ်ရက်ထက်တော့ ပိုမိုမကြာမြင့်ပါဘူး" ဟု အူးကာက ပြောသည်။

"အမှန်တကယ်ပါပဲ တရားသူကြီးမင်းခင်ဗျာ"

"ဂိုဟေအီ"က ပြောသည်။

"ဒါပေမဲ့လို့ အဲ့ဒီမိုးမခပင်ကြီးဟာ ချောက်ကမ်းပါးမှာရှိတာ၊ အဲ့ဒီ အပင်ကို ခုတ်ဖြတ်လို့ မရရှိနိုင်ဘူးလေ၊ ခုတ်လိုက်ရင် အပင်ကြီးဟာ မြစ်ထဲကို ထိုးကျသွားမှာဖြစ်တယ်၊ ကျွန်တော်မျိုး ဆိုလိုချင်တာက မွန်ပေအီဟာ မြစ်ရေထဲ ထိုးကျသွားတဲ့ အပင်ကြီးကို အသုံးချ မြစ်ရေအစုန်မှာ မျှောလိုက်သွား ..."

"ဂိုဟေအီ"သည် ပြောရင်းဆိုရင်းပင် အသံတိမ်ဝင်သွား၏။ လေသံမျှ ဖြစ်လာသည်။ သူက တရားသူကြီးအူးကာသည် သူ့ကို လှည့်စားမေးမြန်းစစ်ဆေးလိုက်ပြီး ဟူ၍ မှတ်ယူလိုက်ပြီဖြစ်သည်။ အကြောင်းထူးကား "ဂိုဟေအီ"သည် "အိုချန်နိုမိဂူ"ရွာသို့ တစ်ကြိမ် တစ်ခါမျှပင် မရောက်ရှိခဲ့ဘူးပါဟူ၍ပင် ဘုရားစူး ကျမ်းစူး ကျိန်ဆို ပြောဆိုခဲ့သည်ပဲ မဟုတ်ပါလား။

ပိုက်ဆွေစာပေ

တရားသူကြီးအူးကာသည် သို့နှယ် "ဂိုဟောအီ"၏ အခြေအနေအပေါ် ထောင်ချောက်ဆင်လိုက်ခြင်းပဲဖြစ်သည်။ "အိုချန်နိုမိဇူ"ရွာသို့ မရောက်ခဲ့ဘူးပါဟု အခိုင်အမာပြောထားသော စွပ်စွဲခံနေရသူ "ဂိုဟောအီ"သည် မိုးမခပင်ကြီးအကြောင်းကို မည်သို့မည်နှယ် အသေအချာ သိရှိပါသနည်း။ မိုးမခပင်ကြီးသည် ချောက်ကမ်းပါးတွင် ပေါက်ရောက်နေသည့်အကြောင်း ခုတ်လှဲလိုက်ပါလျှင် ရေထဲသို့ ထိုးကျသွားမည်ပင်ဖြစ်ကြောင်း၊ စသည်စသည်တို့ကို "ဂိုဟောအီ"သည် မိုးခပင်ကြီး ပေါက်ရောက်နေသော အိုချန်နိုမိဇူရွာသို့ မရောက်ဘူးပါဟူ၍ ခိုင်မာစွာ ပြောဆိုထားရှိပါလျက် မည်သို့မည်ပုံ စေ့စေ့ငုငုသိရှိရပါသနည်း။ မည်သို့မည်နှယ် အနေအထားကို ဂဃနဏ ကျွမ်းဝင်နေရပါသနည်း။

တရားသူကြီးအူးကာသည် တရားရုံးတော် လုံခြုံရေးဟာဝန်ကျသူကို ခေါ်ယူလိုက်သည်။ သက်သေမကောင်းဖြစ်ခံနေရသူ "ဂိုဟောအီ" ကို အကျဉ်းသားအဖြစ် အကျဉ်းထောင်သို့ ခေါ်ဆောင်သွားစေရန် ဖြစ်သည်။ "ဂိုဟောအီ"သည် အဖမ်းခံရပြီဖြစ်သည်။

"ကျုပ်အခုတော့ သဲသဲကွဲကွဲကြီးကို ယုံကြည်သွားပါပြီ"

ခင်ဗျားနဲ့စပ်လျဉ်းပြီး ကြုံကြားသိခဲ့ရတဲ့ မယုံကြည်နိုင်စရာကောင်းလှတာတွေကို ယုံကြည်လိုက်ပြီ။

ညော့သည်တရားသူကြီး "ကူဂို"က၊ ပြောဆိုသည်။

"အို ... ဒါလေးများ ရိုးရိုးစင်းစင်းလေးပါ"

တရားသူကြီး အူးကာက ပြန်လည်ပြောဆိုသည်။

"ဖြစ်စဉ်တစ်ခုလုံးမှာ စိတ်ကူးလေးပဲ မဆိုစလောက် လိုအပ်တာပါပဲဗျာ"

# မသိရှိပါ

တစ်နေ့တွင်ဖြစ်သည်။ လူကလေးတစ်ယောက်သည် တရားသူကြီးအူးကာ၏ ဝင်းတံခါးသို့ ရောက်ရှိလာ၏။ ယင်း၏အသက်သည် လေးနှစ်ခန့်မျှသာ ရှိနေပါဦးမည်။ ဝတ်စားထားရှိသည်မှာ နွမ်းပါးညံ့ဖျင်းလှပါသည်။ သူ၏မျက်နှာပြင်ပေါ်ဝယ် မျက်ရည်များ စီးကျနေ၏။ သူသည် ခွေးတစ်ကောင်ကို ယူဆောင်လာသည်။ ခွေးသည် အရွယ်အစား သေးသေးငယ်ငယ်ဖြစ်သည်။

အူးကာ၏အစေအပါးသည် လူကလေးကို ဝင်းတံခါးအတွင်းသို့ မဝင်လာရန် ပြုနေ၏။ အူးကာသည် တွေ့မြင်လိုက်၏။ အစေအပါးကို တားမြစ်သည်။

"ကလေး ဘာဖြစ်လာတာလဲ မေးစမ်း"

အူးကာက ပြောလိုက်သည်။

မိတ်ဆွေစာပေ

"ဆရာကြီးခင်ဗျာ သူက ကျွန်တော့်ကို ဘာဆိုဘာမျှ ပြန်မပြောဘူး"

အစေအပါးက ပြန်ကြားပြောဆိုသည်။

"သူပြန်ပြောဖို့ ရှုံးတိုးရှန့်တန့်ဖြစ်နေတယ် ဆရာကြီး"

"အဓိပ္ပာယ်မရှိလိုက်တာ"

တရားသူကြီးက ပြောသည်။

"ကလေးတစ်ယောက်ကို ဘယ်လိုဆက်ဆံရမလဲဆိုတာကို မင်းတကယ်ကို မသိဘူး၊ ငါကိုယ်တိုင်ပဲ မေးစမ်းကြည့်လိုက်မယ်"

သို့သော်ငြား အူးကာသည်လည်း ယင်း၏အစေပါးသို့နှယ် ကလေးထံက နှုတ်တုံ့ပြန်မှု မရရှိခဲ့ပါပေ။

"သေချာတယ်၊ ဒီကလေးဟာ အကျပ်ကိုင်ခံရ အနိုပ်စက်ခံခဲ့ရတယ်"

အူးကာက ပြောသည်။

"ဘယ်သူဘယ်ဝါမှာ အပြစ်တင်စရာ ဖြစ်နေတယ်၊ အဲ့ဒါ စူးစမ်းရှာဖွေဖို့ဆိုတာ ငါ့ရဲ့တာဝန်ပဲ၊ ကြည့်နေ တရားမျှတမှုရှိအောင် တရားဘယ်လိုစီရင်လိုက်မယ်ဆိုတာ"

"ဒါပေမဲ့ သခင်ကြီးအူးကာ"

အစေအပါးက ပြောလာသည်။

"တကယ်လို့များပေါ့လေ၊ ကလေးက စကားမပြောမဆို လာဘူးဆိုရင် သခင်ကြီး ကလေးကို ဘယ်လိုဖေးမ ကူညီနိုင်မှာလဲ"

"အလွန်တော်တယ် အလွန်ထူးချွန်တယ်ဆိုတဲ့ တရားသူကြီး တစ်ယောက်ဟာ တာဝန်ဆိုတာကို ဘယ်လိုမှ ရှောင်မယ်တိမ်းမယ် ဆိုတာမရှိဘူး၊ အခက်အခဲတို့ အကျပ်အတည်းကို့ဆိုတာ ရှိချင် ရှိလေ"

အူးကာက မာမာထန်ထန် ပြောသည်။ ထို့နောက် ကလေး အား အလေးထား ကြည့်ရှုလိုက်သည်။ တစ်ဆက်တည်း ကလေး ဝတ်ဆင်ထားသော ကီမိုနိုအင်္ကျီနောက်ကျောဘက်သို့ သတိပြုမိ လိုက်သည်။ မိသားစုဆိုင်ရာ အမှတ်အသားတစ်ခုကို ရေးချယ်ဖော်ပြ ထားပေသည်။ ယင်းမှာ ဂျပန်လူမျိုးတို့၏ အလေ့အထဖြစ်၏။

"ဒီအမှတ်အသားဟာ ဆိုင်ပိုင်ရှင် ယာဆုကီဆိုသူ မိသားစုရဲ့ အမှတ်အသားပေပဲ"ဟု အူးကာက ပြောသည်။

"ဒီလိုဆိုရင် ဒီကလေးဟာ ယာဆုကီရဲ့သား ကိုဟီချိဆိုတဲ့ ကလေးပဲ ဖြစ်ရမယ်၊ ဖြစ်ရမယ်။ ကဲ ... ကလေးအဖေ ယာဆုကီကို သွားခေါ်စမ်း"

အစေအပါးသည် ကလေးအဖေ ယာဆုကီကို ဝေးဝေးလှမ်း လှမ်းသို့ သွားရောက် မရှာဖွေရပါပေ၊ သူသည် ယာဆုကီကို

လမ်းထောင့်တွင် တွေ့လိုက်ရသည်။

ယာဆူကီသည် "တမ်ဘီ"ဆိုသူနှင့် အတူရှိနေ၏။ "တမ်ဘီ" သည် လက်ဖက်ကုန်သည်ကြီးတစ်ဦးဖြစ်သည်။ အစေအပါးသည် သူတို့ကို ခေါ်လာခဲ့၏။

ယာဆူကီနှင့် တမ်ဘီတို့နှစ်ဦးသည် လူကလေးနောက်သို့ အမီလိုက်ခဲ့ကြသည်။ လူကလေးကို ဖမ်းမိရန်ဖြစ်သည်။ သူတို့နှစ်ဦး လူကလေးကို ဖမ်းမိလုနီးပါးတွင် လူကလေးသည် တရားသူကြီး အူးကာ၏ နေအိမ်ဝင်းတံခါးသို့ ရောက်ရှိသွားခဲ့သည့်အဖြစ်ပင် ဖြစ်ပါ၏။

"တရားသူကြီးမင်းခင်ဗျာ၊ ကျွန်တော်ရဲ့သားဟာ တရား သူကြီးကို စိတ်အနှောင့်အယှက်ဖြစ်စေလောက်အောင် ပြုမူခဲ့ပါ သလားခင်ဗျာ"

ဆိုင်ပိုင်ရှင်က မေးမေးပြောပြော ပြုသည်။

"ကျွန်တော် ကျိုးနွံစွာ တောင်းပန်ပါတယ် လက်ခံပါ"

"မင်းတောင်းပန်နေတာကို ငါစိတ်မဝင်စားဘူး"

တရားသူကြီးအူးကာက ကျယ်လောင်စွာ ပြောလိုက်သည်။

"ငါသိချင်တာက ဘာအကြောင်းကြောင့် မင်းရဲ့သားဟာ အကူအညီရယူဖို့ ငါ့ဆီ ရောက်ရှိလာရတာလဲ၊ သူနှိပ်စက်ခံရတာ

များလား၊ ငါက တရားမျှတရအောင် စီရင်ဆုံးဖြတ်ရမှာပဲ"

"တရားစီရင် ဆုံးဖြတ်မယ်"

လက်ဖက်ကုန်သည်ကြီး "ဟမ်ဘီ"က ကြားဖြတ် ပြော လိုက်သည်။

"တရားသူကြီးမင်း အူးကာခင်ဗျာ၊ တရားစီရင်ဖို့ လိုအပ်နေတာက ကျွန်တော်ပဲ ဖြစ်ပါဟယ်၊ ယာဆူကီရဲ့သား ကိုဟီချီ မဟုတ်ရပါဘူး။ ကျွန်တော်ဟာ ယာဆူကီရဲ့ ဆိုင်အရှေ့က ဖြတ်လာခိုက်မှာပဲ လူကလေး ကိုဟီချီဟာ ခွေးတစ်ကောင်ကို သယ်ဆောင်လာတယ်၊ ခွေးက ခွေးဆိုးဗျ အဲ့ဒီခွေးဟာ ကိုဟီချီဆီကနေ တစ်ဟုန်ထိုး ပြေးထွက်လာပြီး ကျွန်တော်ဝတ်ထားတဲ့ လှပတဲ့ ဟာကာမာအကျီပွ အသစ်စက်စက်ကို ဆွဲကိုက်လိုက်ပါတယ်၊ ဝတ်ရုံပေါက်ပြဲသွားရတဲ့အထိ ဖြစ်သွားရတယ် တရားသူကြီးမင်း။ အဲ့ဒီ ရမ်းကားတဲ့ခွေးကို အပြတ်ရှင်းပစ်လိုက်ရမှာပဲ၊ အဲ့ဒါတရားဥပဒေနဲ့ အညီပဲလေ"

"တရားသူကြီးမင်းခင်ဗျာ ..."

ဆိုင်ရှင်ယာဆူကီက ကြေကွဲစွာ ပြောသည်။

"ဒါဟာ ဥပဒေအတိုင်းပဲဆိုတာ ကျွန်တော်သိရှိပါတယ်ခင်ဗျာ၊ ဒီ့ပိုဆိုရင် ကျွန်တော်ဟာ ဘာအကြောင်းကြောင့်များ ကျွန်တော့်

သား ကိုဟီချိနောက်ကို တကောက်ကောက်လိုက်ရသလဲဆိုတာ ကျွန်တော့်သားဆိုတဲ့အကောင်က ခွေးဆိုတာကို ချစ်မှချစ်ဗျူ၊ သူဟာ သူချစ်တဲ့ခွေးအတွက် ကြိုးစားကာကွယ်ပေးမှာပဲ။ ကျွန်တော်ဟာ အဲ့ဒီ ကျွန်တော့်သားက တရားသူကြီးမင်းကို စိတ်အနှောင့်အယှက် ဖြစ်သွားစေတာကို အပြစ်ပေးရမှယ်၊ အပြစ်ပေးရမယ်”

တရားသူကြီးအူးကာသည် ဒေါသအမျက်ရှိနေသော လက်ဖက်ကုန်သည်ကြီး ဟမ်ဘီကို ကြည့်လိုက်၏။ ခွေးသည်လည်း လူကလေး ကိုဟီချိထံတွင် ရှိနေ၏။ ခွေးသည် အစောပိုင်းက ဆိုးသွမ်းသော်ငြား ယခုကြောက်ရွံ့နေရှာ၏။

တရားဥပဒေနှင့်အညီဆိုရပါလျှင် လက်ဖက်ကုန်သည်ကြီး ဟမ်ဘီအနေဖြင့် မှန်ကန်နေပါသည်။ ဟမ်ဘီ၏ အကျီပွအသစ် ကျပ်ချွတ်ကို လူကလေး ကိုဟီချိ၏ခွေးသည် ဖျက်လိုဖျက်ဆီးပြု ခဲ့သည်ပဲ မဟုတ်ပါလား။ သို့နှယ် ပြုဖူးခဲ့သောခွေးကို ကိစ္စတုံး စီရင်ဖို့ပဲ သင့်နေပေသည်။ သို့ရာတွင် တရားသူကြီးအူးကာသည် ခွေးပိုင်ရှင် လူကလေး “ကိုဟီချိ”အတွက် စိတ်မကောင်းဖြစ်နေရ ပြန်၏။

“ဒီဖြစ်စဉ်မှာ လက်ဖက်ကုန်သည်ကြီး ဟမ်ဘီဘက်က မှန်ကန်နေတယ်လို့ ထင်မြင်ဟန်ရှိနေပါတယ်”ဟု အူးကာက

မိတ်ဆွေစာပေ

ဖြည်းဖြည်းနှေးနှေးပြောသည်။

"ဒါပေမဲ့ ဖြစ်စဉ်တိုင်းဟာ မှန်ကန်ပါတယ်လို့ ထင်ဟန်မြင်ဟန် ရှိနေကြပေမဲ့လည်း အမြဲတစေတော့ ဓမ္မကန်နိုင်ပါဘူး၊ ငါစုံစမ်း စစ်ဆေးရမယ်"

"ဒါပေမဲ့လည်း တရားသူကြီးမင်းခင်ဗျာ"

လက်ဖက်ကုန်သည်ကြီးဟာမ်ဘီက သဘောမတူညီသည့်နှယ် ပြောသည်။

"ဘာတွေ ... ဘာတွေများ စုံစမ်းစစ်ဆေးစရာရှိနေသေး လို့လဲ"

"အကြောင်းအချက်တွေပေါ့ အကြောင်းအရင်းခံတွေပေါ့" အူးကာက တုံ့ပြန်ပြောသည်။

"မင်း ဒီခွေးကို အရင့်အရင်က မြင်ပူးတွေ့ပူးခဲ့သလား"

"ဘာဖြစ်လို့လဲ၊ မြင်ပူးတွေ့ပူးခဲ့တယ်၊ ကျွန်တော်လမ်းထဲကို ဝင်လာတိုင်း ဝင်လာတိုင်း လမ်းမှာ ကိုးလိုကန့်လန့်ဖြစ်နေလို့ လမ်းဖယ်ဖို့ အဲ့ဒီအကောင်ကို ဆောင့်ကန်ပစ်ခဲ့တာချည်းပဲ အဲ့ဒီ လောက်"

"နားလည်ပြီ"

အူးကာက ပြောသည်။

"ကဲ ... အခု မင်းကို ဒီခွေးဆိုးဆိုးတဲ့အကောင်က ကိုက်လိုက်ပြီကွာ၊ မင်းဘာဖြစ်သွားသလဲပြော ..."

"ကျွန်တော် ကီမိုနိုဆိုင်က ချုပ်လုပ်ပေးပြီး ဟာကာမာအင်္ကျီ ပွအသစ်စက်စက်ကို ဝတ်ဆင်လိုက်ပါတယ်၊ အင်္ကျီပွက အရောင် အဆင်းကလည်း အသစ်အဆန်းပါပဲ၊ တန်ဖိုးလည်း ကြီးတယ်ဗျာ၊ ကျွန်တော်က အင်္ကျီပွအသစ်ကိုဝတ်ပြီး အိမ်ကို ပြန်လာခဲ့တယ်။ ကျွန်တော်ပြန်တဲ့လမ်းမှာ ဆိုင်ရှင်ယာဆူကီရဲ့သားပေါ့၊ ခပ်ရိုင်းရိုင်း စိုင်းစိုင်း အကောင်လေ၊ ကျွန်တော့်ကို လှူချင်းဝင်တိုက်တယ်၊ အဲ့ဒါနဲ့ ကျွန်တော်လည်း အဲ့ဒီအရိုင်းကောင်ကို မှတ်လောက် သားလောက်အောင် ခပ်ပြင်းပြင်း တစ်ချက်တန်ထည့်လိုက်တယ်၊ အဲ ... သင်ခန်းစာတစ်ခု ရကောင်းစေဆိုတဲ့ အနေနဲ့ပါပဲ၊ ကလေး တွေကိုတော့ စည်းကမ်းကျနသေသပ်အောင် သင်ကြားလေ့ကျင့် ပေးရမှာပဲ ဖြစ်တယ်လေ"

"ကောင်းပြီ"

အူးကာက ပြောသည်။

"ဆက်ပြောပါအုံး"

"အဲ့ဒါနဲ့ ကျွန်တော်လည်း ကျွန်တော့်ဝင်းခြံထဲ ပြန်လည် ရောက်ပါတယ်၊ ကျွန်တော့်ဝင်းခြံဆိုတာက ဆိုင်ပိုင်ရှင် ယာဆူကီရဲ့

ဗိုက်ဆွေစာပေ

ဆိုင်နဲ့ဆို ဘေးချင်းကပ်ပါပဲ၊ အဲ့ဒီမှာ ခွေးဆိုတာ ကျွန်တော့်ကို ကိုက်ပါရော၊ တရားသူကြီးမင်းကြည့်ပါဦး၊ ကျွန်တော်ဝတ်ထားတဲ့ အသစ်စက်စက် အစိမ်းရောင် ဟာကာမာအင်္ကျီပွ အစုတ်အပြဲ”

အူးကာသည် ဟမ်တီဝတ်ဆင်ထားသော အင်္ကျီပေါ်မှ စုတ်ရာပြဲရာတို့ကို အလေးအနက်ထား ကြည့်ရှု၏။

“အဲ့ဒီအင်္ကျီရဲ့ အရောင်အသွေးမျိုးကို ငါဘယ်တုန်းကမှ မမြင်ခဲ့ဖူးဘူး”

အူးကာက သာမန်ကာလျှံကာမျှပဲ မှတ်ချက်ချလိုက်မိသည်။

“ဒါ တံဆိပ်အသစ်နဲ့ ဆိုးဆေးအရောင်ပါပဲ၊ ဆိုးဆေးသမား ချိုသောဆိုသူရဲ့ ဖွံ့ဖြိုးတိုးတက်မှုပါပဲ”

လက်ဖက်ကုန်သည်ကြီး “ဟမ်တီ”က ဝင့်ကြွားစွာပြောသည်။

“တန်ဖိုးလည်း အလွန်ကြီးမြင့်ပါပေတယ်”

“ငါသိပြီ”

တရားသူကြီးအူးကာက ပြောသည်။

“ပြောစမ်း မင်းဝတ်စားနေကျ ဟာကာမာအင်္ကျီပွရဲ့အရောင်က ဘယ်လိုအရောင်အဆင်းလဲ”

“ဘာကြောင့်များလဲ တရားသူကြီးမင်းခင်ဗျာ၊ အညိုရောင်ပါ။

ဒီကိစ္စမှာ ဘယ်လိုများ ဆက်နွယ်ပတ်သက်နေလို့ပါလဲ”

“အကုန်လုံးပဲ ...”

အိုးကာက တုံ့ပြန်ပြောသည်။

“အခု ငါ အားလုံးကို သဲသဲကွဲကွဲ သိမြင်လိုက်ပြီ၊ ခွေးဟာ မင်း အမြဲတန်းဝတ်ဆင်နေကျ ဟာကာမာအင်္ကျီပွကို သူ့ရဲ့ အမြင် အတွေ့မှာ စွဲထင်နေပြီ၊ ရိုးနေပြီလေ၊ အခု မင်းက အရောင်သစ် တစ်မျိုးနဲ့ အင်္ကျီအသစ်ချပ်ချွတ်ကို ပြောင်းလဲဝတ်ဆင်လာတော့ သူ့အနေနဲ့ ပုံမှန်သမားရိုးကျ မြင်နေတွေ့နေတဲ့ဟာကနေ မှတ်မိ သတိမရရှိနိုင်တဲ့အထိ ဖြစ်သွားရတယ်၊ ခွေးရဲ့အတွေးအမြင်က မင်းဟာ သူခိုးသူဝှက်တစ်ယောက် ဖြစ်နေတယ်ဆိုတာပဲ၊ ဂုဏ်သရေရှိ လူကြီးလူကောင်း လက်ဖက်ကုန်သည်ကြီး ဟမ်ဘီရဲ့နေအိမ်ကို ကျူးကျော်ဝင်ရောက်လာတဲ့ သူခိုးသူဝှက်တစ်ယောက်လို့ မြင်သွား တယ်၊ အဲ့ဒီတော့ ခွေးဟာလည်း ... အိမ်နီးနားချင်းကောင်း တစ်ယောက် ပီသတဲ့အနေနဲ့ ခင်ဗျားလက်ဖက်ကုန်သည်ကြီး ဟမ်ဘီ ခွေးကိုက်ခံရတဲ့အခြေအထိ ရောက်ရှိသွားတော့တာပေါ့ ဟမ်ဘီ ... အဲ့ဒါဟာ မင်းရဲ့အားနည်းချက် လိုအပ်ချက်ပါပဲ။ မင်းဟာ ဟာကာမာအင်္ကျီပွရဲ့ အညိုရောင်ကနေ အစိမ်းရောင်ကို အပြောင်းအလဲလုပ် ဝတ်ဆင်လိုက်တာကို ခွေးမသိဘူးလေ၊ အရောင်

အပြောင်းအလဲကို ထုတ်ဖော်မပြောမဆိုခဲ့တာ မင်းရဲ့ အမှားအယွင်း ပဲ"

"ဒါပေမဲ့ ... တရားသူကြီးမင်းခင်ဗျာ၊ ဒီခွေးက"

"အဲ့ဒီစရာကောင်းလွန်းလှချည်ရဲ့လို့ မင်းဆိုလိုချင်တယ် မဟုတ်လား"

အူးကာက စကားဖြတ်တောက်ပြောလိုက်၏။

"ဒီအတိုင်းပဲ ငါထင်မှတ်တယ်၊ ခွေးကိုတောင် ချီးမြှင့်ရအုံး မယ်၊ တစ်ခုခုပေးရမယ်"

လက်ဖက်ကုန်သည်ကြီး ဟမ်ဘီသည် ချမ်းသာသောသူ တစ်ယောက်ဖြစ်သည်။ သို့သော်ငြား အလွန်နှမြောတွန့်တိုသည်။

"တရားသူကြီးမင်းအူးကာ ခင်ဗျာ"

ဟမ်ဘီသည် ကာကွယ်ပြောဆိုသည်။

"ခွေးတစ်ကောင်ကို ငွေပေးလို့လည်း ဘယ်လိုသုံးစွဲတတ် မှာလဲ"

"ငါက ခွေးကို ငွေပေးလိုက်ဖို့ ဖော်ပြောနေတာမှမဟုတ်တာ"

အူးကာက တုံ့ပြန်သည်။

"မင်းက တစ်ခုခုပေါ့၊ သူကြိုက်တတ်တာကိုပေါ့၊ သူက အသိအမှတ်ပြုလာပါလိမ့်မယ်၊ အခုအချိန်ကစပြီး အဲ့ဒီခွေးကို

ပိတောက်မြေစာပေ

တွေ့တာနဲ့ ခြေနဲ့ကန်ကျောက်မယ် ဘာမယ်လုပ်လိုက်မဲ့အစား၊ သူ့ခေါင်းကလေးကို ပွတ်ပွတ်သပ်သပ် လုပ်ပေးလိုက်ပါ။ သူ့မှာ သခင်ရှိတယ်၊ လူကလေး ကိုဟီချိုပေါ့၊ သူ့သခင်နဲ့လည်း ဖော်ဖော် ရွေရွေ ပြောဆိုဆက်ဆံပါ။ ခွေးတွေဟာလည်း သူတို့သခင်ကိုများ ပျူငှာတယ်၊ ဖော်ရွေတယ်ဆိုရင် သူတို့လည်း အံ့ထူးတလည်ကို ကျေနပ်ကြတာချည်းပါပဲတဲ့၊ သိတာပြောရတာ”

သို့နှယ်ပြုမှုရန် လက်ဖက်ကုန်သည်ကြီးဟမ်ဘီသည် ဗိအား ပေးမှု ခံရသည်။ သို့သော်ငြား ဟမ်ဘီသည် အလွန်စိတ်အနှောင့် အယှက် ဖြစ်ရသည်။ သို့သော်ငြား နောက်ပိုင်းတွင် တရားသူကြီး အူးကာ ပြောဆိုသမျှသည် ခဲယဉ်းမှု ရှိလှသည်မှ မဟုတ်ပါပဲကလား ဟမ်ဘီ သိရှိလာသည်။

ဟမ်ဘီသည် ခွေးကိုလည်းကောင်း၊ ခွေး၏လူကလေး ကိုဟီချိုကိုလည်းကောင်း ဆက်ဆံမှု ပြုခဲ့၏။ ပြေလည်မှု ရှိခဲ့၏။ အဖော်အဖက်ကောင်းများအဖြစ် ချစ်ခင်တွယ်တာစွာ ရှိခဲ့ကြသည်။

မိတ်ဆွေစာပေ

# ဘိုးဘိုးလက်ဆောင်

တရားသူကြီးအူးကာသည် သနားတတ်သောသူလည်း ဖြစ်သည်။ ကြင်နာသူလည်း ဖြစ်သည်။ ထို့အပြင် အူးကာသည် ကလေးသူငယ်များအပေါ် အမြဲတစေ နူးညံ့သိမ်မွေ့စွာ ထိတွေ့ဆက်ဆံမှု ပြုမူသူလည်း ဖြစ်နေပြန်သည်။ သူသည် ကလေးများကို အလွန်ချစ်ခင်သည်။

ကလေးသူငယ်များကို ထိခိုက်နာကျင်စေခြင်း၊ အနာတရ ထိခိုက်ရရှိနေစေခြင်း သို့မဟုတ် အကြပ်ကိုင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း စသည် စသည်တို့ကို ရမ်းကားပြုမူလာသူများကိုလည်း အူးကာသည် သည်းမခံနိုင် ဖြစ်ရသည်။

တစ်နေ့မှာ ဖြစ်ပါသည်။ တရားသူကြီးအူးကာသည် ကြွေထည်ပစ္စည်းများ အရောင်းဆိုင်တစ်ဆိုင်အရှေ့မှ ဖြတ်သန်းသွားသည့်

အခိုက်မှာဖြစ်သည်။ သူသည် ကလေးတစ်ယောက်ကို သတိပြုမိလိုက်၏။

ကလေးသည် ဆိုင်အတွင်း ပြသထားသော ရွှံ့ဖြင့် ပုံဖော်ထားသည့် အရုပ်ကို ကြည့်နေ၏။ အရုပ်မှာ သုံးရုပ်ဖြစ်၏။ ခွေးရုပ်များ ဖြစ်ကြသည်။ အရွယ်အစားအားဖြင့် အလွန်ကြီးမား၏။

ကလေးဝတ်ဆင်ထားသော အဝတ်အစားကို ကြည့်ရှု၍ အူးကာသည် သိရှိလာသည်။ ကလေးသည် ဆင်းရဲနွမ်းပါးသော မိသားစုတစ်စုမှဟူ၍ဖြစ်သည်။ ဆင်းရဲနွမ်းပါးလိုက်တဲ့ကလေးဟု ပြောဆိုလျှင် ရပါမည်။

ကလေးသည် ကီမိုနိုအဝတ်အစားကို ဝတ်ဆင်ထား၏။ သို့ရာတွင် အထည်သားမှာ အတန်းအစား ခပ်ညံ့ညံ့ထဲမှဖြစ်သည်။ နေရာအများအပြားမှာပင် အစပ်အဖာများ ရှိနေကြသည်။ ထိုအခိုက်မှာပင် တရားသူကြီးအူးကာသည် သူ၏မြေးငယ် "ကာဇူအို"ကို သတိရမိ၏။

ကြွေထည်ပစ္စည်းအရောင်းဆိုင်၏ ဆိုင်ပိုင်ရှင်မှာ "ချိုဘေ" ဖြစ်၏။ ယင်းသည် ဆိုင်ရှိ ရောင်းကုန်ပစ္စည်းများကို ဖုန်သုတ်သန့်ရှင်းရေးပြုကာ အလုပ်များနေ၏။ ဆိုင်ဝင်ပေါက်တံခါးတွင် ရပ်တန့်ကာ ရွှံ့ခွေးရုပ်ကြီးသုံးရုပ်ကို ငေးမောနေသောကလေးကို သတိမပြုမိ

ပါပေ။ အဝတ်အစား နုံချာညံ့ဖျင်းစွာ ဝတ်ဆင်ထားသောကလေး တစ်ယောက်သည် ကြွေထည်ပစ္စည်းအရောင်းဆိုင်မှ မည်သည့် ပစ္စည်းအမျိုးအစားကိုမျှ ဝယ်ခြမ်းရန် တတ်စွမ်းနိုင်မည် မဟုတ် သည်မှာ အသေအချာပဲဖြစ်သည်။

အူးကာသည် ဆိုင်တံခါးပေါက်ဝသို့ ရောက်ရှိလာသည်။ ဆိုင်ရှင်ချိုဘောသည် အူးကာ၏ပုံပန်းကိုကြည့်၍ ငွေကြေးချမ်းသာ ကြွယ်ဝသော ဈေးဝယ်သူတစ်ယောက် ဆိုင်အဝသို့ ရောက်ရှိလာ သည်ဟု စွဲမှတ်လိုက်သည်။ အလွန်ဝမ်းမြောက် ပျော်ရွှင်သွားသည်။ ထို့နောက် ကလေးကိုလည်း ဘေးသို့ ဖယ်လိုက်၏။ ဆိုင်ဝင်ပေါက် ကို ရှင်းလိုက်ခြင်းဖြစ်သည်။

ဆိုင်ရှင် ချိုဘောသည် အူးကာကို ဦးညွှတ်အရိုအသေပြုလိုက် သည်။ သူဝန်ဆောင်မှု ပြုပေးနိုင်ပါကြောင်းဖြင့်လည်း ပြောသည်။

"အဲ့ဒီ ကလေးကိုပဲ ဝန်ဆောင်မှု ပြုပေးလိုက်ပါ၊ ကျုပ် စောင့်ဆိုင်းနေမယ်"ဟု အူးကာက ဆိုင်ရှင်ချိုဘောသို့ ပြောလိုက် သည်။

သို့ဖြင့် ဆိုင်ရှင်ချိုဘောသည် ကလေးအား ကြည့်လိုက်၏။ သူသည် ကလေးကို စိတ်မရှည်ပေ၊ ဟုတ်သည်လေ ကလေးက ဤဆိုင်မှ ပစ္စည်းများအား ဝယ်ယူနိုင်သည့် အခြေမျိုးမှ မရှိပါပဲ

ကလား၊ နွမ်းနွမ်းပါးပါး အတန်းအစားထဲကပါ။

"ဟော့ ... ကလေး၊ မင်းဘာလိုချင်လို့လဲ"

"ကျွန်တော့်ဘိုးဘိုးအတွက်ပါခင်ဗျာ၊ ခွေးရုပ်တွေထဲက ခွေးရုပ်တစ်ရုပ်ကို ဝယ်ချင်လို့ပါဗျာ"

ကလေးငယ်က ပြောသည်။

"ဒီခွေးရုပ်တွေထဲက ခွေးရုပ်တစ်ရုပ်"

ဆိုင်ရှင်ချိုဘောက အော်အော်ဟစ်ဟစ် ပြုမိလိုက်သည်။ ကလေးက တန်ပိုးအားဖြင့် ကြီးမြင့်သော လက်ခေတင်ပစ္စည်းတစ်ခုကိုမှ ဝယ်ယူရန် စိတ်ကူးပုံဖော်လာသည့်အဖြစ်ကို တအံ့တဩဖြစ်မိသည့်အတွက်ဖြစ်သည်။

"ဟုတ်ကဲ့ပါ"

ကလေးငယ်က ပြောသည်။

"ကျွန်တော့်ဘိုးဘိုးက ခွေးတွေဆို သိပ်ပြီးချစ်တာပဲ။ တကယ့်သက်ရှိခွေးတစ်ကောင်ကို ကျွေးမွေးဖို့၊ ထိန်းသိမ်းဖို့ဆိုတာတော့ မတတ်နိုင်ပါဘူး။ ခွေးရုပ်ဆိုတာကတော့ ဘာမှ စားလို့ရတာမှ မဟုတ်တာ၊ ကျွေးစရာ ကုန်မှမကုန်တာဘဲဟာ၊ တကယ့်ခွေးဆိုတာမျိုးက ကျွန်တော်တို့ တတ်စွမ်းနိုင်တာထက်တောင် သူက စားစရာတွေစားမှာ"

ဖိတ်ဘော့စာပေ

"ဒီလောက်ကောင်းမွန်တဲ့ခွေးရုပ်တစ်ရုပ်ကို မင်းက ဝယ်ယူမယ်ဆိုတာ၊ မင်းမှာ ခွေးရုပ်ကို ဝယ်ရမဲ့ ပိုက်ဆံဆိုတာ ဘယ်လောက်ကြီးများ ရှိနေလို့လဲကွ"

ဆိုင်ရှင်ချိုဘောက ပုံမှန်အသံထက် မြှင့်တင်ကာ မေးလိုက်သည်။ သူ၏အသံမှာပင် ရက်စက်မှု၊ အကြင်နာကင်းမဲ့မှု၊ ညှာတာမဲ့မှုစသည် စသည်များ ရောစွက်ပါရှိနေကြသည်။ အူးကာသည်လည်း ကြားလိုက်ရ၏။ အူးကာ မျက်မှောင်ကြုတ်မိလိုက်သည်အထိပဲ ဖြစ်ရသည်။

"ကျွန်တော့်မှာ ပိုက်ဆံတစ်ဆယ်ပဲ ပါပါတယ်"

လူကလေးက . ပြောသည်။

"အဲ့ဒီ ငွေတစ်ဆယ်နဲ့ဆို ကျွန်တော်ခွေးရုပ်ကို ဝယ်လို့ရမလား ဗျာ"

ပိုင်ရှင်ချိုဘော၏ မျက်နှာသည် နီမြန်းသွား၏။ သူ ဒေါသထွက်ရှိနေ၏။

"ငွေတစ်ဆယ်မျှသာတဲ့၊ ခွေးရုပ်တွေက အဲ့ဒီငွေတစ်ဆယ်ထက် ဆယ်ဆရှိတယ်၊ မင်းဟာ ငါ့ရဲ့တန်ဖိုးကြီးမားတဲ့အချိန်တွေကို အလကားအရေမရ အဖင် ဖြစ်အောင် လုပ်ဝံ့တာပဲ၊ တရားသူကြီးမင်းကိုလည်း စောင့်ဆိုင်းနိုင်းလို ခိုင်းရနဲ့"

"ဝါကြားဝင်လိုက်ဖို့၊ စွတ်ဖက်လိုက်ဖို့ အချိန်တော့ ဆိုက်ရောက်လာပြီ"ဟု အူးကာ တွေးမိလိုက်သည်။

"ကောင်းပြီလေ"

အူးကာက ပြောသည်။

"ခွေးရုပ်ကလည်း အဆင့်အတန်း အလွန်မြင့်မားပါတယ်၊ သေချာတယ်၊ ကလေးရဲ့ဘိုးဘိုးကတော့ အဲ့ဒီခွေးရုပ်နဲ့ တော်တော်ကြီးကို ကျေနပ်ဝမ်းမြောက်နေမှာပါပဲ"

"ဟုတ် ... ဟုတ်ပါတယ် ဦးဦး"

ကလေးကပြောဆိုကာ ယဉ်ကျေးဖွယ်ရာ ဦးညွှတ်နှုတ်ဆက်သည်။

"ကျွန်တော့်ဘိုးဘိုးဟာ ကမ္ဘာပေါ်မှာ အတော်ဆုံးဆိုတဲ့ ဘိုးဘိုးတစ်ယောက်ရယ်လို့ ကိုယ့်ကိုယ်ကို ထင်မိသား၊ ဒါပေမဲ့ အဲ့ဒါဟာလည်း ထင်မြင်ယူဆမှုတစ်ခုပါပဲ"

"ကျွန်တော် မျှော်လင့်ပါတယ်လေ၊ ခွေးရုပ်ရဲ့တန်ဖိုးဟာ ကျွန်တော့်မှာရှိတဲ့ ငွေတစ်ဆယ်ထက် ပိုမိုမဖြစ်သွားပါနဲ့လို့ဗျာ"

ကလေးက စိုးရိမ်စွာပြောသည်။

ကလေးသည် သူ၏ဘိုးဘိုးသို့ အဆင့်မြင့်သော လက်ဆောင်ပစ္စည်းတစ်ခုကို ပေးအပ်ရန်အလို့ငှာ စိတ်အားထက်သန်မှုရှိနေသည့်

အဖြစ်သည်လည်း အသက်အရွယ်အားဖြင့် ကြီးရင့်နေသော တရားသူကြီးအူးကာသို့ စိတ်ထိခိုက်ကြေကွဲစရာ ဖြစ်စေပါသည်။

အူးကာသည် ကလေး၏ဘိုးဘိုး ရှုထောင့်မှနေ၍လည်း စဉ်းစားကြည့်ပြန်သည်။ ဘိုးဘိုးဖြစ်သူသည် မြေးထံမှ သူလိုလိုချင်ချင်ရှိသော ခွေးရုပ်ကဲ့သို့သော လက်ဆောင်အမျိုးအစားကို ရရှိလိုက်ရသဖြင့် မည်သို့မည်နှယ် ကျေနပ်ဝမ်းမြောက်ရှာလိမ့်မည်ကိုလည်း စဉ်းစားသည်။

သို့ဖြင့် တရားသူကြီးအူးကာသည် ကလေးကိုလည်းကောင်း၊ ကလေး၏ ဘိုးဘိုးကိုလည်းကောင်း နှစ်ဦးနှစ်ဖက်သို့ ကူညီဖြည့်ဆည်းပေးလိုက်ရန် ဆုံးဖြတ်လိုက်သည်။

"ကျုပ် စိတ်ကူးကြည့်လိုက်မိပါတယ်လေ၊ ဒီခွေးရုပ်တစ်ရုပ်ကို ငွေတစ်ဆယ်နဲ့များ ဝယ်ချမ်းလို့ ရများရရှိနိုင်မလားလို့လေ"

အူးကာက ပြောလိုက်သည်။ ဆိုင်ရှင်ချိုကာသည် အူးကာကို ကြည့်လိုက်၏။ အံ့အားတသင့်လည်း ဖြစ်နေ၏။ အူးကာ ပြုံးလိုက်ပါသည်။ ချိုသောကို မျက်စိတစ်ဘက် ပြည်းလေးစွာ မှိတ်ပြလိုက်သည်။

ဆိုင်ရှင်ချိုသောသို့ မျက်စိတစ်ဘက် မှိတ်ပြလိုက်သည်မှာ အဓိပ္ပါယ်ပါပါဖြစ်ပါသည်။ ခွေးရုပ်တစ်ရုပ်အတွက် သတ်မှတ်သင့်ငွေမှ

ခြားနားတွေကို သူစိုက်ထုတ်ပေးပါမည်ဟူသော အပြောမျိုးဖြစ်ပါသည်။

သို့သော်ငြား ဆိုင်ရှင်ချိုဘောသည် တစ်ကိုယ်ကောင်းဆန်သူသာလျှင်ဖြစ်သည်။ အူးကာထံမှ စိတ်ရင်းစေတနာကောင်းစွာ ရက်ရောသောအတွေးမျိုးကို ဆိုင်ရှင်ချိုဘော နားမလည်မိပါပေ။ ၎င်းက အူးကာသည် သူ့ကို အနာတရဖြစ်စေနိုင်သော ရယ်စရာပြက်လုံးတစ်ခုကို ပြုလုပ်လိုက်သည်ဟူ၍ပင် ပုံဖမ်းလိုက်သည်။

ဆိုင်ရှင်ချိုဘောသည် ကလေးဘက်သို့လှည့်ကာ "ကောင်းပြီ ကလေး"ဟု ပေါ်လွင်စွာပြုံးဖြဲဖြဲပြုရင်း ပြောဆိုလိုက်သည်။

"မင်းကို ခွေးရုပ်တစ်ရုပ်ကို ငွေတစ်ဆယ်နဲ့ ခွေးရုပ်သုံးရုပ်စလုံး ရောင်းမယ်ကွာ၊ အေး ... ဒါပေမဲ့ ခွေးရုပ်တစ်ရုပ်ကို ဘယ်သူ့ဘယ်သူဆီကမှ အကူအညီမယူရဘူး၊ အိမ်ကို မင်းဘာသာ မင်း အရောက်သယ်"

ကလေးသည် ငြိမ်ကျသွား၏။ အရွယ်ရောက်ရှိပြီးသည့် လူကြီးတစ်ယောက်ပင်လျှင် အရွယ်အစားကြီးမားသော ၎င်းခွေးရုပ်ကြီးတစ်ရုပ်ကို ရွှေ့ပြောင်းသယ်ဆောင်ရန် အခက်အခဲ ရှိပါသည်။ ကလေးက ယင်းအစား ဆိုင်ရှင်ချိုဘောက လှောင်ပြောင်သရော်မှုပြုလိုက်မှန်းလည်း သဘောပေါက်မိ၏။

ကလေးသည် စိတ်အနှောင့်အယှက်ဖြစ်စွာ ခေါင်းငိုက်စိုက်

ချကာ ဆိုင်မှ ဖြည်းလေးစွာလှည့်ထွက်ခဲ့၏။ ဆိုင်ရှင်ချိုဘောသည် အူးကာကို ကြည့်လိုက်၏။ ထို့နောက် ကျိတ်ရယ်လိုက်၏။ သို့သော် ငြား အူးကာအနေဖြင့်မူ သူ၏ထုတ်ဖော်ပြောဆိုခဲ့မှုသည် အပြောင်းအလဲ မရှိပါပေ။ သူ၏နားရွက်နှစ်ဘက်သည် နီမြန်းလာသည်။ သူ အလွန်ဒေါသထွက်ရှိနေ၏။ ဆိုင်ရှင်ချိုဘောသည် ကလေးအား စိတ်ဒဏ်ရာပေးခဲ့သည့်အတွက်ဖြစ်သည်။ အူးကာ ပိုမိုစိတ်ဆိုးမိသည့် အကြောင်းမှာလည်း ကလေးအပေါ်သို့နှယ် ပြုမူလိုက်သည့်အတွက် ဆိုင်ပိုင်ရှင်ချိုဘောသည် သူ့ကိုယ်သူ ကျေနပ်အားရစွာ ရှိနေသည့် အတွက်လည်းဖြစ်သည်။

"ကလေး ပြန်လာခဲ့အုံး"

အူးကာသည် ကလေးကို လှမ်းခေါ်လိုက်၏။

"လမ်းဘေးက ကျောက်ခဲကိုပါ ကောက်ယူခဲ့"

ကလေးသည် အူးကာကို မည်သို့ဟူ၍ သေချာကျနစွာ မသိရှိသည့်ဟန်ဖြင့် ကြည့်ရှုလိုက်သည်။ ထို့နောက် အူးကာပြောသည့်အတိုင်း ကလေးသည် လမ်းဘေးမှ ကျောက်ခဲကို ကောက်ယူခဲ့၏။

"ကလေး ... မင်းဆီမှာရှိနေတဲ့ ငွေတစ်ဆယ်ကို ဆိုင်ရှင်ချိုဘောကို ပေးလိုက်၊ ပေးပြီးရင် မင်းကောက်ယူခဲ့တဲ့ကျောက်ခဲနဲ့

ရွှံ့ခွေးရုပ်တစ်ရုပ်ကို ဖောက်ခွဲပစ်လိုက်စမ်း"

"တရားသူကြီးမင်း၊ တရားသူကြီးမင်း ..."

ဆိုင်ပိုင်ရှင်ချိုဘောက ကာကွယ်ပြောလိုက်သည်။

"တရားသူကြီးမင်းလို ကြီးကျယ်ထင်ရှားတဲ့ တရားသူကြီး တစ်ဦးတောင်မှ ကျွန်တော်မျိုးတို့လို ဆင်းရဲသူဆင်းရဲသားတွေ ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို ဖျက်လိုဖျက်ဆီး ပြုလုပ်စေဖို့ဆိုတာ အခွင့်အလမ်းရယ်လို့ မရှိပါဘူးဗျာ"

"ကလေးဟာ သူ့ကိုယ်ပိုင်ခွေးရုပ်ကို သူ့ဘာသာသူ ဖျက်လို ဖျက်ဆီး လုပ်လိုက်တာကိုများ၊ ခင်ဗျားက ဘာအကြောင်းကြောင့်များ မကြေမချမ်း ဖြစ်နေရတာလဲ"

အူးကာက ကြမ်းကြမ်းတမ်းတမ်း မေးလိုက်သည်။

"ခင်ဗျားက ခွေးရုပ်ကိုရောင်းဖို့ ကလေးကို ကမ်းလှမ်းပြီး ပြီပဲ။ ကလေးကိုယ်တိုင်ကလည်း ခင်ဗျားကမ်းလှမ်းတာကို သဘော တူ လက်ခံပြီးပြီပဲလေ"

"တရားသူကြီးမင်းခင်ဗျာ၊ ကျွန်တော်ကလေးကို ပြောထား တာက ခွေးရုပ်ကို ဘာအကူအညီ အထောက်အပံ့မှ မရှိဘဲ ကိုယ်တိုင် အိမ်ကို သယ်ဆောင်သွားနိုင်ရမယ်လို့ ဆိုထားတာပဲဗျာ၊ ကလေးအနေနဲ့ ဖြစ်နိုင်ခြေ မရှိဘူးဆိုတာလည်း ထင်သာမြင်သာ

ပဲဗျာ"

"ကဲ ..."

တရားသူကြီးအူးကာ ပြုံးလိုက်၏။

"ခွေးရုပ်ကို တစ်ခေါက်တည်းနဲ့ အိမ်ကိုအရောက်သယ်ယူသွားရမယ်လို့လည်း ခင်ဗျားက ကလေးကို ကြိုတင်မပြောဆိုထားပါလား၊ တကယ်လို့ သူဟာ ရွှံ့ခွေးရုပ်ကြီးကို အစိတ်စိတ်အပိုင်းပိုင်း ဖြစ်နေအောင် ကျောက်ခဲနဲ့ပစ်မယ်ခတ်မယ် ဖျက်ဆီးလိုက်မယ်ဆိုရင် ကလေးဟာ သေချာပေါက် ခွေးရုပ်အစိတ်အပိုင်းတွေကို တစ်ကြိမ်မှာ ခွေးရုပ်အစိတ်အပိုင်းတစ်ခုနှုန်းနဲ့ သူ့အိမ်ကိုသယ်သွားနိုင်တာပဲပေါ့။ အဲ့ဒီတော့ ခင်ဗျားက ကြိုတင်ပြောထားတဲ့အတိုင်း ကျန်တဲ့ရွှံ့ခွေးရုပ် အကောင်းသက်သက်နှစ်ခုကို သူ့အိမ်ကို အကူအညီနဲ့ သယ်ဆောင်သွားနိုင်ခွင့်ရှိလာတယ်၊ သူ့ရဲ့ဘိုးဘိုးကို လက်ဆောင်အဖြစ် ပေးနိုင်ပြီပေါ့"

"ဒါပေမဲ့ တရားသူကြီးမင်းအူးကာခင်ဗျာ"ဟု ဆိုင်ရှင်ချိုဘေက ပြောသည်။

"ဒါဟာ ပရိယာယ်ပါခင်ဗျာ၊ လှည့်စားမှု သက်သက်ပါ" ဆိုင်ရှင်ချိုဘေက မခံမရပ်နိုင်စွာ အော်ဟစ်လိုက်သည်။

"တရားဥပဒေနဲ့အညီပဲ ဖြစ်ရမယ်၊ အဲ့ဒါ ကျုပ် ခင်ဗျားကို

ပိတောက်စာပေ

အခိုင်အမာပြောတာ”ဟုလည်း အူးကာက တုံ့ပြန်ပြောသည်။

“တရားသူကြီးမင်းခင်ဗျာ၊ တရားသူကြီးမင်းဟာ ကျွန်တော့်မျိုးလို နွမ်းပါးတဲ့ ကုန်သည်တစ်ယောက်လို လိမ်ညာလှည့်စားတဲ့ ယှဉ်ပြိုင်ဘက်တစ်ယောက် ဖြစ်မလာပါနဲ့လားဗျာ”

ဆိုင်ရှင်ချိုဘောက ဘောင်းပန်ပြော ပြောသည်။

“အဲ့ဒီလိုဆိုရင် ကျွန်တော်ဟာ မွဲပြာသွားမှာပါပဲ”

“ဒါဖြင့်ရင် ခင်ဗျားနဲ့ ကလေးနဲ့ အကြားမှာ သဘောတူညီမှု တစ်ခုတော့ လုပ်သင့်တယ်”တု အူးကာကအကြံပြုဏ်။

“ကလေး အမှန်တကယ် လိုလိုချင်ချင်ဖြစ်နေတာ ၁ ခွေးရုပ် တစ်ရုပ်မျှသာပါပဲ ဆိုင်ရှင်ချိုဘော၊ သေချာတာက ခွေးရုပ်သုံးရုပ် အထဲက ခင်ဗျားဟာ ခွေးရုပ်တစ်ရုပ်ကို အထမ်းသမားတစ်ယောက်ရဲ့ အကူအညီနဲ့ ကလေးရဲ့အိမ်ကို ပို့ဆောင်ပေးမယ်ဆိုရင် ကျန်တဲ့ ခွေးရုပ်နှစ်ရုပ်ဟာ ခင်ဗျားရဲ့ဆိုင်မှာ မရွှေ့မလျား ရှိမြဲရှိနေမှာ ပါပဲ၊ ဘာကြောင့်ဆို ကလေးက သူ့ဘိုးဘိုးတစ်ယောက်တည်း အတွက် ခွေးရုပ်တစ်ရုပ်ကိုပဲ အလိုရှိနေတဲ့ဥစ္စာဗျာ”

ဆိုင်ရှင် ချိုဘောသည် အူးကာ၏အ ကြံပြုလာမှုကို လက်သင့် မခံချင်ပါပဲလျက် လက်သင့်ခံလိုက်ရ၏။ သဘောတူလိုက်နာပါရန် မလွှန်ဆန်နိုင်သည့်အခြေသို့ ဆိုင်ရှင်ချိုဘော ရောက်ရှိရသည်ပဲဖြစ်၏။

မိတ်ဆွေစာပေ

ကလေးသည် လိုချင်နေသော ရွှံ့ခွေးရုပ်ကြီးတစ်ရုပ်ကို ငွေတစ်ဆယ်မျှဖြင့် ရရှိလိုက်၍ အလွန်ပျော်သွား၏။ အူးဂကာ၏ အစီအစဉ်ဖြင့်လည်း ရွှံ့ခွေးရုပ်ကြီးတစ်ရုပ်ကို အထမ်းသမားဖြင့် အိမ်သို့သယ်ဆောင်၊ ကလေးသည် ဘိုးဘိုးသို့ အဖိုးထိုက်သော လက်ဆောင်အဖြစ် ပေးအပ်နိုင်ခဲ့ပြီလည်းဖြစ်သည်။

"ဆိုင်ရှင်ချိုဘော၊ ကလေးပေးသွားတဲ့ ငွေတစ်ဆယ်လေးကို ခင်ဗျားရဲ့ ပိုက်ဆံသေတ္တာထဲမှာ ထည့်သွင်းထားရှိလိုက်မဲ့အစား ကျုပ် အကြံပြုမယ်၊ အဲဒီကလေး ပေးသွားတဲ့ ငွေတစ်ဆယ်ကို ဘောင်သွင်းထားလိုက်ပါ။ ပြီးရင် နံရံပေါ်မှာ ထင်သာမြင်သာချိတ်ထား၊ ခင်ဗျားအမြဲတစေ သတိရရှိနေစေဖို့က အသက်ငယ်ရွယ်တဲ့သူကိုပဲဖြစ်စေ၊ ဒါမှမဟုတ်၊ အဆင့်ချို့တဲ့ နိမ့်ကျတဲ့သူကိုပဲ ဖြစ်စေ၊ အဲဒီလူတွေကို ဂုဏ်သိက္ခာချိုးနှိမ်ကျဆင်းအောင်၊ စိတ်ဆင်းရဲစေအောင် ပြုမူလိုက်တာဟာ ဘယ်လောက်မိုက်မဲ့စရာ ကောင်းလိုက်လေသလဲဆိုတာ စွဲမှတ်ထားရှိဖို့ပါပဲ..." ဟု တရားသူကြီး အူးဂာက ဆိုင်ပိုင်ရှင်ချိုဘောသို့ ဆုံးမပြောဆိုသည်။

၁

# ထမင်းအိုးတစ်အိုးမှအစပြု၍

နွေပွဲတော်ကျင်းပသည့် ရက်အတွင်းတွင်ဖြစ်သည်။ နေရာမှာ "ရေနိုမြို့"မှာဖြစ်သည်။

တရားသူကြီးအူးကာသည် နေအိမ်မှဆင်းသည်၊ ဝင်းတံခါးသို့ ရောက်ရှိလာသည်။ နွေပွဲတော်အထိမ်းအမှတ်လှည့်လည်ပွဲ အခမ်းအနားကို ကြည့်ရှုရန်ဖြစ်သည်။ နွေပွဲတော်လှည့်လည်ပွဲသည် တရားသူကြီးအူးကာ၏ နေအိမ်အနီးမှ ဖြတ်သွားမည်ပဲဖြစ်သည်။

အထူးသဖြင့် အူးကာသည် သူ၏မြေး "ကာဇူအို"ကိုလည်း တွေ့မြင်လိုသည့်အတွက်ဖြစ်သည်။ မြေးကာဇူအိုသည် နွေပွဲတော်အထိမ်းအမှတ်လှည့်လည်ပွဲတွင် ပါဝင်နေ၏။ အလှဆင်ယင်ထားသော ဘီးတပ်လှည်းများသည်လည်း နွေပွဲတော်တွင် အလှပြပါဝင်နေကြသည်။ လေးဘီးတပ်လှည်းတစ်စီးချင်းကို ဆွဲရသည့် လှည်းဆွဲအင်အားတွင် မြေးကာဇူအိုသည်လည်း တစ်ဦးအပါအဝင် ဖြစ်ခဲ့၏။

လှည်းဆွဲတာဝန်ထမ်းရန် ရွေးချယ်ခံရသည့်အတွက်လည်းဖြစ်သည်။

အူးကာ ပြုံးလိုက်မိ၏။ သူ၏အနီးအပါးတွင် ဖြတ်သွားဖြတ်လာပြုကြသူများ၏ မျက်နှာများတွင် ရွှင်ပြစွာ ပြုံးပျော်နေကြသည့် ပုံရိပ်များကို တွေ့ဖြစ်မိသည့်အတွက်ဖြစ်သည်။

အမှန်တကယ် ဝမ်းမြောက်ဝမ်းသာဖြစ်ရသည့် နေ့တစ်နေ့လည်းဖြစ်သည်။ ထိုနေ့တွင် နွေပွဲတော်ဆင်နွှဲကြသူတိုင်းသည် သူတို့ခံစားနေရသော သောကများကို မေ့မေ့လျော့လျော့ ဖြစ်နေကြသည်။ နွေပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြသည်။

မြေးကာဇူအိုနှင့် အခြားလူငယ်လူရွယ်များသည် လေးဘီးတပ်အလှပြင်လှည်း ဆွဲလာကြသည်ကို အူးကာတွေ့မြင်၏။ အူးကာရှန်းရှန်းစားစား ကြည့်ရှုလိုက်မိသည်။ သူ ဂုဏ်ယူမိ၏။ သူ့မြေးကာဇူအို ပါဝင်နေသည်လေ။

အူးကာသည် လေးဘီးတပ်အလှပြလှည်းကို ဆွဲလာကြသူလူငယ်လူရွယ်များထဲမှ မြေး'ကာဇူကို'ကို ရည်ရွယ်၍ လက်ဝှေ့ရမ်းပြလိုက်ချင်ပါသည်။ နာမည် ခေါ်လိုက်ချင်ပါသည်။ သို့ရာတွင် အူးကာက သူသည် တရုတ်သူကြီးတစ်ဦး ဖြစ်နေသည်။ အများသူငါ အုန်းအုန်းကျွက်ကျွက်ရှိနေကြသည့် အခြေတွင် သူသည် သိက္ခာကင်းမဲ့သော အပြုအမူကို မပြုလုပ်သင့်ဟူ၍ သူ့ကိုယ်သူ သုံးသပ်

ဆပ်ခြင်လိုက်ပေသည်။ သူ၏ ပုဂ္ဂလိကခံစားမှုသက်သက်မျှကို လူမြင်ကွင်း သူမြင်ကွင်းတွင် ကာကွယ်ထားရှိရပေမည်ဟူ၍လည်း အူးကာ နှလုံးသွင်းမိပေသည်။

နွေပွဲတော်လာပရိသတ်များ ပွဲတော်ကို ရယ်ကာမောကာ ပျော်ကာရွှင်ကာ ဆင်နွှဲနေကြသည့် အပျော်မျက်နှာပိုင်ရှင် အမြောက်အများအကြားမှာမှ မျက်နှာတစ်ခုကို အူးကာ ရုတ်တရက်သတိမူမိလာပေသည်။ ထိုမျက်နှာမှာ ဆို့နစ်ကြေကွဲနေသော မျက်နှာဖြစ်သည်။ မျက်နှာရှင်မှာ အမျိုးသမီးတစ်ယောက်ဖြစ်သည်။

ထိုအမျိုးသမီးမှာ အူးကာနှင့် မနီးမဝေးတွင် ရပ်နေသည်။ သူမ၏မျက်နှာပြင်ဝယ် မျက်ရည်စက်များ ရှိနေ၏။ သူမ ငိုထား၏။

အူးကာသည် အမျိုးသမီးကို ခေါင်းညိတ်ခေါ်ယူလိုက်သည်။ အမျိုးသမီးသည် အူးကာထံသို့ ရောက်ရှိလာ၏။ အူးကာသို့ ဦးညွှတ်အရိုအသေပြု၏။

"ခင်ဗျား စိတ်သောက ရောက်ရှိနေတယ် ထင်ပါရဲ့"

အူးကာက ကြင်နာစွာ မေးမြန်းသည်။

"ကျွန်မကို မမေးမစမ်းပါနဲ့လား၊ တရားသူကြီးမင်း"

သူမက ပြန်ကြားပြောဆိုသည်။

"ကျွန်မ ခင်ပွန်းသည်ရဲ့ မိသားစုနဲ့ စပ်လျဉ်းတဲ့ ကိစ္စမို့ပါရှင့်

တရားသူကြီးမင်း သိရှိထားတဲ့အတိုင်းပါပဲလေ၊ ခင်ပွန်းသည် မိသားစုနဲ့ စပ်လျဉ်းရာတွေကို မကျေမနပ် မပြောမဆိုဖို့ ဇနီးသည် ဖြစ်သူကို တားမြစ်ထားတာ ရှိတယ်မဟုတ်လား"

"မှန်ကန်ပါတယ်"

အူးကာက ပြောသည်။

"ချင့်ချိန်ဆင်ခြင်တတ်တဲ့ သဘောသဘာဝရှိတဲ့ ဥပဒေသပါပဲ၊ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ တကယ်လို့များ ခင်ဗျားက ကျုပ်ကို ဖွင့်ဟပြောဆိုမယ်ဆိုရင် ကျုပ်အနေနဲ့ ခင်ဗျားပြောတာ နားထောင်ဖို့ အသင့်ပြင်ထား ဆင်ထားပြီးသားပါ။ ကျုပ်က မေးစရာရှိတာမေးမယ်၊ ခင်ဗျားအနေနဲ့ ဘယ်လိုဖြေမလဲ"

"ကျွန်မသားလေး ဇင်ဆူကီကို သူ့ရဲ့ဦးလေးတော်စပ်တဲ့ တာရိုဘောက ဘယ်နည်းဘယ်ပုံ ရက်စက်တယ်ဆိုတာကိုပဲဖြေမယ်"

"ကျုပ် တာရိုဘော ဆိုသူကို သိပါတယ်ဗျာ့"ဟု အူးကာက ပြောသည်။

"သူက ဘက်ပေါင်းစုံက ဟန်ကျပန်ကျ ရှိနေတဲ့သူ။ ဒါပေမဲ့ တာရိုဘောနဲ့ဆက်စပ်ပြီး ကျုပ်ကြားသိထားတာရှိတယ်၊ ဒီရွာမြို့မှာ တာရိုဘောဟာ စိတ်အကြမ်းဆုံး နှုတ်အကြမ်းဆုံး အပေါက်အဆိုးဆုံး ပဲဆိုဗျာ"

"အဲ့ဒါ ကျွန်မသားလေး ဇင်ဆူကီ ထိခိုက်ခံစားနေရတဲ့ သောကတွေ ဒုက္ခတွေပါပဲရှင်"

အမျိုးသမီးက ပြောပြောဆိုဆို မျက်ရည်ကျလာသည်။

"လွန်ခဲ့တဲ့နှစ်ရက်လောက်က ဇင်ဆူကီဟာ သူ့ဦးလေး တာရိုဘေရဲ့ဆိုင်မှာ အလုပ်ဝင်လုပ်ခဲ့တယ်။ အလုပ်သင်အဆင့် အနေနဲ့ပါပဲရှင်"

"သိပ်ကောင်းပေါ့ဗျာ"

အူးကာက မှတ်ချက်ပြုသည်။

"စီပွားရေးလုပ်ငန်းတစ်ခုဟာ ဘယ်နည်းဘယ်ပုံ စီမံခန့်ခွဲမှု ပြုရတယ်ဆိုတာ သူသင်ယူနိုင်လိမ့်မယ်"

"ဒါပေမဲ့ တရားသူကြီးမင်းရယ်၊ တာရိုဘေဟာ ကျွန်မရဲ့ သားလေးအပေါ် သူထားရှိတဲ့စိတ်ဟာ လွန်ခဲ့တဲ့ အချိန်တွေက ထက်တောင် နှစ်ဆလောက် စိတ်ကြွမ်း၊ နှုတ်ကြမ်း၊ လျှာကြမ်း လာတယ်လေ၊ ဘယ်လောက်များလဲဆိုရင် ကျွန်မသားလေးကို တွေ့ရာမြင်ရာတွေနဲ့တောင် ကောက်ပေါက်လိုပေါက်နဲ့၊ ကြမ်းရမ်း လာတဲ့အထိတောင်၊ ချက်ပြုတ်တဲ့အိုးတစ်လုံးနဲ့တောင် အပေါက်ခံရ ပါသေးတယ်။ ကျွန်မ သိပါတယ်၊ ကျွန်မသားလေးဟာ ထိုင်ကားရား၊ ထကားရား အချိုးမပြေလှဘူးဆိုတာ၊ ဒါပေမဲ့ သူက အခုမှ

အသက် ဆယ့်တစ်နှစ်ပဲ ရှိသေးတာပဲဟာ”

“ကျုပ်နားလည်ပါတယ်”

အူးကာက လေးလေးနက်နက်တွေးတော ပြောဆို၏။

“ခင်ဗျားယောက်ျားက သူ့အစ်ကိုကြီး၊ အဲ ... ကလေးရဲ့ ဦးလေး မလျော်မကန်ဖြစ်နေတဲ့အဖြစ်ကို ပြန်လည်တုံ့ပြန်မပြောဆိုရဲတာဟာ သဘာဝပါပဲ”

အူးကာသည် ခဏမျှ တိတ်ဆိတ်ငြိမ်သက်နေမိ၏။

“ကျုပ် သူ့ကို ပြောစမ်းကြည့်မယ် ...”

အူးကာက ဆက်လက်ပြောဆို၏။

“တာရှိဘောကိုလားရှင်”

အမျိုးသမီးက စိတ်အားထက်သန်စွာမေး၏။

“မဟုတ်လိုက်တာ”

အူးကာက ပြောသည်။

“ဇင်ဆူကီကိုပြောမှာ၊ ဇင်ဆူကီကို”

“တရားသူကြီးမင်းရှင် ... ဒီလိုဖြစ်တာ ကျွန်မရဲ့သားငယ် ဇင်ဆူကီရဲ့ အပြစ်အနာအဆာမှ မဟုတ်တာပဲရှင်၊ သူဟာ တာရှိဘောရဲ့လုပ်ငန်းမှာ အလုပ်ဝင်ေ ႏ ှဲ ရှိပါသေးတာရှင်၊ အမှားအယွင်း နည်းနည်းပါးပါးရှိမှာပါ၊ သဘ႒ဝပဲလေ၊ တကယ်လို့များ တာရှိဘော

မိတ်ဆွေစာပေ

ဟာ ကလေးကို ကြောက်လန့်စေအောင် မလုပ်ခဲ့ဘူးဆိုရင် ကျွန်မ သားလေး အလုပ်မှာ အဲ့ဒီလောက် မှားယွင်းချွတ်ချော်တာတွေ လုပ်မိကိုင်မိမှာ မဟုတ်ပါဘူးရှင်”

“ဒါပေမဲ့လည်း ကျုပ်ကတော့ ဇင်ဆူကီကိုပဲ ပြောမယ်” အူးကာက ပြောသည်။

“ကျုပ် တာရိုဘေနဲ့ ပြောစရာမရှိဘူး၊ ဘာကြောင့်လဲဆိုရင် ခင်ဗျားဟာ တာရိုဘေနဲ့ပတ်သက်ပြီး ကျုပ်ကို တိုင်ကြားနေတာမှ မဟုတ်ပါပဲကလား၊ ခင်ဗျားက အဲ့ဒါကို မေ့လျော့နေတယ်မဟုတ်လား၊ တရားဥပဒေနဲ့အညီ ဆောင်ရွက်နိုင်တယ်”

“ဇင်ဆူကီ”၏ မွေးမိခင်သည် အစောပိုင်းက တရားသူကြီး အူးကာနှင့် စတင်ဆုံတွေ့စဉ်ကထက်ပင် ယခု ပိုမိုစွာ စိတ်လက်မချမ်းမသာ ဖြစ်ရသည်။ သူမသည် နွေပွဲတော် အခင်းအကျင်းများကိုပင် ဆက်လက်၍ မကြည့်ရှုနိုင်တော့ပေ၊ အိမ်သို့ပြန်သည်။

တရားသူကြီးအူးကာသည် ဆင်းရဲနွမ်းပါးကြသူများအပေါ် သနားညှာတာသည်ဟူ၍ “ဇင်ဆူကီ”၏ မွေးမိခင်သည် ကြားသိခဲ့၏။ ယခု အူးကာနှင့် တွေ့ဆုံရသည့်အခါတွင် မည်သို့များပါလိမ့်။ သူမ ကြားသိခဲ့ရသည်မှာ အမှန်တကယ် ဖြစ်လာနိုင်ခြေ ရှိပါမည်လားလေ။

နောက်တစ်နေ့တွင် ဖြစ်ပါသည်။ တရားသူကြီးအူးကာသည် "တာရိုဘော"၏ဆိုင်သို့ သွား၏။ ဆိုင်တည်ရှိသည့်လမ်းသို့ ရောက်ရှိ၏။ လမ်းအတွင်းသို့ ဝင်သည်နှင့်ပင် "တာရိုဘော"၏ စိတ်ဆိုးမာန်ဆိုးနှင့် နှုတ်လျှာကြမ်းကြမ်း ပြောဆိုနေသည့်အသံကို ကြားလိုက်ရသည်။ ကံမကောင်း အကြောင်းမလှရှာသော အလုပ်သင် ကောင်ကလေးကို ဆူပူကြိမ်းမောင်းနေခြင်းပဲဖြစ်သည်။

အူးကာသည် သုံတ်သီးသုတ်ပျာ လျှောက်လိုက်၏။ တာရိုဘော၏ ဆိုင်အတွင်းသို့ ဝင်၏။ ထိုအခိုက်အတန့်မှာ ဖြစ်သည်။ ဇင်ဆူကီသည် ဆိုင်အတွင်းမှ ပြေးပြေးလွှားလွှား ထွက်လာ၏။ စင်စစ် "ဇင်ဆူကီ"သည် ဆိုင်ပိုင်ရှင် "တာရိုဘော"၏ အမျက်ဒေါသကြောင့် လွတ်မြောက်ရာ လွတ်မြောက်ကြောင်း အလျဉ်စလို ရှောင်တိမ်း ထွက်ခွာလာခြင်းပဲဖြစ်သည်။ ထိုအခါတွင် "ဇင်ဆူကီ" သည် အူးကာကို တိုက်မိဆောင့်မိလိုက်၏။ နှစ်ဦးစလုံးမြေပေါ်သို့ လဲကျသွားကြသည်။

သို့နှယ် လဲကျသွားသည့် အနေအထားသည်ပင်လျှင် ကံကောင်းထောက်မသည်တူ၍ ပြောရမည်ပဲဖြစ်သည်။ ဆိုင်ရှင် တာရိုဘောသည် ဆိုင်အဝသို့ ပြေးလိုက်သွားသော "ဇင်ဆူကီ"သို့ ချိန်ရွယ်၍ "ဟဲ့ ... မိုက်လုံးကြီး ငဲ့ ငမိုက်သား၊ အဲ့ဒါ မင်းအတွက်" ဟု

ပြောပြောဆိုဆို သံထည်ထမင်းအိုးတစ်လုံးဖြင့် ပစ်ပေါက်လိုက်သည့် အတွက်ဖြစ်သည်။

ထိုခဏမှာပင် "တာရိုဘေ"သည် သူချိန်ရွယ်ပစ်ပေါက် လိုက်သော သံထည်ထမင်းအိုးသည် နာမည်သတင်းအားဖြင့် ကျော်ကြားသော တရားသူကြီးအူးကာသို့ ထိမှန်လိုက်မည့်အဖြစ်မှ ပွတ်ကာသီကာ ဖြစ်သွားရသည့် အနေအထားကို ထင်သာမြင်သာ ဖြစ်သွား၏။

"တာရိုဘေ"သည် ဒူးထောက်ချလိုက်၏။ သူ၏ဦးခေါင်းအား မြေကြီးနှင့် ထိကပ်လိုက်၏။ အူးကာမှ သူ့အား အပြစ်မှ ခွင့်လွှတ် ပေးပါရန် အနူးအညွတ်တောင်းပန်သည်။

အူးကာသည် အေးဆေးစွာ ပြန်လည်ထလိုက်၏။ တာရိုဘေ မှ တောင်းပန်စကား ပြောဆိုလာသည်ကိုပင် ဆိတ်ဆိတ်ပင် နေလိုက် သည်။

"ဒီကလေးနဲ့ အလုပ်သင်အဖြစ် ချုပ်ဆိုထားတဲ့ သဘော တူညီချက်ကို ကျုပ်ကြည့်ချင်တယ်"ဟု အူးကာက တောင်းဆို၏။

သို့နှယ် ကာရိုဘေက အူးကာ တောင်းခံလာသည်ကို မြန်မြန်သွက်သွက်ပင် နာခံဆောင်ရွက်ပါသည်။ အူးကာသည် ဆိုင်ရှင် တာရိုဘေနှင့် အလုပ်သင်ဇင်ဆူကီတို့နှစ်ဦး၏ သဘောတူညီချက်ကို

ကြည့်ရှုလိုက်သည်။ ထို့နောက် တာရိုဘောသို့ ပြန်လည်ပေးပို့လိုက်သည်။

အူးကာသည် အလုပ်သင် ဇင်ဆူကီသို့ မျက်နှာထားတင်းတင်းဖြင့် ကြည့်ရှုလိုက်သည်။

"ဒီနှစ်ဦးသဘောတူညီချက်ထဲမှာ ဇင်ဆူကီကို ဆိုင်ရှင်လည်းဖြစ် ဇင်ဆူကီရဲ့ ဦးလေးတော်စပ်တဲ့သူလည်းဖြစ်တဲ့ တာရိုဘောက ကျွေးထားရမယ်၊ အဝတ်အစား ဆင်ပေးရမယ်၊ နေထိုင်ဖို့နေရာ လုပ်ပေးရမယ်၊ လက်ဆောင်တို့ဘာတို့တောင် ပေးစေချင်ရင် ပေးရမယ်ဆိုတဲ့အထိတောင် ပါတယ်"

"ဇင်ဆူကီ" ခေါင်းညိတ်၏။

"ဒီလောက်အထိတောင် အစစအရာရာ ရက်ရက်ရောရော သတ်မှတ်ပေးထားတဲ့ အပြုအစုအထောက်အပံ့တွေကို ဇင်ဆူကီက အပြန်အလှန်အနေနဲ့ ဂရုပြုပြီ ဇင်ဆူကီရဲ့ အလုပ်ရှင်ဖြစ်တဲ့ ဆိုင်ရှင် တာရိုဘောကို သစ္စာရှိစွာနဲ့ ဆယ်နှစ်တိုင်တိုင် အလုပ်လုပ်ပေးရမယ်ကွဲ့"

"ဟုတ်တယ် ... ဟုတ်တယ် ..."

"တာရိုဘော"က အော်အော်ဟစ်ဟစ် ပြောသည်။ ဇင်ဆူကီ သပ်မံ၍ ခေါင်းညိတ်၏။

ဝိတ်ဒေ့ဗူစာပေ

"ကောင်းပြီ"ဟု အူးကာက ဆက်လက်ပြောဆို၏။

"မင်း အလုပ်ကို ကြိုးကြိုးစားစားလုပ်၊ မင်းရဲ့ဦးလေး တာရိုဘေ စိတ်ကျေကျေနပ်နပ်ရှိစေတဲ့အထိပေါ့ အဲဒါ ငါ့အမိန့်ပဲ"

"တာရိုဘေ"မှာ တရားသူကြီးအူးကာ၏စကားကို သဘော အကျကြီး ကျသွား၏။ ကျေနပ်ဟန်ဖြင့် သူ၏လက်နှစ်ဘက်ကို ပွတ်သပ်နေမိသည့်အထိ ပြုံးမိလိုက်သည်။ ထိုစဉ် ဇင်ဆူကီမှာ တရားသူကြီးအူးကာသို့ လုပ်ငန်းကို ပိုမိုတိုးတက်အောင် လုပ်ကိုင် ဆောင်ရွက်ပါမည်ဟူ၍လည်း တရားသူကြီး အူးကာသို့ အသံ တိုးညှင်းစွာ ကတိပေးပေသည်။

အူးကာသည် "ဇင်ဆူကီ" သို့ ကြင်နာစွာ ပြုံးပြလိုက်သည်။

"ကဲ ... အခု ဒီထမင်းအိုးသစ်ဟာ မင်းရဲ့ထမင်းအိုးသစ် မင်းယူလိုက်တော့ သိမ်းထား"

"ကျွန်တော့်ထမင်းအိုးဗျ ... ကျွန်တော့်ထမင်းအိုး ..."

"ဇင်ဆူကီ"က စိတ်ရှုပ်ထွေးစွာပြောသည်။

"ကောင်းပြီ"

အူးကာက ပြောဆိုလိုက်သည်။

"မင်းနဲ့ မင်းရဲ့ဦးလေး ဆိုင်ပိုင်ရှင် တာရိုဘေတို့နှစ်ဦး ချုပ်ဆိုထားတဲ့ နှစ်ဦးသဘောတူညီချက်အရပေါ့ကွာ၊ လက်ဆောင်

ပစ္စည်းတွေ ဘာတွေတောင် မင်းရဲ့ဦးလေးက ပေးချင်ရင် ပေးရမယ်လို့တောင် ဆိုထားတယ်လေကွာ။ မင်းရဲ့ဦးလေး တာရိုဘေက မင်းကို စောစောက အော်အော်ဟစ်ဟစ်နဲ့ ပြောဆိုခဲ့တာလေ၊ ဟဲ့ … မိုက်လုံးကြီးငဲ့ ဖိုက်သား အဲဒါ မင်းအတွက် … ဆိုပြီး ဘယ်လောက်အထိများလည်းဆို ထမင်းအိုးသစ်နဲ့ ချိန်ရွယ်ပစ်ပေါက်ပေးလိုက်တာပဲ မဟုတ်လား၊ အဲဒီအထိတောင်ဆိုတော့ ဒီထမင်းအိုးသစ်ဟာ မင်းအမှန်တကယ် ပိုင်ဆိုင်သွားတဲ့ ထမင်းအိုးပဲလေ။ ဘာပစ္စည်းအမျိုးအစားနဲ့မဆို မင်းဦးလေး တာရိုဘေက မင်းကို ပစ်ပေါက်လိုက်ရင်၊ အဲဒီ မင်းကို ပစ်ပေါက်လိုက်တဲ့ ပစ္စည်းတိုင်းဟာ မင်းပိုင်ဆိုင်တဲ့ပစ္စည်း အမှန်တကယ် ဖြစ်သွားပြီကွဲ့ ဟုတ်လား"

"တရားသူကြီးမင်း"

ဆိုင်ပိုင်ရှင် တာရိုဘေက ကာကွယ်ပြောဆို၏။

"ကျွန်တော်မျိုး အဲဒီလို ဆိုလိုတာ မဟုတ်ရပါဘူး"

"ခင်ဗျားဟာ ခင်ဗျားရဲ့တူ ဇင်ဆူကီကို တွေ့ကရာပစ္စည်းတွေနဲ့ ပစ်ပေါက်နေရင် …"

အူးကာက ကြားဖြတ် ပြောဆိုလိုက်သည်။

"ဒါမှမဟုတ် မပစ်ပေါက်ဘဲနေနေ၊ ဝမ်းမြောက်ဝမ်းသာစွာနဲ့ ရက်ရက်ရောရောပဲ ပေးပေးပေ့၊ ဒီလိုသာ ဆက်လက်ပြီး စေတနာ

ရေစီးကမ်းပြိုနေမယ်ဆိုရင် တစ်နေ့နေ့မှာ ခင်ဗျားရဲ့ တူတော်မောင် အလုပ်သင် ဇင်ဆူကီဟာ ယောဒါဆိုင်တစ်ဆိုင်လုံးကို ပိုင်ဆိုင်သွားလိမ့်မှာပဲဖြစ်တယ်"

အူးကာသည် ပျာယာခတ်သွားသော ဆိုင်ပိုင်ရှင် တာရိုဘေကို ကြည့်ရင်း ပြုံးလိုက်၏။ ထို့နောက် အူးကာသည် အိမ်သို့ ပြန်သည်။ သူ့ကိုယ်သူ ကျေနပ်အားရစွာ ရှိနေ၏။

ထိုနေ့မှ အစပြု၍လည်း ဆိုင်ပိုင်ရှင်တာရိုဘေသည် သူ၏ အလုပ်သင် ဆိုင်လုပ်သားလည်းဖြစ် သူ၏တူတော်စပ်သူလည်း ဖြစ်သော "ဇင်ဆူကီ"ကို မည်သည့်ပစ္စည်း အမျိုးအစားနှင့်မျှ ပစ်ပေါက်မှုကို မည်သည့်အခါမှာမှ ထပ်မံမပြုလုပ်တော့ပါပေ။

အလုပ်သင် "ဇင်ဆူကီ"သည်လည်း အလုပ်လုပ်ရာတွင် ကြောက်ရွံ့စိတ် မရှိတော့ပေ။ ထိုအခါတွင် လုပ်ငန်းခွင်အတွင်း အမှားအယွင်း နည်းပါးလာ၏။ ဟန်ကျပန်ကျ ဖြစ်လာ၏။ ပျော်စရာ ဖြစ်လာ၏။

မကြာမီတွင် ဟာရုံဘေ၏ဆိုင်မှ အလုပ်သမားတိုင်းသည်လည်း လုပ်ငန်းလုပ်ကိုင်ကြရာတွင် ရှင်လန်းဖွာရှိလာကြသည်။

# ပန်းအိုးတစ်အိုး အသက်တစ်ချောင်း

တရားသူကြီးအူးကာသည် တစ်ဖက်သားအပေါ် သနားကြင်နာမှု အရှိဆုံးသူတစ်ယောက်ပေပဲဟူ၍ "ရေဒိုမြို့"တွင် နေထိုင်ကြသောသူတိုင်းက ယုံကြည်ရင်းစွဲ ရှိနေကြသည်။

တရားသူကြီးအူးကာသည် ကြင်နာမှုအရှိဆုံးသောသူ တစ်ယောက်ဖြစ်ပါကြောင်းကိုလည်း "ရေဒိုမြို့" နေသူတိုင်းက လမ်းများတွင်လည်း ပြောဆိုကြသည်။ လက်ဖက်ရည်ခန်းဆောင်များတွင်လည်း ပြောကြဆိုကြသည်။ သူတို့နေအိမ်အတွင်း အိမ်သူအိမ်သားအချင်းချင်းလည်း ပြောကြပြန်သည်။ ချမ်းသာသူ သို့မဟုတ် ဆင်းရဲသူမကျန် လူသူအားလုံး ပြောဖြစ်အောင်ပြောနေကြ၏။

သို့နှယ် တရားသူကြီးအူးကာ၏ ကြင်နာမှုကို ရွှန်းဝေစွာ ပြောကြဆိုကြ အမွှန်းတင်ကြ၊ ချီးမွမ်းကြနှင့်ရှိနေကြစဉ်တွင် တရားသူကြီးအူးကာနှင့် ဆက်နွယ်သည့် သတင်းတစ်ခုကို ရေဒိုမြို့နေသူ

များ ကြားသိရလေသည်။ တုန်လှုပ်ချောက်ချားသွားကြကုန်သည်။ အစောပိုင်းက တရားသူကြီးအူးကာနှင့် ဆက်စပ်စွာချီးကျူးကြသူများ နှုတ်ဆိတ်သွားကြသည်။

နှုတ်မဆိတ် ခံနိုင်ရိုးလား၊ တရားသူကြီးအူးကာသည် ငယ်ရွယ်သော မိန်းကလေးတစ်ဦးအား ပြစ်မှုအရ ပြစ်ဒဏ်စီရင်ချမှတ်လိုက်လေသည်၊ ပြစ်မှုမှာလည်း သေဒဏ်စီရင်ခံရသည့်အထိမှ မဟုတ်ပါတဲ့ ကလား၊ ပြစ်မှုမှာ ရိုးရိုးစင်းစင်းပင်ဖြစ်သည်။ ပန်းအိုးတစ်အိုး ကျကွဲသွားရသည့် ပြစ်မှုကို ကျူးလွန်သည့်အတွက်ကြောင့်ပါတဲ့။ ဖြစ်ရလေ ပန်းအိုးတစ်အိုးကျကွဲသွားရသည့် ပြစ်မှုအတွက် ပြစ်ဒဏ် သတ်မှတ်လိုက်သည်မှာ သေဒဏ်ပါတဲ့။

* * *

ယင်းမှုခင်းသည် ဆောင်းရှက်ကြွေချိန်ကာလတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ "ရှိုဂန်" စစ်ဘုရင်ကြီးနှင့် စတင်၍ အဆက်အစပ်ရှိခဲ့၏။ ထိုအချိန်က စစ်ဘုရင်ကြီးသည် ဈေးခေတ်ဂျပန်ပြည်ကို စိုးမိုးအုပ်ချုပ်သည်။

စစ်ဘုရင်ကြီးသည် တောင်တန်းကြီးများသို့ ဦးတည်ရောက်ရှိခဲ့၏။ တောင်ကုန်းများပေါ်တွင် တက်လိုက်ဆင်းလိုက်ဖြင့် အေးအေးဆေးဆေး လမ်းလျှောက်ရန်အလို့ငှာဖြစ်သည်၊ ထို့အပြင် ပေါက်ရောက်

နေကြသော အနီရောင်အဆင်းရှိ မေပဲလ်ပင်များကိုလည်းကောင်း၊ အဝါရောင်မေပဲလ်ရွက်ခြောက်များကိုလည်းကောင်း နှစ်သက်ကြည်နူးစွာ ရှိနေပေသည်။

မေပဲလ်ပင်သည် စစ်ဘုရင်ကြီးသို့ အထူးတလည် နှစ်ထောင်းအားရဖြစ်ပေသည်။

"မေပဲလ်ပင်အစက်တစ်စက်ကို ချိုးယူလိုက်၊ ရဲတိုက်မှာထားထားမယ်"ဟု စစ်ဘုရင်ကြီး မိန့်သည်။ သို့ဖြင့် အမိန့်နှင့်အညီပဲဖြစ်သည်။ မေပဲလ်ပင်အခက်တစ်ခက်ကို အပင်မှ ချိုးယူလိုက်သည်။

ရဲတိုက်သို့ ပြန်လည်ရောက်ရှိကြသည်။ အစေအပါး မိန်းကလေးတစ်ဦးအား "ရှုဂန်"တို့၏ နှစ်သက်ဖွယ်ရာ ပန်းအိုးတစ်အိုးထဲသို့ ယူဆောင်လာသော မေပဲလ်ပင်အခက်ကို ထိုးစိုက်စေသည်။ သို့ရာတွင် အမှုမဲ့အမှတ်မဲ့ဖြစ်စွာ ပန်းအိုးသည် လက်ထဲမှ လွတ်ကျသွားသည်။ ကွဲကြေသွား၏။

စစ်ဘုရင်ကြီးသည် အမျက်ပြင်းစွာ ထွက်ရှိမိသည်။ ယင်းပန်းအိုးမှာ "ရှုဂန်" စစ်ဘုရင်ခံကြီး၏ ဘိုးဘိုးတော်စပ်လာခဲ့သူ ကျော်ကြားထင်ရှားသော စစ်ဘုရင်ကြီးတစ်ပါး ဖြစ်ခဲ့ရပါသော "အီယာဆူ" ပိုင်ဆိုင်ခဲ့သော ပန်းအိုးတစ်အိုးဖြစ်သည်။

လက်ရှိ "ရှုဂန်" စစ်ဘုရင်ကြီးသည် ယင်း၏အဘိုးပိုင်ဆိုင်

ခဲ့သော ပစ္စည်းများနှင့် ဆပ်စပ်၍ အမိန့်ထုတ်ပြန်ထားရှိခဲ့၏။ စစ်ဘုရင်ကြီးသည် "ဘိုးဘိုးစစ်ဘုရင်ကြီး အီယာဆူ"ပိုင် ပစ္စည်း အမျိုးအစားများအနက်၊ မည်သည့်ပစ္စည်းအမျိုးအစားကိုမဆို ရှို့ယွင်း ပျက်စီးစေရန် ဖြုံမူကျူးလွန်ခဲ့ပါလျှင် ထိုသူအား ပြစ်မှုအဖြစ် သတ်မှတ်ကာ ပြစ်ဒဏ်အဖြစ် အသက်သေဆုံးစေရမည်ဟူ၍ အမိန့် သတ်မှတ် ထုတ်ပြန်ထားခဲ့ပါသည်။

သို့ဖြင့် ယခု မေပဲလ်အပင်အခက်အား ဘိုးဘိုးစစ်ဘုရင်ကြီး အီယာဆူ ပိုင်ဆိုင်ကြွင်းကျန်ခဲ့သော ပန်းအိုးတွင်၊ အစေအပါး မိန်းကလေးတစ်ဦးအား ထိုးစိုက်စေခဲ့ရာမှ ပန်းအိုးလွတ်ကျကွဲကြေ သွားသည့်အဖြစ် ဖြစ်ပွားခဲ့၏။ သို့ဖြင့် လက်ရှိ "ရှိုဂန်" စစ်ဘုရင်ကြီး ထုတ်ပြန်ထားရှိသော သေဒဏ်အပြစ်ပေးအမိန့်တွင် အစေအပါး မိန်းကလေးသည် ငြိစွန်းသွားပေသည်။

"ရှိုဂန်" စစ်ဘုရင်ကြီးသည် တရားသူကြီးအူးကာကို ခေါ်ယူ လိုက်သည်။

"ဒီမိန်းကလေးကို အသက်အဆုံး စီရင်ရမယ်ဆိုတဲ့ တရားရုံး တော်အမိန့်ကို ထုတ်ပြန်"ဟု "ရှိုဂန်" စစ်ဘုရင်ကြီးသည် တရား သူကြီးအူးကာသို့ အမိန့်ပေးလိုက်သည်။

တရားသူကြီးအူးကာ တုန်လှုပ်ချောက်ချားသွား၏။ မိန်းကလေး

အား မည်သည့်အထိအခိုက်မျိုးကိုမျှ မဖြစ်ပွား မပေါ်ပေါက်စေလိုပါပေ။

"အင်း ... ဒီဂိန်းကလေးဟာ ငါ့သူငယ်ချင်းဟောင်းကြီး တစ်ဦးရဲ့ သမီးငယ်လေးတစ်ယောက်ပါပဲလား"

တရားသူကြီးအူးကာ သတိပြုမိလိုက်သည်။

"ငါ့ရဲ့မြေး ကာဇူအိုကလည်း ငယ်ငယ်၊ အဲ့ဒီမိန်းကလေး ကလည်းငယ်ငယ် ငါပုံပြောတဲ့အခါ ငါ့မြေးနဲ့ အတူတူ ပုံခဏခဏ လာနားထောင်တဲ့မိန်းကလေးပဲ"

တရားသူကြီးအူးကာ အခက်ကြုံရ၏။

"ရှိုဂန်စစ်ဘုရင်ကြီး"

တရားသူကြီးအူးကာ လျှောက်တင်၏။

"မိန်းကလေးဟာ မိန်းမငယ်လေးတစ်ယောက်ပဲ ဖြစ်နေပါ သေးတယ် ရှိုဂန်စစ်ဘုရင်ကြီး"

တရားသူကြီးအူးကာ အကာအကွယ်ပြု၏။

"ဒီမိန်းကလေးအတွက် ရှေ့က ကာဆီးကာဆီးနဲ့ သက်ညှာ မနေစမ်းပါနဲ့"

"ရှိုဂန်စစ်ဘုရင်ကြီး" ဒေါသတကြီး ဖြစ်သွား၏။

"ဒီနေ့ခေတ်ကာလမှာ လူတွေဟာ သူတို့ဘာလုပ်ချင်သလဲ၊

မိတ်ဆွေစာပေ

အဲဒီ သူတို့လုပ်နိုင်တယ်ရယ်လို့ ထင်မှတ်နေကြတယ်၊ ဘာကြောင့်လဲ ဆိုတော့ အဲဒီလူတွေက သိရှိကြတယ်၊ မင်းဟာ ဥပဒေကိုအလှည့် အပြောင်းပြုတဲ့နည်းတွေနဲ့ သူတို့ကို အကာအကွယ်ပြုပေးနိုင်တယ် ရယ်လို့ ကောင်းကောင်းကြီး သိရှိနေကြလို့ပဲ”

တရားသူကြီးအူးကာသည် ရှိုဂန်စစ်ဘုရင်ကြီးနှင့် အငြင်းအခုံ မပြုနေချင်တော့ပေ၊ အငြင်းအခုံပြုနေပါလျှင်လည်း အလဟဿပေ ပဲဟု ထင်မှတ်ထားရှိလိုက်သည့်အတွက်ဖြစ်သည်။

သို့ဖြင့် တရားသူကြီးအူးကာသည် စိတ်ဆိုးမာန်ဆိုးဖြစ်နေ သော ရှိုဂန်စစ်ဘုရင်ကြီးကို အရိုအသေပြုလိုက်၏။

“မိန်းကလေးနဲ့ဆက်နွယ်ပြီး ကျွန်တော်မျိုး နောက်ဆုံး လျှောက်တင်ရမယ်ဆိုရင် မိန်းကလေးဟာ အမိုက်အမဲလေးပါ၊ အရူးအနှမ်းလေးပါ၊ လုံးလုံးလျားလျားပါပဲ ရှိုဂန်စစ်ဘုရင်ကြီး ... ခင်ဗျာ”

“လုံးလုံးလျားလျားဟုတ်လား”

ရှိုဂန်စစ်ဘုရင်ကြီးသည် တရားသူကြီးအူးကာ၏ လျှောက်တင် မှုကို သဘောချင်းတစ်ထပ်တည်း တစ်သားတည်းကျစွာ ဖြစ်ရသည်။

“မိန်းကလေးဟာ အပြစ်ကျခံဖို့နဲ့ပဲ ထိုက်တန်ပါတယ်”

တရားသူကြီးအူးကာက ပြောလိုက်သည်။

"ရှိုက်နှစ်စင်ဘုရင်ကြီး"သည် တရားသူကြီးအူးကာသို့ စူးစူး စိုက်စိုက် ကြည့်လိုက်သည်။ သို့နှယ် ... လွယ်လွယ်ကူကူမျှနှင့် အလျှော့မပေးစွာဖြင့် လျှောက်တင်လိုက်သည်မှာ တရားသူကြီး အူးကာမှ ဟုတ်မှဟုတ်ပါလေရဲ့လားဟူသည့် သဘောဖြင့် ...

စက္ကူများဖြင့် ကာကွယ်ထားသော စက္ကူနံရံ၏ နောက်ကွယ် တွင် ဖြစ်ပါသည်။ အခြားအမျိုးသမီး အစေအပါး ရှိနေ၏။ သူမသည် စက္ကူနံရံရှေ့တွင် "ရှိုက်နှစ်စင်ဘုရင်ကြီး"နှင့် တရားသူကြီးအူးကာတို့ နှစ်ဦး မေပဲလ်ပင်အခက်စိုက်ထည့်ထားသော ပန်းအိုးလွတ်ကျ ကွဲရှသွားသည်မှ အစပြုကာ တရားသူကြီးအူးကာက သေဒဏ် စီရင်ချက် အတည်ပြုချမှတ်သည်အထိ အချီအချ အပြန်အလှန် ပြောဆိုနေကြသည်ကို ခိုးဝှက်နားထောင်နေလေသည်။

ထိုသို့ဖြင့် အခြားအမျိုးသမီး အစေအပါးသည် ရှိုက်နှစ်စင်ဘုရင် ကြီးနှင့် တရားသူကြီးအူးကာတို့၏ နှစ်ဖက်အပြောအဆိုကို အကုန် အစင် သဲကွဲစွာ ကြားသိသွားလေသည်။

အခြားအမျိုးသမီးသည် စက္ကူနံရံနောက်ကွယ်မှ ပြေးထွက် သွားလေသည်။ သူမကြားသိလာခဲ့သမျှကို လုပ်ဖော်ကိုင်ဘက် အစေအပါးအမျိုးသမီးများတို့သို့ လုံးစေ့ပတ်စေ့ဖွင့်လာ၊ ပြောဆို လိုက်လေသည်။

*

"အဲ့ဒီလိုတဲ့ … အဲ့ဒီလို …"

ကြားသိလိုက်ကြရသည့် အခြားလုပ်ဖော်ကိုင်ဖက် အမျိုးသမီးများသည် ယင်းကြောက်မက်ဖွယ်ရာ သတင်းစကားကြောင့် ထိတ်လန့်ကုန်ကြသည်။

"ငယ်ရွယ်သော အမျိုးသမီး အစေအပါးကို သေဒဏ်ပေးရန် တရားသူကြီးအူးကာဂ သဘောတူစွာ စီရင်ချက်ချမှတ်လိုက်သည်တဲ့"

သတင်းစကားသည် အလျှင်အမြန် ပြန့်နှံ့သွား၏။ တစ်နေရာမှသည် တစ်နေရာသို့ ရောက်ရှိသွားသည်။ အချိန်အားဖြင့် မိနစ်ပိုင်းအတွင်းမှာဖြစ်သည်။

"တရားသူကြီးအူးကာဟာ အမှုအခင်းပေါင်းများစွာကို သက်ညှာစွာ ဖြေရှင်းစီရင်နိုင်ခဲ့ပေမဲ့လည်း ပန်းအိုးတစ်အိုး လက်ကလွတ်ကျ ပန်းအိုးကွဲသွားတဲ့အမှုမှာ၊ ပန်းအိုးကွဲကျသွားအောင်လုပ်တယ်ဆိုတဲ့ ငယ်ရွယ်ရှာတဲ့ အမျိုးသမီးကလေး အစေအပါးရဲ့ အသက်ကို ကယ်ဆယ်ပေးဖို့မဆိုထားနဲ့ သူကိုယ်တိုင်ပဲ သေဒဏ်စီရင်ချက်ချမှတ်လိုက်ပြန်သတဲ့"

ရေဒိုမြို့နေ မြို့သူမြို့သားများသည် သို့နှယ်ကြားသိလိုက်ရသောသတင်းစကားကြောင့် အုန်းအုန်းကျွက်ကျွက် ဖြစ်ကုန်ကြ

ဗိဘ်ဆွေအာပေ

ပါသည်။

"ဖြစ်ရလေ"ဟု ပန်းအိုးကျကွဲစေသူ ယယ်ရှယ်သော အမျိုးသမီးအစေအပါးအပေါ် ရေဒိုမြို့သူမြို့သားများ သနားစိတ် ဝင်နေမိကြသည်။

ထိုအချိန်အတွင်းမှာပင် ရဲတိုက်အဆောက်အအုံအတွင်းတွင်လည်း တရားသူကြီးအူးကာနှင့် ရှိုဂန်စစ်ဘုရင်ကြီးတို့နှစ်ဦး ပန်းအိုးကျကွဲသည့်အမှုနှင့် ဆပ်စပ်၍ အခြေအတင် ပြောဆိုလက်စ မဆုံးဖြစ်နေကြသည်။

"ပန်းအိုးကျကွဲသွားစေအောင် ဖြစ်ပွားရတဲ့ ယယ်ရှယ်တဲ့ အမျိုးသမီးအစေအပါးဟာ ထုံထိုင်းနားဝေးတယ်၊ ကြောင်တောင်တောင် ဖြစ်နေမယ်၊ အမျိုးသမီးကလေးဟာ သူ ဘာအကြောင်းကြောင့် သေဒဏ်သင့်ခံရမှာလဲဆိုတာ သူကိုယ်တိုင်တောင် အပြည့်အဝ နားလည်သဘောပေါက်မှာ မဟုတ်ဘူး၊ ရှိုဂန်စစ်ဘုရင်ကြီးခင်ဗျာ"

တရားသူကြီးအူးကာက လျှောက်တင်လိုက်သည်။

"ဒါပဲလား အူးကာ"

ရှိုဂန်စစ်ဘုရင်ကြီးက [illegible]ကြီးစွာ ပြောသည်။

"မင်းဟာ အဲ့ဒီအမျိုးသမီးအတွက် ထပ်မံပြီး လှည့်ပတ်

မိတ်ဆွေစာပေ

တင်ပြဦးမှာလား”

တရားသူကြီးအူးကာသည် ရှိဂန်စစ်ဘုရင်ကြီးသို့ အလျင်စလို အရိုအသေ ပြုလိုက်သည်။

“မဟုတ်ရပါဘူး ရှိဂန်စစ်ဘုရင်ကြီးခင်ဗျာ”

တရားသူကြီးအူးကာက တင်ပြသည်။

“ကျွန်တော်မျိုးအနေနဲ့ အမြဲတစေဖြစ်စေတာက ပြစ်ဒဏ် ချမှတ်စီရင်ခံလိုက်ရပြီးတဲ့သူဟာ သူပြစ်ဒဏ်ကျခံရတဲ့ အကျိုးသင့် အကြောင်းသင့်လောက်ကိုတော့ သဲသဲကွဲကွဲ နားလည်သဘောပေါက် သွားဖို့ လိုအပ်မယ်ဆိုတာပါပဲ၊ ဒါမှမဟုတ်ရင်တော့ ထိရောက်မှာ မဟုတ်ပါဘူး။

အခု ပန်းအိုးကျကွဲသွားတဲ့အမှုမှာလည်း ဘာအကြောင်းကြောင့် အမျိုးသမီးအနေနဲ့ ပြစ်ဒဏ်ကျခံစေရတယ်ဆိုတာ အကြောင်းရင်းတွေ အမြောက်အများရှိပါတယ်။ အကြောင်းရင်း သုံးခုရှိပါတယ်။ ရှိဂန် စစ်ဘုရင်ကြီး ခွင့်ပြုမယ်ဆိုရင် ကျွန်တော်မျိုး အဲ့ဒီအကြောင်းရင်း သုံးခုကို ပြစ်ဒဏ်သင့်နေတဲ့ အမျိုးသမီးကလေးကို ရှင်းပြလိုပါတယ်။

“အကြောင်းရင်း သုံးခုဟုတ်လား၊ ဘယ်လိုမှတ်ထင်စရာများလဲ”

ရှိဂန်စစ်ဘုရင်ကြီးက ပြောသည်။

“သူ့မှာ နောက်ထပ် တခြားဘယ်လိုပြစ်မှုတွေကိုများ ကျူး

လွှန်ခဲ့သေးလို့လဲ”

“ကျွန်တော်မျိုး ဘာကိုဆိုလိုတာလဲဆိုတာ ကျွန်တော်မျိုး ရှင်းလင်းလျှောက်တင်ပါ့မယ်”

တရားသူကြီးအူးကာက ပြောသည်။ ထို့နောက် ၎င်းသည် ပြစ်မှုကျူးလွန်ခံရန်ရှိနေသော အမျိုးသမီးကလေးဘက်သို့ လှည့်လိုက်သည်။ ခက်ထန်စွာ ပြောဆိုလိုက်သည်။

“မင်း ပထမကျူးလွန်လိုက်တာက ငါတို့ရဲ့စစ်ဘုရင်ကြီး အီယာဆူပိုင်ဆိုင်ခဲ့ပြီး အထွတ်အမြတ်သတ်မှတ်ထားရှိခဲ့တဲ့ ပန်းအိုးကို ကျကွဲသွားစေခဲ့တယ်၊ အဲ့ဒီပြစ်မှုကြောင့် ရှိုဂန်စစ်ဘုရင်ကြီးဟာ မင်းကို မလွဲသာ မရှောင်သာ ပြစ်ဒဏ်အဖြစ် သေဒဏ်ချမှတ်လိုက်ရတယ်။ အဲ့ဒီအတွက်ကြောင့် လက်တစ်ဆုပ်တမျှလောက် အရွယ်အစားရှိတဲ့ ပန်းအိုးကလေးတစ်အိုးအတွက်နဲ့ လူ့အသက်တစ်ချောင်း အလဲအလှယ် ပြုရတဲ့အ ဘိ ဖြစ်လာရတယ်၊ အဲ့ဒါက မင်းရဲ့ ဒုတိယမြောက် ကျူးလွန်မှုပါပဲ”

ရှိုဂန်စစ်ဘုရင်ကြီးသည် တရားသူကြီးအူးကာသို့ စူးစူးစိုက်စိုက် ကြည့်နေလိုက်လေသည်။ သို့သော်ငြား တရားသူကြီးအူးကာသည် မသိကျိုးကျွန် ပြုနေ ၏။

“အခုဆိုရင် ငေ ၁ဒ် ရေဒိုမြို့တစ်မြို့လုံးမှာ ...”

တရားသူကြီးအူးကာက သူ့စကားကို သူပြန်လည်ဆက်သည်။

"မြို့သူမြို့သားတွေက ရှိုက်နှစ်စဘုရင်ကြီးဟာ လူတစ်ယောက်ရဲ့ အသက်တစ်ချောင်းကို လက်တစ်ဆုပ်စာမျှလောက်ပဲ အရှယ်ပမာဏ ရှိနေတဲ့ ရွှံ့အစုအဝေးမျှလောက်တောင် တန်ဖိုးမထားဘူးလို့ ဝေဖန်ရှုံ့ချနေကြ၊ အပြစ်တင်စကား ဆိုနေကြနဲ့၊ အဲ့ဒါ ရှိုက်နှစ်ဘုရင်ကြီးကို စိတ်ကသိကအောက် ဖြစ်စေတယ်၊ အရှက်ရစေတယ်၊ အဲ့ဒါဟာ မင်းကျူးလွန်လိုက်တဲ့ တတိယပြောက်နဲ့ အကြီးမားဆုံးသော ကျူးလွန်မှုကြီးပါပဲ"

မိန်းကလေးသည် တရားသူကြီးအူးကာ၏စကားကို နားစိုက်ထောင်နေရုံမှတစ်ပါး နှုတ်တုံ့မပြန်ရှာပါပေ။

"ရှိုက်နှစ်ဘုရင်ကြီး"သည် တရားသူကြီးအူးကာ၏ စကားအဆုံးတွင် မျက်နှာနီရဲလာ၏။ အလွန်အမင်းပဲဖြစ်သည်။

"အူးကာ မင်းက ငါဟာ အရှူးအနှမ်းတစ်ယောက်ရယ်လို့ ဖော်ဆောင်လိုက်တာဟာ၊ ငါဟာ ဒီမိန်းကလေးကို သေဒဏ်စီရင်ချက်ချမှတ်လိုက်တဲ့အတွက်ကြောင့်ပေါ့လေ"

ရှိုက်နှစ်ဘုရင်ကြီးက တင်းတင်းမာမာ ပြောသည်။

"မင်းသိရှိထားဖို့က ငါတို့ရဲ့ရှိုက်နှသမိုင်းကြောင်းမှာ ဘယ်ရှိုက်န

မှာမှ စီရင်ချမှတ်ပြီးတဲ့ ပြစ်ဒဏ်ကို ပြန်လည်ရုပ်သိမ်းပေးခဲ့တာ မရှိခဲ့ဘူး။ အဲ့ဒီအတွက်ကြောင့် ငါစဉ်းစားစရာ မလိုအပ်ဘူး၊ ဒီမိန်းကလေး သေရမယ်၊ သေကို သေရမယ်"

"ဟုတ်ပါတယ်၊ ရှုဂန်စစ်ဘုရင်ကြီးခင်ဗျာ"

တရားသူကြီးအူးကာက တင်ပြသည်။

"သေဒဏ်စီရင်ချမှတ်ထားတာကို အပြောင်းအလဲ လုပ်လိုက်ဖို့ မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော်မျိုး သိရှိပါတယ်"

"ငါ အပြစ်တင်မိတာက ......"

ရှုဂန်စစ်ဘုရင်ကြီးက ပြောသည်။

"မင်းတာလည်း ဒီမိန်းကလေးနဲ့ အလားတူစွာပဲ အပြစ်ရှိတယ်၊ မင်းဟာ ငါ့ရဲ့ အပြုမှားယွင်းနေတာ၊ အယူမှားယွင်းနေတာကို ထောက်ပြလာပါတယ်၊ ဒါပေမဲ့ မင်း အဲ့ဒီလို ထောက်ပြနိုင်ဖို့ဆိုတာလည်း အလွန် နောက်ကျသွားခဲ့ပါပြီ။ ငါအမှားအယွင်း မပြုမှုစေဖို့ကို ထိန်းမတ်ပေးဖို့ဆိုတာ ငါ့ရဲ့အကြံပေးပုဂ္ဂိုလ်ဆိုသူရဲ့ တာဝန်ပေပဲ"

"ကျွန်တော့်မှာ အပြစ်ရှိပါတယ်ခင်ဗျာ"

တရားသူကြီးအူးကာက ပြောပြောဆိုဆို ရှုဂန်စစ်ဘုရင်ကြီးသို့ အနှံအသေ ပြုလိုက်သည်။

မိတ်ဆွေစာပေ

"ဒီအသုံးမကျတဲ့ မိန်းကလေးဟာ သူ့ကြောင့် ကွဲကြေသွား ရတဲ့ ပန်းအိုးအတွက် ငွေကြေးနဲ့ ပေးလျော်ပြီးတာနဲ့ တစ်ပြိုင်နက်ပဲ ကျွန်တော်မျိုးနဲ့ မိန်းကလေးတို့ နှစ်ဦးဟာ ခေါင်းဖြတ်ကွပ်မျက်ခံလိုက် ကြမှာပဲ ဖြစ်ပါတယ်ခင်ဗျာ"

"နေပါအုံး၊ ငွေကြေးပေးလျော်ဖို့ ဆိုတာက ဘာကို ဆိုလို တာလဲ"

ရှိုဂန်စစ်ဘုရင်ကြီးက စိတ်ရှုပ်ထွေးစွာ မေးမြန်းလိုက်သည်။

"မိန်းကလေးကြောင့် ပန်းအိုးကျကွဲသွားတာပဲ ရှိုဂန်စစ်ဘုရင် ကြီး၊ အဲဒီ မိန်းကလေးက ကွဲသွားတဲ့ပန်းအိုးအတွက် လျော်ကြေး ပေးရမှာပေါ့"

တရားသူကြီးအူးကာက ဇွတ်တရွတ်နိုင်စွာ ပြောသည်။

"ပန်းအိုးကွဲအောင်လုပ်တဲ့ မိန်းကလေးရဲ့ အသက်ရယ်၊ ပြီးတော့ ကျွန်တော်မျိုးရဲ့အသက်ရယ်၊ အသက်ပေါင်းနှစ်သက်ဟာ ရှိုဂန်စစ်ဘုရင်ကြီးစိတ်ထဲ ကသိကအောက် ဖြစ်သွားစေတာရယ်၊ အရှက်ရရှိသွားစေတာတွေအတွက်ရယ် ငွေကြေးပေးချေခြင်းပါပဲ၊ ကျွန်တော်မျိုးနဲ့ မိန်းကလေးရဲ့ အသက်ပေါင်းနှစ်သက်ဟာ ပန်းအိုးဖိုး အတွက် ပေးလျော်တာ မဟုတ်ပါဘူး။ ပန်းအိုးဖိုးကို ပေးချေ ရမှာပါ"

ရှိုက်နစ်စ်ဘုရင်ကြီး မျက်နှာမှုန်ကုပ်ကုပ် ဖြစ်သွား၏။

"ပန်းအိုးဟာ အလွန်ငွေကြေးတန်ဖိုးကြီးမြင့်တဲ့ ပန်းအိုးတစ်အိုးပဲဖြစ်တယ်၊ အနည်းဆုံး ရွှေဒင်္ဂါးပြားပေါင်းတစ်ရာ ထိုက်တန်တယ်၊ အစေအပါးတစ်ယောက်အနေနဲ့ ပေးလျော်ဖို့ ဒီလောက်များပြားတဲ့ငွေကြေး ရှိနေမှာမဟုတ်ဘူး"

"ပန်းအိုးကွဲသွားစေတဲ့မိန်းကလေးဟာ ... ပန်းအိုးဖိုးကို တစ်ကြိမ်မှာ နည်းနည်းနည်းနည်းနဲ့ ကြေအောင်ပေးရမှာပေါ့ ရှိုက်နစ်ဘုရင်ကြီး"

တရားသူကြီးအူးကာခက လျှောက်တင်၏။

"ပေးလျော်ရမဲ့ စုစုပေါင်းပန်းအိုးဖိုး အကြွေးငွေ ကုန်စင်အောင် ပြေလည်သွားစေဖို့အတွက်တော့ တစ်နှစ်ကို ရွှေဒင်္ဂါးပြား တစ်ပြားကျနှုန်းထားနဲ့ ဆက်လက်ပေးလျော်သွားစေရမှာဖြစ်တယ်၊ ပေးဆပ်ရမဲ့ ပန်းအိုးဖိုး ရွှေဒင်္ဂါးပြားတစ်ရာ ကြေသွားရင်၊ အဲ့ဒီမိန်းကလေးနဲ့ ကျွန်တော်မျိုးတို့နှစ်ဦးသားကို ခေါင်းဖြတ်သတ်နိုင်ပါပြီ ရှိုက်နစ်ဘုရင်ကြီးခင်ဗျာ"

"တစ်နှစ်ကို ရွှေဒင်္ဂါးပြားတစ်ပြား ဟုတ်လား"

ရှိုက်နစ်ဘုရင်ကြီးသည် အော်အော်ဟစ်ဟစ် မေးလိုက်သည်။

"အဲ့ဒီနှုန်းနဲ့ဆို နှစ်ပေါင်းတစ်ရာကြာမြင့်မှ ပန်းအိုးဖိုးငွေ

ရွှေဒင်္ဂါးပြားတစ်ရာ ကြွေတော့မှာပေါ့၊ အဲ့ဒီမိန်းကလေးဟာ နှစ်ပေါင်းတစ်ရာတိုင်တိုင် ပေးဆပ်နေရမှာပေါ့၊ သူက နှစ်ပေါင်းတစ်ရာအထိတိုင် အသက်ရှည်နေမှာမို့တဲ့လား"

ဘရားသူကြီးအူးကာ ပြုံးလိုက်ပါသည်။

"ရှုဂန်စစ်ဘုရင်ကြီးရဲ့ ခွင့်ပြုချက်ရရှိမယ်ဆိုရင်၊ ကျွန်တော်မျိုးဟာ ယောဒီမိန်းကလေးကို နောက်ထပ်နှစ်ပေါင်းတစ်ရာ ကြာမြင့်တဲ့ အထိတိုင် အသက်ရှင်နေခွင့်အမိန့် ချမှတ်ပေးရပါလိမ့်မယ် ရှုဂန်စစ်ဘုရင်ကြီး"

ရှုဂန်စစ်ဘုရင်ကြီးသည် ဘ-ရားသူကြီးအူးကာသို့ အံ့အားတသင့်ဖြင့် ကြည့်နေလိုက်မိသည်။ ထို့နောက် ပြုံးလျက်မိသားဖြစ်သွား၏။

"ငါကလည်း မင်းတို့နှစ်ယောက်ကို အသက်တစ်ရာအထိနေထိုင်ဖို့" ရှုဂန်စစ်ဘုရင်ကြီး မိန့်လိုက်လေသည်။

မိတ်ဆွေစာပေ

# ကြိုးရုပ်တု

တစ်နေ့မှာဖြစ်သည်။ ဈေးသည်ကစ်ဦးသည် တရားသူကြီး အူးကာရုံးထိုင်ရာ တရားရုံးတော်သို့ ရောက်ရှိလာသည်။ တရားသူကြီးအူးကာနှင့် တွေ့ဆုံ၏။

"ကျွန်တော့်ပစ္စည်း အခိုးခံရပါတယ် တရားသူကြီးခင်ဗျာ"

ဈေးသည်က တရားသူကြီးအူးကာသို့ ငိုင်ကြားလာသည်။ ဖြစ်ပွားသည့်နေရာမှာ "မိဂူရို" ရွာတွင်ဖြစ်သည်။ ရွာအတွင်းတွင် ဂျပန်တို့ ကိုးကွယ်ရာ "ဂျီဇို" ရုပ်တုကြီးတစ်ရုပ်ရှိ၏။ ယင်းရုပ်တုကြီးသည် ကျောင်းတော်မြေ အဝန်းအဝိုင်းအတွင်းတွင် တည်ရှိပါသည်။

ဈေးသည်သည် ရုပ်တုကြီးတည်ရှိရာ အဝန်းအဝိုင်းသို့ ရောက်ရှိလာသည်။ ရုပ်တုကြီး၏ အရိပ်ထိုးကျရာနေရာတွင် အပန်းဖြေခိုက်

တစ်မှေးအိပ်ပျော်သွားသည်။ နိုးလာသောအခါ ယင်းတွင် ပါရှိလာခဲ့သော ပိုးသားအထည်အလိပ်တစ်လိပ် ပျောက်ဆုံးနေသည့်အဖြစ်ကို သိရှိလိုက်သည်။

ဈေးသည်၏ဖြစ်ရပ်ကို တရားသူကြီးအူးကာ ကြားနာသိရှိရသည်။ ထို့နောက် တရားသူကြီးအူးကာသည် ဈေးသည်သို့ မေးခွန်းများ အသေးစိတ်ထုတ်မေး၏။

"အဲ့ဒီလို ခိုးဝှက်သွားတာကို တွေ့မြင်လိုက်တဲ့ သက်သေရှိသလား"

"တစ်ဦးတစ်ယောက်မျှလောက်တောင် မရှိရပါ တရားသူကြီးမင်း"

"ခိုးဝှက်ခံလိုက်ရတာကို ဘယ်တော့မှ အမှန်တကယ် သိရှိရတာလဲ"

"တစ်မှေးလောက်အိပ်ပြီး နိုးလာတဲ့အခါမှာ ဖြစ်ပါတယ်"

သက်သေမရှိဖြစ်နေသည့်အဖြစ်ကို တရားသူကြီးအူးကာက သိရှိလိုက်၏။ သူ့အနေဖြင့် ပထမဆုံးအကြိမ် ဖြေရှင်းဆုံးဖြတ်မှု မပြုလုပ်နိုင်မည့် မှုခင်းတစ်ခု ဖြစ်လာဟန် ရှိနေပေသည်။

တရားသူကြီးအူးကာသည် ဖြစ်စဉ်တစ်ခုလုံးကို စေ့စပ်သေချာစွာ စဉ်းစဉ်းစားစား ပြုသည်။

"သိနေတယ်လေ၊ ငါသိရှိပြီးသားပါ"ဟူသည့် အဓိပ္ပါယ်သက်ရောက်စေသော အပြုံးကို တရားသူကြီးအူးကာ ပြုံးလိုက်မိပါသည်။

"ကောင်းပြီလေ ..."

တရားသူကြီးအူးကာက ပြောလိုက်သည်။

"နောက်ဆုံးတော့ ဂျိုဇိုရုပ်တုကြီးကိုပဲ အပြစ်လွှဲချရတော့မှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဂျိုဇိုရုပ်တုကြီးဟာ သူ့အနားမှာ အပန်းဖြေရင်း တစ်မှေးအိပ်ပျော်သွားမိတဲ့ ဈေးသည်ရဲ့ ပိုးသားထည် အလိပ်တစ်လိပ်ကို သူခိုးသူဝှက် မခိုးသွားအောင် လုံခြုံစွာ စောင့်ရှောက်ပေးဖို့ တာဝန်သိသိသာသာ ပျက်ကွက်သွားတယ်၊ ရုပ်တုကြီးဟာ သူခိုးကို တားမြစ်ရမယ်၊ အဲ့ဒီတာဝန်ကို မထမ်းဆောင်နိုင်တဲ့ ဂျိုဇိုရုပ်တုကြီးကို အခုပဲ ဖမ်းဆီးလိုက်ကြ"

တရားသူကြီးအူးကာ အမိန့်ပေးလိုက်သည်နှင့် တရားရုံးလုံခြုံရေးတာဝန်ကျသူများသည် "ဂျိုဇို"ရုပ်တုကြီးကို ကြိုးများဖြင့် ရစ်ပတ်ချည်နှောင်လိုက်ကြသည်။ ထို့နောက် "ဂျိုဇို" ရုပ်တုကြီးကို တရားသူကြီးအူးကာ၏ တရားရုံးတော်သို့ သယ်ဆောင်လာကြသည်။

"မိဂူရို"ရွာမှ ရွာသူရွာသားများသည် သူတို့ရွာမှ "ဂျိုဇို" ရုပ်တုကြီးကို ကြိုးဖြင့်ခိုင်ခန့်စွာ တုတ်နှောင်သယ်ယူသွားကြသည့်

မြင်ကွင်းမြင်ကွက်ကို တွေ့လိုက်ကြသည်။ ဘယ်နှယ့် ရုပ်တုကြီးကို မူလနေရာမှ တရားရုံးစိုက်ရာနေရာသို့ သယ်ဆောင်သွားခဲ့ကြပါလိမ့် တရားရုံးမှ တရားသူကြီးသည် အကျိုးသင့်အကြောင်းသင့် စဉ်းစား တွေးခေါ်မှုအပိုင်းတွင် အားနည်းမှု ရှိသွားလေပြီလား ဟူ၍လည်း ထင်မှတ်ယူဆလိုက်ကြသည်။ မည်သူတွေကကော သက်မဲ့ရုပ်တု ကြီးကို ကြိုးဖြင့်ချည်နှောင် လူအစုအဝေးဖြင့် တရားရုံးတော်သို့ ချုပ်နှောင်ဖမ်းဆီးသွားခဲ့သည်ဟူ၍ ကြားခဲ့သိခဲ့ကြပါသလား မြင်တွေ့ ခဲ့ဖူးကြပါသလား ဖြစ်ရလေ။

"မိဂူရို" ရွာသူရွာသားများသည် တာဝန်ကျလုံခြုံရေးဝန်ထမ်း များ ရုပ်တုကြီးကို လှည်းဖြင့်တင်ဆောင် တရားရုံးတော်သို့ ရွေ့ရှ သယ်ယူသွားကြရာသို့ တကောက်ကောက် လိုက်ပါသွားကြကုန် သည်။ တရားရုံးတော်သို့ ရောက်ရှိသော "ဂျီဇို" ရုပ်တုကြီးကို တရားသူကြီးအူးကာ၏ ရှေ့မှောက်တွင် ထားရှိလိုက်သည်။ တရား ရုံးတော်သို့ "ဂျီဇို" ရုပ်တုကြီးရောက်ရှိသည့်တိုင်၊ တရားသူကြီး အူးကာ၏ အမြင်အတွေ့နေရာတွင် ထားရှိလိုက်ခြင်းဖြင့်လည်း ရုပ်တုကြီးကို ထွက်ပေါက်မရရှိစေရန် လုံခြုံရေးတင်းကြပ်ပိတ်ဆို့မှု ပြုထားခြင်းလည်း ဖြစ်ပါပေသည်။

"ရုပ်တုကြီး ... ရုပ်တုကြီးဟာ ကိုယ်ထမ်းဆောင်ရမဲ့

တာဝန်ကို ပျက်ကွက်တယ်”

တရားသူကြီးအူးကာက ရုပ်တုကြီးကို ဆူပူကြိမ်းမောင်းသည်။

“ဈေးသည်ထံက ခိုးယူသွားတဲ့ ပိုးသားအထည်အလိပ်တစ်လိပ်ကို ခိုးဝှက်သွားတဲ့သူက ပြန်လည်ပေးအပ်လာတဲ့နေ့အထိတိုင်အောင် အခုလို ကြိုးအထပ်ထပ်ရစ်ပတ် တရားရုံးတော်မှာ အစောင့်အကြပ် ထူထပ်စွာနဲ့ နေနေရမယ်”

တရားသူကြီးအူးကာက ရုပ်တုကြီးကို အမိန့်ပေးသည်။

ရုပ်တုကြီးသို့ စီရင်ချက်ချမှတ်လိုက်သည်မှာ ရယ်စရာဖြစ်နေသည်ဟု တရားရုံးတော်အတွင်းတွင် ရှိနေကြသောသူများ မှတ်ယူကြသည်။ သို့ဖြင့် ရောက်ရှိနေကြသောသူများ တရားရုံးတော်အတွင်း တိုးတိတ်စွာ နေထိုင်နားထောင်နေရန် မချုပ်တည်းနိုင်ကြတော့ပေ။ မကြာမီမှာပင် ရယ်ဖွယ်ဖွဲ့လိုက်ကြသည်။ ရယ်သံများ ထွက်ပေါ်လာ၏။

သို့နှယ် တစ်ခဲနက်ဖြစ်ပေါ်လာသော အခြေအနေကိုပင့်လျှင် တရားသူကြီးအူးကာသည် တိတ်တဆိတ်နှစ်ထောင်းအားရ ဖြစ်နေမိသည်။ သို့သော်ငြား တရားသူကြီးအူးကာ သူနှစ်ထောင်းအားရဖြစ်နေသည့် အနေအထားကို ပေါ်လွင်စွာ ရှိမနေစေရန်လည်း တစ်ဆက်တည်း စိတ်ဆိုးမာန်ဆိုး ဖြစ်ပေါ်နေသည့်အသွင် ထုတ်ဖော်

ပြသနေလိုက်သည်။

"အားလုံး တိတ်ကြစမ်း ..."

တရားသူကြီးအူးကာက သတိပေးလိုက်၏။

"အားလုံးရယ်ဖွယ်ရာ မဟုတ်တာကို ရယ်မောလိုက်ကြတယ်၊ ဒီအပြုအမူဟာ တရားရုံးတော်ကို ပမာမထား အထင်အမြင်သေးသိမ် နေလိုက်ကြတာပဲ၊ အဲ့ဒီတော့ ရောက်ရှိနေကြတဲ့သူအားလုံး တစ်ဦးကို ဒဏ်ကြေးငွေတစ်ဆယ်ကျစီ မပျက်မကွက် ပေးဆောင်ကြရမယ်"

တရားသူကြီးအူးကာက အမိန့်ထုတ်ပြန်လိုက်သည်။

"ဟာ ... အင်မတန်များတဲ့ ဒဏ်ကြေးငွေပဲ"

တရားရုံးတော်သို့ ရောက်ရှိသူများက ခါးခါးသီးသီး ပြောဆို လိုက်ကြသည်။ မကျေမနပ် ဖြစ်ကြသည်။ အများစုသည် ဒဏ်ကြေး ငွေတစ်ဆယ်တည်းဟူသောငွေကို ပေးဆောင်နိုင်သည့်အင်အား မရှိ ကြပါပေ။

"ကောင်းပြီ"

တရားသူကြီးအူးကာက စဉ်းစားပြောဆိုလိုက်သည်။

"ဒဏ်ကြေးငွေတစ်ဆယ်အစား ပစ္စည်းတစ်ခုကို ဒဏ်အနေနဲ့ ပြောင်းလဲပေးဆောင်စေရမယ်၊ မင်းတို့အားလုံး ဒုံးလက်မပတ်လည် ပိုးထည်စ တစ်စစီ ရုံးတော်ကို ပေးအပ်ကြရမယ်။ တကယ်လို့များ

တစ်ဦးတစ်ယောက်ဟာ အဲ့ဒီလို ပြောင်းလဲဒဏ်ပေးလိုက်စေတဲ့ ပိုးထည်စတစ်စကို မပေးမဆောင်နိုင်ဘူးဆိုရင် ဒဏ်ကြေးငွေ တစ်ဆယ်ကို မပျက်မကွက်ပေးဆောင်ရမယ် ဒါပဲ"

တရားသူကြီးအူးကာ၏အမိန့် အဆုံးသတ်လိုက်သည်နှင့် ရောက်ရှိနေကြသူများအားလုံး တရားရုံးတော်မှ ထွက်ခွာသွားကြ သည်။

"ခင်ဗျားက ကျုပ်အနားမှာ ရပ်နေ၊ သူတို့တစ်တွေ ပြန်လည် ယူဆောင်လာကြမဲ့ ဒဏ်ကြေးငွေဖြစ်စေ၊ ဒဏ်ပစ္စည်းပိုးပဲဖြစ်စေ လက်သင့်ခံယူရမယ်"ဟု တရားသူကြီးအူးကာက ပစ္စည်းအခိုးခံရသော ဈေးသည်ကို ပြောဆိုလိုက်သည်။ ဈေးသည်သည် တရားသူကြီး အူးကာ၏ အနီးနားမှာပဲ နေနေလိုက်သည်။

ဒဏ်ဆောင်ရန်အတွက် လူအများ တရားရုံးတော်သို့ ပြန်လည် ရောက်ရှိလာကြသည်။ တစ်ယောက်ပြီးလျှင်တစ်ယောက် ပါရှိလာ သော ဒဏ်ပစ္စည်း ပိုးထည်စကို တရားသူကြီးအူးကာသို့ ပေးအပ် ကြသည်။

ပိုးထည်စများအရေအတွက် တစ်ဝက်နီးပါးမျှလောက် ရရှိ စုစည်းပြီးချိန်တွင် ဈေးသည်သည် တရားသူကြီးအူးကာ၏အနီးသို့ တိုးကပ်လေသံမျှဖြင့် "ကျွန်တော်ဆီက ခိုးယူသွားတဲ့ ပိုးထည်စ

ရောက်ရှိနေပါပြီ တရားသူကြီးမင်းခင်ဗျာ"ဟု ပြောဆိုသည်။

ထိုခဏမှာပင် တရားသူကြီးအူးကာသည် ပြုံးလိုက်လေသည်။ နှစ်လိုဖွယ်ရာကောင်းသော အပြုံးပဲဖြစ်ပါသည်။ ဈေးသည်သည် သူယူဆောင်လာသော ပိုးထည်အထည်အလိပ်မှ နမူနာပိုးထည်စ တစ်စကို မှတ်မိနေပါသည်။

"ပိုးထည်အထည်အလိပ်တစ်လိပ်ထဲက နမူနာအစတစ်စကို ယူလာတဲ့သူကို ဖမ်းဆီးလိုက်"

တရားသူကြီးအူးကာ ချက်ချင်းအမိန့်ပေးလိုက်သည်။

ထို့နောက် ပိုးသားအထည်အလိပ်ကင်လိပ် ခိုးယူသောသူခိုး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေကြသည်။ ပျောက်ဆုံးနေသော ပိုးထည် အထည်အလိပ်တစ်လိပ်ကို ပြန်လည်တွေ့ရှိ၏။ ပိုင်ရှင်အစစ်အမှန် ဖြစ်သည့် ဈေးသည်သို့ ပြန်လည်ပေးအပ်လိုက်သည်။

စင်စစ် သက်မဲ့ရုပ်တုကြီးကိုပင်လျှင် ကျေးဇူးတင်စရာကောင်း နေသေးတော့သည်။ အကြောင်းကား ပျောက်ဆုံးသောပစ္စည်းကို ပြန်လည်ရရှိလာသည့်အတွက်ဖြစ်သည်။

တရားသူကြီးအူးကာ ကိုယ်တိုင်ပင် ရုပ်တုကြီးပေါ်တွင် အထပ် ထပ် ရစ်ပတ်ချည်နှောင်ထားရှိသမျှကို ဖြေလျှော့ပေးလိုက်ပေသည်။ ယခုအခါ ရုပ်တုကြီးသည် အနှောင်အဖွဲ့ ကင်းရှင်းပြီးလည်း ဖြစ်ပါ

သည်။ ထို့နောက် ရုပ်တုကြီးကို တရားရုံးတော်မှသည် မူလတည်ရှိခဲ့ရာ "မိဂူရို"ရွာ ကျောင်းတော်မြေ အဝန်းအဝိုင်းသို့ ပြန်လည်ပို့ဆောင်လိုက်လေသည်။

သို့နှယ် ကျော်ကြားသောမှုခင်းနှင့်ဆက်စပ်၍ ရှေးဟောင်း "ရေဒိုမြို့"တွင် ထုံးတမ်းစဉ်လာတစ်ခု ဖြစ်ပေါ်ခဲ့ပါသည်။ ယင်းမှာ ခိုးဝှက်မှု ဖြစ်ပွားလာခဲ့ပါလျှင် အမှုမှန်ပေါ်ပေါက်လာစေရန် ရုပ်တုကြီးကို ကြိုးဖြင့်တင်းတင်းကြပ်ကြပ် ရစ်ပတ်ဖွဲ့နှောင်ထားရှိလိုက်ခြင်းပဲဖြစ်သည်။ ခိုးဝှက်ယူဆောင်သွားသော ပစ္စည်းများ ပြန်လည်ရရှိသည့်အထိတိုင်ဖြစ်၏။

ထိုကဲ့သို့ ရုပ်တုကြီးမှာ ပစ္စည်းခိုးယူ ပျောက်ရှသည့်အကြိမ်တိုင်း အကြိမ်တိုင်း ကြိုးများဖြင့် တုတ်နှောင်ခံရသည့်အဖြစ်ကြောင့်ပင်ဖြစ်သည်။ ကျောက်ရုပ်တုကိုယ်ထည်မှာ ချောပွတ်ညက်သောသည့် အခြေနီးပါးအထိ ဖြစ်ပေါ်နေရပြီဖြစ်သည်။ ရုပ်တုကြီးမှာ ကြိုးဖြင့် အကြိမ်ပေါင်းမည်မျှအထိများ ချည်နှောင်ခံခဲ့ရသည်ကို ချင့်တွက်ရန်ပင်ဖြစ် သည်။

ငွေ မဟာ